ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၇ ရက်၊ စနေနေ့။ Saturday 12 January 2019 ၉၅၂၉

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် မြစ်ကြီးနားမြို့မှ နေပြည်တော်သို့ ထွက်ခွာရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မြစ်ကြီးနားလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် နေပြည်တော်သို့ ရောက်ရှိကြရာ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက မြစ်ကြီးနားလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

---

**အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၂၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းကိုးခုအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု**

စာမျက်နှာ » ၄

**လူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဆောင်ရွက်သည့် မိတ္ထီလာဆွာတောကျေးရွာသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လေ့လာ**

စာမျက်နှာ » ၇

**ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့ စတင်ဆုတ်ခွာ**



စာမျက်နှာ » ၁၂



ကြေးမုံ

# ငြိမ်းချမ်းရေးတွဲလက်များ မြဲလျက်ခိုင်မာ

ဇန်နဝါရီလ ၁၀ ရက်နေ့သည် ကချင်ပြည်နယ်၏ ပြုံးပျော်ရွှင်ဖွယ်နေ့တစ်နေ့ ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပြန်လည်စုဝေးဆုံစည်းကြ၍ ရွှင်လန်းချမ်းမြေ့ဖွယ်ရာ နေ့တစ်နေ့ဟု နှလုံးသွင်းရမည်ဖြစ်သည်။ ဤနေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်ပြီး ကချင်ပြည်နယ်အတွင်းမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးနှင့်အတူ လက်တွဲ၍ ချစ်ခင်ရင်းနှီးမှုကို လှစ်ဟပြသခဲ့ကြသည်။

ရွှင်လန်းချမ်းမြေ့ပျော်မွေ့ဖွယ်ရာ ချစ်ကြည်ရင်းနှီးမှုသည် ငြိမ်းချမ်းသာယာခြင်းပင်ဖြစ်သည်။ နိုင်ငံတစ်ဝန်း ဤသို့ပင် အသီးသီး အသကငြိမ်းချမ်းသာယာပျော်မွေ့ဖွယ်များနှင့် ပြည့်လျှံနေမည်ဆိုလျှင် ဤတိုင်းပြည်သည် ဘယ်မှာလျှင် မငြိမ်းချမ်းဘဲရှိမည်နည်း။ တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်လျှင် ဘယ်မှာလျှင်မဖွံ့ဖြိုးဘဲ ရှိနိုင်အံ့ပါမည်နည်း။ ယင်းခွန်အားဖြင့် တစ်တိုင်းပြည်လုံး တစ်ပြေးညီတူမျှ ဖွံ့ဖြိုးမှုကို ဆောင်ကြဉ်းပေးနိုင်မည်မှာ သေချာပါသည်။

(၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားတွင် "ကျွန်မတို့လိုချင်တဲ့ ခိုင်မာတဲ့အခြေအနေကိုတော့ သမ္မတကြီးမိန့်ဆိုတဲ့အတိုင်းပဲ ဆယ်စုနှစ်တစ်ခုတော့ သေသေချာချာကြိုးစားပြီး စနစ်တကျခိုင်မြဲအောင် လုပ်ဖို့က အားလုံးရဲ့တာဝန်ဖြစ်ပါတယ်။ ခရီးတစ်ခုကို စဖို့ဆိုတာ ပထမခြေလှမ်းက အရေးအကြီးဆုံးပါ။ ပြည်ထောင်စုကြီး တကယ်ခိုင်မာ၊ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စပြီးတော့လှမ်းမယ့်ခြေလှမ်းက ငြိမ်းချမ်းရေးခြေလှမ်းဖြစ်တယ်ဆိုတာ ထပ်ပြီးတော့ သတိပေးပါရစေ" ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖွံ့ဖြိုးတိုးတက်မှုအတွက် မဖြစ်မနေရယူရမည့် ငြိမ်းချမ်းရေးကို အလေးအနက်ထားပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးကို တိုင်းရင်းသားပြည်သူအားလုံး ယုံကြည်မှုဖြင့် လက်တွဲဖော်ဆောင်ကြမည်ဆိုလျှင် ဖွံ့ဖြိုးတိုးတက်မှုမှာလည်း ကျွဲကူးရေပါ လိုက်ပါဖွံ့ဖြိုးလာမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ၏ လိုလားချက်ကို နိုင်ငံတော်အစိုးရက အမြန်ဆုံးဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များကို ချက်ချင်းသော်လည်းကောင်း၊ အမြန်ဆုံးသော်လည်းကောင်း၊ အချိန်ယူ၍သော်လည်းကောင်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

(၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကချင်ပြည်နယ်မှ အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားမျိုးနွယ်စု ကိုယ်စားလှယ်များအား "မိမိတို့အနေဖြင့် ပြည်သူကို မလုပ်ပေးနိုင်ဘဲနှင့် လုပ်ပေးမည်ဟု ကတိမပြုပါကြောင်း၊ ကတိပြုထားလျှင်လည်း ဖြစ်မြောက်အောင် လုပ်ပေးမည်သာဖြစ်ပါကြောင်း၊ လုပ်ပေးနိုင်သည့်ကိုသာ ကတိပြုပေးပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက်ကိုပါ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မျှမျှတတဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း" ကတိပေးပြောကြားထားသည်။

ယုံကြည်မှုဖြင့် ပွင့်လင်းမြင်သာစွာ ဆက်ဆံနေထိုင် လုပ်ကိုင်ကြခြင်းသည် ပြည်ထောင်စုအတွက် ကောင်းခြင်းလက္ခဏာများပင်ဖြစ်သည်။ ကချင်ပြည်နယ်တွင် ဘာသာမတူ၊ လူမျိုးမတူသော်လည်း ယခုကဲ့သို့ သင့်သင့်မြတ်မြတ်၊ ပျော်ပျော်ရွှင်ရွှင်၊ ပွင့်ပွင့်လင်းလင်း ယှဉ်တွဲနေထိုင်ပေါင်းသင်းဆက်ဆံကြသည်ကို မြင်တွေ့ရသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ ဤသည်ပင် ပြည်ထောင်စုကြီးအတွင်းတွင် အတူယှဉ်တွဲနေထိုင်သော တိုင်းရင်းသားများ၏ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကချင်ပြည်နယ်ခရီးစဉ်သည် ကချင်ပြည်နယ်အတွင်းမှ ပြည်ထောင်စုတိုင်းရင်းသားများနှင့် ချစ်ကြည်ရင်းနှီးမှု၊ လက်ရည်တစ်ပြင်တည်း အတူယှဉ်တွဲ၍ ပျော်ရွှင်စွာ ဆက်ဆံမှုတို့ကို ဖော်ညွှန်းပြသခဲ့သည်ဖြစ်ရာ ထိုချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တနေသည့် စစ်မှန်သောငြိမ်းချမ်းရေး၊ တစ်ပြေးညီတူမျှ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# (၄၇) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

(၄၇)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။



### လက်တွေ့အသုံးချ

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနအနေဖြင့် ဆေးနှင့် ဆေးနှီးနွယ်တက္ကသိုလ်များ၊ ကျောင်းများနှင့် ဆေးရုံများအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဌာနအသီးသီးတို့တွင် သုတေသနပြုလုပ်သည့် သုတေသနယဉ်ကျေးမှု ပိုမိုဖွံ့ဖြိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ် တစ်ရပ်လုံး၏ စွမ်းဆောင်ရည်နှင့် ထိရောက်အကျိုးရှိမှု ပိုမိုမြင့်မားရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သော ကျန်းမာရေး သုတေသနကဏ္ဍကြီး ပိုမိုအဆင့်မြင့်မားတိုးတက်ရန် လမ်းပြမြေပုံ ချမှတ်ဆောင်ရွက်ရာတွင် အားလုံး ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ယခုပြုလုပ်သော ကျန်းမာရေး သုတေသနညီလာခံကြီးသည် သုတေသနပညာရှင်များ၊ ဆေးပညာရှင်များ၊ စီမံခန့်ခွဲသူများအတွက် အတွေ့အကြုံနှင့် အသိပညာများ မျှဝေရာနေရာကြီးလည်းဖြစ်ကြောင်း၊ ညီလာခံတွင် တင်ပြဆွေးနွေးကြသည့် သုတေသနတွေ့ရှိချက်များနှင့် အကြံပြုချက်များကို နေ့စဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင် လက်တွေ့အသုံးချဆောင်ရွက်ရန် လိုအပ်ကြောင်း။

အသုံးချ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ခွင့်ပြုဘဏ္ဍာငွေကျပ်သန်း ၁၀၀၀၊ ၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ငွေကျပ် သန်း ၅၀၀၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၁၅၀၀ ကို ခွင့်ပြုချထားပေးခဲ့ပြီး လာမည့်ဘဏ္ဍာနှစ်အတွက်လည်း ပိုမိုခွင့်ပြုချထားပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ ဘဏ္ဍာငွေများကို အသုံးပြု၍ ဝန်ကြီးဌာနရှိ စီမံချက်လုပ်ငန်းများ၏ စီမံခန့်ခွဲအုပ်ချုပ်မှု၊ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ ဆေးနှင့်ဆေးပစ္စည်းကိရိယာစီမံခန့်ခွဲမှု စွမ်းဆောင်ရည်များ ပိုမိုတိုးတက်မြင့်မားရန်အတွက် လက်တွေ့အသုံးချ သုတေသနများ တိုးမြှင့်လုပ်ဆောင်ကြရန်၊ INGO/ NGO များ၊ အခြားအဖွဲ့အစည်းများအနေဖြင့်လည်း ဆေးသုတေသနဦးစီးဌာန၏ လူပုဂ္ဂိုလ်များအပေါ် သုတေသနစမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီ၏ (သို့မဟုတ်) ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၏ Institutional Review Board များထံမှ စိစစ်ခွင့်ပြုချက်ကို ရယူပြီး ကျန်းမာရေးသုတေသနများ ပိုမို တိုးမြှင့်လုပ်ဆောင်သွားကြရန် တိုက်တွန်းကြောင်း။

### သုတေသနများဆောင်ရွက်

နိုင်ငံတကာမှ တက္ကသိုလ်များ၊ အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ဆေးကုမ္ပဏီ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းချိတ်ဆက်၍ multi-centric သုတေသနများ ဆောင်ရွက်သွားကြစေလိုကြောင်း၊ ကျန်းမာရေး သုတေသနလုပ်ငန်း ကဏ္ဍများသည် ဝန်ကြီးဌာန၏ လိုအပ်ချက်နှင့် အမျိုးသားကျန်းမာရေး စီမံကိန်းပါလုပ်ငန်းများကို ဖြည့်ဆည်းအထောက်အကူပြုရန်အတွက် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ မှာယူဖြန့်ဖြူးခြင်း၊ နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် ရောဂါအမျိုးအစား၊ ဖြစ်ပွားသည့်နေရာဒေသနှင့် ဖြစ်ပွားမှုနှုန်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်၊ လက်ရှိအင်အားနှင့် ခွဲဝေနေရာချထားမှု အခြေအနေ၊ ဝန်ကြီးဌာန၏ စီမံခန့်ခွဲအုပ်ချုပ်ပုံစနစ်၊ ဆေးရုံဖွဲ့စည်းတည်ဆောက်ပုံ အနေအထားနှင့် လူနာများလွယ်ကူ မြန်ဆန်စွာစမ်းသပ်စစ်ဆေးကုသမှုခံယူနိုင်သည့် အခြေအနေ၊ အရေးပေါ်ဌာနများတွင် လူနာများကို စနစ်တကျစီမံခန့်ခွဲစောင့်ရှောက် ပေးနိုင်မှု အခြေအနေ၊ ဝန်ကြီးဌာန၏ လူ့စွမ်းအားနှင့် ဘဏ္ဍာငွေ အရင်းအမြစ်အပါအဝင် အရင်းအမြစ်များ ခွဲဝေသုံးစွဲမှုအခြေအနေ အစရှိသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်း တိုက်တွန်းလိုကြောင်း။

### ပညာသင်များစေလွှတ်

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန မှတ်ပုံတင်စနစ်ကိုလည်း ဆောင်ရွက်လျက်ရှိပြီး သုတေသနဆောင်ရွက်မှု အားနည်းလျက်ရှိသော အရေးကြီးကဏ္ဍများကို စိစစ်သုံးသပ်ပြီး ဦးစားပေးဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်)တွင် သုတေသနဆိုင်ရာစွမ်းရည်မြှင့် certificate သင်တန်းများ စတင်ပြုလုပ်လျက်ရှိပြီး နိုင်ငံတကာ တက္ကသိုလ်များနှင့်လည်း ချိတ်ဆက်၍ ပညာသင်များ စေလွှတ်သင်ကြားလျက်ရှိကြောင်း။

ယခုညီလာခံကြီးတွင် ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် အရေအတွက်သာမကအရည်အသွေးပါ မြင့်မားလာသည်ကိုတွေ့ရှိရကြောင်း၊ အနာဂတ်မျိုးဆက်သစ် လူငယ်များတွင် သုတေသနလုပ်ငန်းများကို စိတ်ပါဝင်စားမှု ရှိစေရန်အတွက်ကိုလည်း ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ထားရှိပြီးသောသုတေသနများမှ တွေ့ရှိချက်နှင့် အကြံပြုချက်များကိုလက်တွေ့အသုံးချမှု စောင့်ကြည့် ဆန်းစစ်သုံးသပ်ရေး ကော်မတီတစ်ခုဖွဲ့စည်း၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### ပူးပေါင်းဆောင်ရွက်

ယခုညီလာခံ၏ ခေါင်းစဉ်ဖြစ်သော "Ensure WASH: A global agenda to improve quality of life"နှင့် အညီ ရေ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းကဏ္ဍများမှ လစ်ဟာချက်များ၊ လိုအပ်ချက်များကိုအစိုးရ၊ ပညာရပ်နယ်ပယ် အသီးသီးမှ ပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်၍ လူနေမှုဘဝ အရည်အသွေးမြင့်မားတိုးတက်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

(၄၇) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးသုတေသန ညီလာခံကို ဇန်နဝါရီ ၁၁ ရက် အထိ ဆေးသုတေသန ဦးစီးဌာန(ရန်ကုန်)တွင် ပြုလုပ်ရာ သဘာပတိအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တွဲဖက်သဘာပတိအဖြစ် ဆေးသုတေသနဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးတို့က ဆောင်ရွက်ကြပြီး ကျန်းမာရေးသုတေသနစာတမ်း ၁၄၁ ခုနှင့် ပိုစတာ ၉၀ တို့ကိုဖတ်ကြားတင်ပြခြင်း၊ နှီးနှောဖလှယ်မှုအစီအစဉ် (Symposium) ၁၀ ခုနှင့် ဟောပြောပွဲ (Scientific Talks) ရှစ်ခုတို့ပါဝင်ကြောင်း သိရသည်။

အဆိုပါ ညီလာခံသို့ မြန်မာနိုင်ငံမှ ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များ၊ INGO/NGO များနှင့် အမေရိကန်၊ ဂျပန်၊ ဩစတြေးလျ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ယူကေ၊ ကိုရီးယားနိုင်ငံများမှ သုတေသနပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၁၁**

ရန်ကုန်(ရွှေဈေး) ၁၀၄၅၀၀၀ - ၁၀၄၅၀၀၀ မန္တလေး(ရွှေဈေး) ၁၀၄၅၀၀၀ - ၁၀၄၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၉၀ ကျပ် | ၉၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၀/၇၉၀ ကျပ် | ၈၃၅/၈၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၄၅/၇၁၀ ကျပ် | ၇၄၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၉၀၀ ကျပ် | ၉၁၀/၉၁၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၁၀/၈၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၀/၈၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၈၀/၆၉၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၁.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၆၁.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၅.၅၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၉၁၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၃.၃၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၇၃၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၂.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၉၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၉.၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၂.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

❍ **ကျောဖုံးမှ**

စီးပွားရေးလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး ယှဉ်ပြိုင်နိုင်မှုစွမ်းရည်၊ ထုတ်လုပ်မှုစွမ်းဆောင်ရည်များကို မြှင့်တင်ရန်နှင့် တိုင်းပြည်၏ဝင်ငွေ ပိုမိုရှာဖွေနိုင်ရန်၊ ကျေးလက်ဒေသနေ ပြည်သူများအပါအဝင် ပြည်သူအားလုံးက ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြုပြီး လူနေမှုအဆင့်အတန်း မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း။

**အကျိုးအမြတ် ပိုမိုရရှိ**

၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများအနေဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးမှရရှိသည့် ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံရှိပြီး ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ တစ်ထရီလီယံအထိ တိုးမြင့်လာမည်ဟု ခန့်မှန်းထားပါကြောင်း၊ အလားတူ ၂၀၁၆ ခုနှစ် တစ်ကမ္ဘာလုံး၏ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းမှရရှိသည့် ဝင်ငွေသည် တစ်ကမ္ဘာလုံး ဂျီဒီပီ၏ ၁၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်းအထိ တိုးမြင့်လာမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါကြောင်း၊ ကမ္ဘာပေါ်တွင် ဒစ်ဂျစ်တယ်စီးပွားရေးတိုးတက်မှုနှုန်းသည် အခြားစီးပွားရေးကဏ္ဍများ၏ တိုးတက်မှုထက် ၂ ဒသမ ၅ ဆပိုမြင့်ပြီး ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းက အခြားစီးပွားရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်းထက် ၆ ဒသမ ၇ ဆ အကျိုးအမြတ် ပိုမိုရရှိသည်ဟု စစ်တမ်းများအရ လေ့လာသိရှိရပါကြောင်း။

ထို့ပြင် ဒစ်ဂျစ်တယ်နည်းပညာတိုးတက်မှုကြောင့် နောင်လာမည့် ဆယ်စုနှစ် လူသားမျိုးနွယ်အတွင်း ပြောင်းလဲတိုးတက်မှုများသည် ကမ္ဘာ့သမိုင်းတစ်လျှောက် ပြောင်းလဲမှုများအနက် အလျင်မြန်ဆုံးပြောင်းလဲမှုများ ဖြစ်လာလိမ့်မည်ဟု ပညာရှင်များက ခန့်မှန်းထားပါကြောင်း၊ အဆိုပါ တိုးတက်ပြောင်းလဲမှုလှိုင်းများတွင် မိမိတို့နိုင်ငံအနေဖြင့် နောက်ကျမကျန်ရစ်စေရန်နှင့် စဉ်ဆက်မပြတ် လိုက်ပါနိုင်ရန် ကြိုးပမ်းအားထုတ်ရန် လိုပါကြောင်း။

**အားသာချက်တစ်ခုဖြစ်**

ဒစ်ဂျစ်တယ်စီးပွားရေးသည် ကဏ္ဍတိုင်းတွင် တိုးတက်မှုရှိအောင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဆန်းသစ်ပြောင်းလဲခြင်းဖြစ်ပါကြောင်း၊ Digital Economy (ဒစ်ဂျစ်တယ်စီးပွားရေး)ကို တချို့က Digital Trade၊ e-Commerce ဟုလည်း ပြောဆိုကြပါကြောင်း၊ ထို့ပြင် Digital Economy တွင် e- Government၊ e-Community တို့လည်း ပါဝင်မည်ဖြစ်ပြီး အရေးကြီးသည့်ကဏ္ဍတစ်ခုမှာ စတုတ္ထမြောက် စက်မှုတော်လှန်ရေး (4th Industrial Revolution) ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် မိုဘိုင်းဖုန်းသုံးစွဲသူအားလုံး၏ ၈၀ ရာခိုင်နှုန်းအထက်သည် Smart Phone များ သုံးစွဲနေခြင်းဖြစ်ပြီး အဆိုပါရာခိုင်နှုန်းသည် အရှေ့တောင်အာရှနှင့် အိမ်နီးချင်းနိုင်ငံများအကြား မြင့်မားသည့်နှုန်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းအချက်သည် မိမိတို့နိုင်ငံ၏ ဒစ်ဂျစ်တယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ခုန်ပျံကျော်လွှား(Leapfrog) လုပ်နိုင်ရန် အကောင်းဆုံးအခွင့်အရေးတစ်ခု၊ အားသာချက်တစ်ခု ဖြစ်ပါကြောင်း၊ ယင်းအားသာချက်အပေါ် မူတည်ပြီး စတုတ္ထမြောက် စက်မှုတော်လှန်ရေးအသွင်ကူးပြောင်းမှုကို လိုက်ပါဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် စက်မှုအသွင်ကူးပြောင်းမှုတိုင်းတွင် ပြည်သူများအတွက် လိုအပ်သည့်ကျွမ်းကျင်မှုနှင့် နည်းပညာအသစ်များ ရရှိနိုင်ရန် ဒစ်ဂျစ်တယ်နည်းပညာနှင့် အပြန်အလှန် ချိတ်ဆက်ထားသည့် လူ့အဖွဲ့အစည်းတစ်ခုဖြစ်အောင် ဖန်တီးပေးရန် လိုအပ်ပါကြောင်း၊ သို့မှသာ မြို့ပြနှင့် ကျေးလက်နေပြည်သူများက လူမှုကွန်ရက်နှင့် ဖျော်ဖြေရေးအဆင့်များထက် ကျော်လွန်ပြီး ပိုမိုအကျိုးရှိသည့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုဆိုင်ရာ အီလက်ထရွန်နစ်ကုန်သွယ်ရေး၊ အီလက်ထရွန်နစ်ကျန်းမာရေး၊ အွန်လိုင်းပညာရေးနှင့် အခြားသောဝန်ဆောင်မှုများကိုပါ လက်လှမ်းမီနိုင်လာမည်ဖြစ်ပါကြောင်း။

ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြုပြီး ဒစ်ဂျစ်တယ်စီးပွားရေးထူထောင်ကာ တိုင်းပြည်၏ဝင်ငွေရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အလားတူနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ ခရီးသွားလုပ်ငန်းများနှင့် SME စက်မှုလက်မှုလုပ်ငန်းများကို နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြန်လည်မြှင့်တင်ပေးသွားရမည် ဖြစ်ပါကြောင်း။

အထူးသဖြင့် e-Commerce၊ Digital Payment၊ Digital Market များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်အောင် အားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အစိုးရဌာနများ၏ ပြည်သူ့ဝန်ဆောင်မှုများ၊ ငွေပေးချေမှုများကို ဒစ်ဂျစ်တယ်ကွန်ရက်ပေါ်မှ အသုံးပြုနိုင်အောင် အားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**အခြေအနေကောင်းများဖန်တီး**

မိမိတို့နိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍ ဖြစ်ထွန်းလာအောင် နည်းပညာနှင့်ဆိုင်သည့် လုပ်ငန်းသစ်များပေါ်ထွက်လာရန် တီထွင်ဖန်တီးနိုင်မှုနှင့် စွန့်ဦးတီထွင်နိုင်မှုစွမ်းရည်ရှိသည့် စီးပွားရေးဂေဟစနစ် (Innovation & Entrepreneurship Ecosystem) ရှင်သန်ရန် လိုအပ်ပါကြောင်း။

ထို့ပြင် ကဏ္ဍတိုင်း ဒစ်ဂျစ်တယ်စနစ်အသွင်ကူးပြောင်းနိုင်ရန် (Digital Transformation) လိုအပ်ပါကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးဂေဟစနစ် (Digital Economy Ecosystem) ရှင်သန်လာအောင် နိုင်ငံတကာနည်းပညာကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံလာစေရန်၊ နိုင်ငံ

> ❛ မိမိတို့နိုင်ငံတွင် မိုဘိုင်းဖုန်းသုံးစွဲသူအားလုံး၏ ၈၀ ရာခိုင်နှုန်းအထက်သည် Smart Phone များ သုံးစွဲနေခြင်းဖြစ်ပြီး အဆိုပါရာခိုင်နှုန်းသည် အရှေ့တောင်အာရှနှင့် အိမ်နီးချင်းနိုင်ငံများအကြား မြင့်မားသည့်နှုန်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းအချက်သည် မိမိတို့နိုင်ငံ၏ ဒစ်ဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ခုန်ပျံကျော်လွှား (Leapfrog) လုပ်နိုင်ရန် အကောင်းဆုံးအခွင့်အရေးတစ်ခု၊ အားသာချက်တစ်ခုဖြစ်ပါကြောင်း၊ ယင်းအားသာချက်အပေါ် မူတည်ပြီး စတုတ္ထမြောက် စက်မှုတော်လှန်ရေးအသွင်ကူးပြောင်းမှုကို လိုက်ပါဆောင်ရွက်ရမည် ❜

တကာမှ ရင်းနှီးမြှုပ်နှံမည့် ငွေကြေးအရင်းအမြစ်များ ဝင်ရောက်လာစေရန်နှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် စီးပွားရေးပတ်ဝန်းကျင် အခြေအနေကောင်းများ ဖန်တီးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော်ရာတွင် တစ်ဖက်ကိုပြန်ကြည့်ပါက သမားရိုးကျ ရောင်းဝယ်ပြုလုပ်နေသည့် လုပ်ငန်းများဆုံးရှုံးခြင်း၊ သတင်းအချက်အလက်နည်းပညာနှင့် အကျွမ်းတဝင်မရှိသည့် လုပ်သားများ အလုပ်လက်မဲ့ဖြစ်လာနိုင်ခြင်းစသည့် Digital Disruption ကြောင့် ဖြစ်လာနိုင်သည့် သက်ရောက်မှုများကို မျှော်မှန်းပြီး မိမိနိုင်ငံနှင့် အသင့်လျော်ဆုံးဖြစ်စေမည့် အစီအမံများကို ရေရှည်အတွက် မြော်တွေးပြီး စဉ်းစားဆောင်ရွက်ထားရန်လည်း လိုအပ်ပါကြောင်း၊ ယင်းစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် လူငယ်များကို တီထွင်ကြံဆနိုင်မှု အတွေးအခေါ်များ ရှင်သန်လာအောင် ဖန်တီးပေးသွားရမည်ဖြစ်ပါကြောင်း၊ စွန့်ဦးတီထွင်မှုနှင့်ပတ်သက်ပြီး ကူးသန်းရောင်းဝယ်မှု၊ စက်မှု၊ ကုန်သွယ်မှုတို့သာမက ကဏ္ဍမျိုးစုံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လေ့ကျင့်ပျိုးထောင်ပေးကြရမည် ဖြစ်ပါကြောင်း။

**တရားဝင်ထုတ်ပြန်**

နိုင်ငံတော်သမ္မတရုံး၏ ၂၃-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၄/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့် e-Government ဦးဆောင်ကော်မတီ၊ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီတို့နှင့် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီတို့ ချိတ်ဆက်ပြီး လုပ်ငန်းများထိရောက်အောင် ဆောင်ရွက်နိုင်ရန်နှင့် ကော်မတီများ၏ လုပ်ငန်းစဉ်များအကြား Overlap မဖြစ်စေရန်၊ ပုဂ္ဂလိကကဏ္ဍနှင့် ပိုမိုချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ရန် ကော်မတီအနေဖြင့် လိုအပ်သည့် အဖွဲ့ဝင်များကို ထပ်မံဖြည့်စွက်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် ပုဂ္ဂလိကပညာရှင်ကဏ္ဍအပိုင်းကလည်း အစိုးရဝန်ထမ်းများ၊ နည်းပညာတက္ကသိုလ်မှ ကျောင်းသားများအတွက် Capacity Development ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ရန်ကုန်မြို့ရှိ နည်းပညာတက္ကသိုလ်များနှင့် ဆေးရုံများတွင် မြန်နှုန်းမြင့်ဖိုင်ဘာကွန်ရက်ချိတ်ဆက်ခြင်းနှင့် စာသင်ကျောင်းများတွင် အင်တာနက်အသုံးပြုနိုင်ရန် နိုင်ငံတကာ နည်းပညာကုမ္ပဏီများနှင့်ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် Innovation Center များ ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒစ်ဂျစ်တယ်မြန်မာအစီရင်ခံစာကို တရားဝင်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

**ပကတိအခြေအနေနှင့်ကိုက်ညီ**

ယနေ့ အစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်၏ အားသာချက်များ၊ လိုအပ်ချက်များနှင့် စိန်ခေါ်မှုများ၊ လက်ရှိဆောင်ရွက်နေမှုများအပေါ် ချိန်ဆပြီး မိမိနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီစေမည့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လမ်းပြမြေပုံ(မူကြမ်း)ကို အတည်ပြုနိုင်ရန်ဖြစ်ပါကြောင်း၊ ယင်းလမ်းပြမြေပုံသည်လည်း အမြဲတမ်း ဆက်လက်ပြင်ဆင်မွမ်းမံသွားနိုင်မည့် Living Document တစ်ခုဖြစ်ပါကြောင်း။

**ဝိုင်းဝန်းဆွေးနွေး**

ကော်မတီ၏ လမ်းပြမြေပုံတွင် မဟာဗျူဟာ အခြေခံမူဘောင် (Strategy Framework) ၆ ရပ်၊ ဆောင်ရွက်သွားမည့် ဦးစားပေးနယ်ပယ် ၉ ခု၊ မဟာဗျူဟာအလိုက် ရေတိုရေရှည်ဆောင်ရွက်သွားမည့် လက်တွေ့လုပ်ငန်းစဉ်များ (Action Plans) ပါဝင်မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက မိမိနှင့် သက်ဆိုင်သည့်ကဏ္ဍအလိုက် Focal Ministry အဖြစ် ပုဂ္ဂလိက ပညာရှင်များနှင့်ပူးပေါင်းပြီး လမ်းပြမြေပုံပါ ကာလတို၊ ကာလရှည် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သွားရမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသည့် ကော်မတီဝင်များအနေဖြင့် ကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ကြုံတွေ့လာနိုင်သည့် အခက်အခဲများ၊ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေး တင်ပြပေးစေလိုပါကြောင်း။

ဒစ်ဂျစ်တယ်စီးပွားရေးနှင့် နိုင်ငံ၏စီးပွားရေးကို အကျိုးပြုရန်အတွက် လမ်းပြမြေပုံအတိုင်း ရည်မှန်းထားသည့်ကာလတွင် ရည်မှန်းထားသည့်ရလဒ်များ ပေါ်ထွက်လာအောင် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီအနေဖြင့် တက်ကြွသည့် ဦးဆောင်မှုအခန်းကဏ္ဍကနေပြီး သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့်အတူ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်များကို မိမိတိုင်းပြည်၊ မိမိလူမျိုးအတွက် တိုးတက်စေချင်သည့် ဆန္ဒ၊ ဝီရိယ၊ ကြိုးစားမှုများနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်ပါက မိမိတို့နိုင်ငံကြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက မိမိတို့နိုင်ငံအနေဖြင့် Master Plan on ASEAN Connectivity 2025 ပြည့်မီစေရန် နေ့စဉ်လူနေမှုဘဝတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရန်၊ စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်နည်းပညာကို ထိရောက်စွာအသုံးပြုရန်၊ Digital Ecosystem ဖြစ်ထွန်းစေရန်၊ Digital Government၊ ဒစ်ဂျစ်တယ်ပညာရေးစနစ်၊ ဒစ်ဂျစ်တယ်ဘဏ္ဍာရေးစနစ်များ ဖြစ်ထွန်းစေရန်နှင့် ဒစ်ဂျစ်တယ်စနစ်ကို နိုင်ငံသူနိုင်ငံသားများ တွင်ကျယ်စွာအသုံးပြုနိုင်ရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ကာလတိုအနေဖြင့် ဦးစားပေးဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ကော်မတီဝင် ဦးမြမိုးအောင်က ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လမ်းပြမြေပုံနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးမှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပုဂ္ဂလိကပညာရှင်များက ဆိုက်ဘာလုံခြုံရေး၊ အခြေခံပညာကျောင်း သင်ရိုးညွှန်းတမ်းများတွင် ဒစ်ဂျစ်တယ်အသိပညာများ ထည့်သွင်းသင်ကြားရေး၊ နိုင်ငံတကာနှင့် e-Commerce လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှု၊ Myanmar e-Trade နှင့်ပတ်သက်၍ ဆောင်ရွက်ထားမှု၊ ခေတ်မီ ICT နည်းပညာများဖြင့် အခွန်ထမ်းပြည်သူများအား ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်မှု၊ ဝေးလံသောဒေသများရှိ စာသင်ကျောင်းများတွင် အင်တာနက်အသုံးပြုနိုင်ရေး ဆောင်ရွက်မှုနှင့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

**မူဝါဒများချမှတ်ရန် လိုအပ်**

တင်ပြချက်များကိုသုံးသပ်ဆွေးနွေးရာတွင် ဒုတိယသမ္မတက Data Center များ တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပခဲ့သော စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်မီရေးကော်မတီအစည်းအဝေးတွင် မိမိဆွေးနွေးခဲ့ဖူးပါကြောင်း၊ Data Centerများ တည်ထောင်ခြင်းကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားရန် လိုအပ်ပါကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်လိုအပ်သကဲ့သို့ တစ်ဖက်မှာလည်း ဆိုက်ဘာလုံခြုံရေးသည် အရေးကြီးသဖြင့် ဟန်ချက်ညီအောင် ထိန်းညှိဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဆိုက်ဘာလုံခြုံရေးနှင့် ပတ်သက်ပြီး လက်ရှိဆောင်ရွက်ထားမှု အခြေအနေကို လုံလောက်မှုရှိ၊ မရှိ ပြန်လည်သုံးသပ် စဉ်းစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဆိုက်ဘာလုံခြုံရေးနှင့် ပတ်သက်၍ မူဝါဒများချမှတ်ရန် လိုအပ်ပါက မြန်မြန်ချမှတ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် တင်ပြဆွေးနွေးသည့်အချက်များကို မြန်မာဒစ်ဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံတွင် ဖြည့်စွက်ထည့်သွင်းသွားရန်နှင့် လုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဌာန၊ အဖွဲ့အစည်းများကိုလည်း သတ်သတ်မှတ်မှတ် တာဝန်ပေးဖွဲ့စည်းဆောင်ရွက်သွားရန် မှာကြားသည်။ **သတင်းစဉ်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**သနပ်ပင် ဇန်နဝါရီ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်ကွပ်ကဲမှုအောက်ရှိ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒု-၁၂ လပတ်တွင် သနပ်ပင်မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများဖြစ်သော ကျိုက်ပဒိုင်ကြီး၊ လှဖင်းဘောင်၊ ကလိုင်၊ တောဘုတ်စု၊ ဇီးပင်၊ လောင်မီး၊ မိုးခိုင်လေး၊ ကုလားချောင်းလေး၊ ဝဲပြန်၊ ရွှေလှေစု၊ ကျုံပါချောင်းဝ၊ အောက်တကဲ၊ အောင်ဘုံကြီး၊ အထက်ကျုံပါကျေးရွာများအား စီမံကိန်းလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်ထောက်ပံ့ငွေအဖြစ် တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ စီအား ဇန်နဝါရီ ၉ ရက်တွင် သက်ဆိုင်ရာကျေးရွာများ၏ ငွေစာရင်းရှင်အမှတ်များသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်းနှင့် အဆိုပါစီမံကိန်းအား နိုင်ငံတော်ထောက်ပံ့ငွေ၊ ကျေးရွာထည့်ဝင်ငွေများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါပေးအပ်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

**လှမိုး(ပြန်/ဆက်)**



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဝန်ကြီးဌာနများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန ၁၂ ခုမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### သုံးဦးသုံးဖလှယ်ဆောင်ရွက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယခုအစည်းအဝေးမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည့် ဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးခြင်း ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မဟာဗျူဟာစီမံကိန်း(၂၀၁၉-၂၀၂၂)ကို ရေးဆွဲခဲ့ကြောင်း၊ မဟာဗျူဟာစီမံကိန်းကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ရွေးကောက်ပွဲအလွန် အကြံပြုချက်များအပေါ် သုံးသပ်ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ မဟာဗျူဟာ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန များ၏ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍမှာ အရေးကြီးပါကြောင်း၊ ကော်မရှင် အနေဖြင့် မဲစာရင်းပြုစုခြင်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ်မှ စတင်ဆောင်ရွက် လျက်ရှိပြီး ကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနတို့က သုံးဦးသုံးဖလှယ်ဆောင်ရွက်မှသာ မှန်ကန်သည့်မဲစာရင်း ရရှိမည်ဖြစ်ကြောင်း။

### စံ(၅)ချက်

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံ(၅)ချက်ဖြစ်သည့် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများ ယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့်ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေး ဆောင်ရွက်လျက်ရှိရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် အဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်နေသော ဝန်ကြီးဌာနများမှ ဝန်ထမ်းများအနေဖြင့် အပြည့် အဝ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၅ တွင် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများတွင် အဖွဲ့ဝင်အဖြစ် သော်လည်းကောင်း၊ ရွေးကောက်ပွဲတာဝန်များကို ထမ်းဆောင်သော ဝန်ထမ်း အဖြစ်သော်လည်းကောင်း ပါဝင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

### ရဲရဲတင်းတင်း မှန်မှန်ကန်ကန်ဆောင်ရွက်

အလားတူ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၇ တွင် တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် စွမ်းဆောင်နိုင်သမျှ ထမ်းဆောင်သော ကော်မရှင်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ယင်းတို့၏ အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲခုံအဖွဲ့နှင့် ရွေးကောက်ပွဲခုံအဖွဲ့ဝင်များ၊ မဲရုံမှူးအပါအဝင် မဲရုံ အဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအတွက် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း မခံထိုက်စေရဟု ပြဋ္ဌာန်းထားသည့် အတွက် ရွေးကောက်ပွဲလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရဲရဲတင်းတင်း မှန်မှန်ကန်ကန် ဆောင်ရွက်ကြစေလိုကြောင်း၊ မဟာဗျူဟာစီမံကိန်းတွင် အခန်း(၁၁)ခန်း ပါဝင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ကူညီဆောင်ရွက်ရမည့်ကဏ္ဍ များကို သိရှိနေရန်အတွက် ကြိုတင်ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်ကြစေလို ကြောင်း ပြောကြားသည်။

### ဆွေးနွေးအကြံပြု

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် စီစဉ် ဆောင်ရွက်ထားမှုများနှင့် မဟာဗျူဟာစီမံကိန်းပါ အခန်းများနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးအကြံပြုကြသည်။ ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၂၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းကိုးခုအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု



**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၁၉)အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါလုပ်ငန်းများတွင် အသားထုပ်ပိုးခြင်းလုပ်ငန်း၊ ဆန်နှင့် ဆန်ဆက်စပ်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်း၊ တိရစ္ဆာန်အစားအစာ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ကြက်သားပေါက် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အထည်ထုတ်လုပ်ခြင်း လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ LPG တင်သွင်း သိုလှောင်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း၊ ကုန်လှောင်ရုံနှင့် ထောက်ပံ့ပို့ဆောင်မှု ဝန်ဆောင်မှုလုပ်ငန်းနှင့် မော်တော်ယာဉ်စက်ပြင်သင်တန်းကျောင်းလုပ်ငန်းတို့ ပါဝင်သည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၂၂၇ ဦး ဖန်တီးပေးနိုင်မည့် လုပ်ငန်းကိုးခုအား ခွင့်ပြုခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ၁၁ ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**

# လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်(အိုင်စီအိုအီး)က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၁**

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်(အိုင်စီအိုအီး)က ဇန်နဝါရီလ ၁၀ ရက်နေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် ၏ ငါးကြိမ်မြောက်အစည်းအဝေးကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ဇန်နဝါရီလ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ကြောင်း၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်တွေ့ဆုံပြီး ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေး၊ လုံခြုံရေးနှင့် ရခိုင်ပြည်နယ်အတွင်းသို့ ပြန်လည်ရောက်ရှိလာသူ များအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးရေးနှင့် လူမှုဆိုင်ရာသဟဇာတ ဖြစ်ရေး စသည်တို့နှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရေး ကော်မတီ၏ လုပ်ဆောင်ချက်များကို ဒေါက်တာဝင်းမြတ်အေးက အသေးစိတ် ရှင်းပြခဲ့ကြောင်း။

ထို့ပြင် စုံစမ်းစစ်ဆေးရေးကော်မရှင်သည် စစ်ဘက်ဆိုင်ရာ စုံစမ်း စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးအေးဝင်းနှင့်တွေ့ဆုံရာတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအပေါ် စုံစမ်းစစ်ဆေးမှုများနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များကို ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းက ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ယင်းနောက် လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့သည် မောင်တောစုံစမ်းစစ်ဆေးရေးကော်မရှင် (၂၀၁၆) အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် တွေ့ဆုံရာတွင် ၎င်းထံမှရရှိသည့် သတင်း အချက်အလက်များမှာ ပြည့်စုံပြီး အသုံးဝင်သည့်အပြင် ကော်မရှင်၏လုပ်ငန်းများ ကို အထောက်အကူဖြစ်စေကြောင်း၊ နိုင်ငံတော် သမ္မတဟောင်း၏ အကြံပေး ပုဂ္ဂိုလ် ဒေါက်တာကျော်ရင်လှိုင်နှင့် တွေ့ဆုံရာတွင် ၎င်း၏အတွေ့အကြုံများ မှရရှိခဲ့သော သင်ခန်းစာများသည် ကော်မရှင်အတွက် အသုံးဝင်ပါကြောင်း။

အလားတူ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်သည် နိုင်ငံတကာ ကြက်ခြေနီ ကော်မတီဌာနေကိုယ်စားလှယ် မစ္စတာ စတီဖန်ဆာ ကာလီရင်နှင့် တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်း နိုင်ငံတကာကြက်ခြေနီ ကော်မတီ၏ လုပ်ငန်းဆောင်တာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း၊ တစ်ချိန်တည်းမှာပင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်သည် ရခိုင်ပြည်နယ်အရေး သက်သေအထောက်အထား ရှာဖွေစိစစ်အတည်ပြုရေး အဖွဲ့၏ လုပ်ငန်းတိုးတက်မှုနှင့် လုပ်ငန်းလိုအပ်ချက်အရ ဝန်ထမ်းခန့်အပ်မှု အခြေအနေတို့ကိုလည်း ဆွေးနွေးခဲ့ကြကြောင်း၊ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့ခရီးစဉ်နှင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်သို့ ဒုတိယအကြိမ် ခရီးစဉ်တို့နှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း။

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်သို့ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ **"တင်ပြရန်ဖိတ်ခေါ်ခြင်း"** တင်သွင်းရမည့်နောက်ဆုံးရက်ကို ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်ခဲ့ ကြောင်း စသည်ဖြင့် အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **သတင်းစဉ်**

# (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် နိုင်ငံ့ခေါင်းဆောင်များမှဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။**

**ယူကရိန်းနိုင်ငံ**

နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ ယူကရိန်းနိုင်ငံ သမ္မတ ပီထရိုပိုရိုရှန်ကိုထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ယူကရိန်းနိုင်ငံ ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့အကြား နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံတကာမျက်နှာစာတွင်သော်လည်းကောင်း အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးတည်ဆောက်မှုကို အထောက်အကူပြုမည်ဟု မိမိအနေဖြင့် မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာ၍ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားများ ငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ပိုလန်သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ပိုလန်သမ္မတနိုင်ငံ သမ္မတ အန်ဒရစ်(ဂျ) ဒူဒါထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပိုလန်သမ္မတနိုင်ငံကိုယ်စား မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ခိုင်မင်ရင်းနှီးသည့် ဆက်ဆံရေး အထူးသဖြင့် စီးပွားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လိုသည့် ပိုလန်နိုင်ငံ၏ မပြောင်းလဲသောဆန္ဒကို အခိုင်အမာဖော်ပြလိုပါသည်။

အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများ ကျန်းမာချမ်းသာ၍ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချက်သမ္မတနိုင်ငံ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ချက်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် အန်းဒရက် ဘာဘိစ်ရှ်ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများထံသို့ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးသည် ကဏ္ဍပေါင်းစုံတွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများရရှိမည်ဟု မိမိအနေဖြင့် အခိုင်အမာ ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာ၍ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေ့ကလေးထိန်းကျောင်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး ဒေါ်ခိုင်နွယ်ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဖွင့်လှစ်သည့် နေ့ကလေးထိန်းကျောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဇနီးဒေါ်ခင်ညွန့်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် ဇနီးဒေါ်မိုးစန္ဒာမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစမ်းစမ်းအေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် ဒေါက်တာစမ်းစမ်းအေးတို့က နေ့ကလေးထိန်းကျောင်းအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခမ်းအနား တက်ရောက်လာကြသူများကို နေ့ကလေးထိန်းကျောင်းမှ ကလေးငယ်များက ကဗျာများ၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီးနှင့် တာဝန်ရှိသူများက နေ့ကလေးထိန်းကျောင်းရှိ ကလေးငယ်များအား ကစားစရာအရုပ်များ ပေးအပ်ကာ**(ယာပုံ)** ကလေးငယ်များအား နေ့လယ်စာကျွေးမွေးရန် ပြင်ဆင်ထားရှိမှု၊ နေ့ကလေးထိန်းကျောင်းအတွင်း ကလေးငယ်များအတွက် ကစားစရာများနှင့် အသုံးအဆောင်ပစ္စည်းများထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ နေ့ကလေးထိန်းကျောင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းမိသားစုများ၏ ကလေးများကို ကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိပြီး အသက် ၁ နှစ်ဝန်းကျင် ကလေး ၁၂ ဦး၊ အသက် ၂ နှစ်ဝန်းကျင် ကလေး ၁၈ ဦး၊ အသက် ၃ နှစ်ဝန်းကျင် ကလေး ၂၀ ဦး၊ အသက် ၄ နှစ်ဝန်းကျင် ကလေး ၅ ဦး စုစုပေါင်း ကလေး ၅၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




# ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုစစ်တမ်း အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုစစ်တမ်း အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မူးယစ်ပြတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ယခုထုတ်ပြန်သည့် အစီရင်ခံစာသည် မူးယစ်ဗဟိုနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်း ရလဒ်များအား တင်ပြသည့် အစီရင်ခံစာ ဖြစ်ပါကြောင်း၊ မူးယစ်ဗဟိုနှင့် UNODC တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို ၂၀၀၁ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်တမ်းကောက်ယူခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ တရားမဝင်သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို သိရှိနိုင်ရန်နှင့် ယင်းဒေသရှိ ဒေသခံများ၏ ဘိန်းစိုက်ပျိုးမှုအပေါ်မှီခိုနေရသည့် လူမှုစီးပွားအခြေအနေများကို သိရှိနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၀၆ ခုနှစ်တွင် ဟက်တာ ၂၁၅၀၀ ထိ အနိမ့်ဆုံးသို့ရောက်ရှိခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပြန်လည်မြင့်တက်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဘိန်းစိုက်ပျိုးမှုသည် အထိုက်အလျောက် ကျဆင်းခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှုမှာ ဟက်တာ ၅၅၀၀၀ ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ဟက်တာ ၄၁၀၀၀ ထိရှိခဲ့၍ ၂၅ ရာခိုင်နှုန်း လျော့ကျခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ဟက်တာ ၃၇၃၀၀ စိုက်ပျိုးမှုရှိခဲ့၍ ၂၀၁၇ ခုနှစ်ထက် ထပ်မံ၍ ၉.၁ ရာခိုင်နှုန်း လျော့ကျခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်များတွင်လည်း စိုက်ပျိုးသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ၁၉၉၉ ခုနှစ်တွင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းနှင့် နောက်တိုး ၅ နှစ် စီမံကိန်းများကို ၂၀၁၉ ခုနှစ်ထိရေးဆွဲကာ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့ (ONCB)တို့နှင့် ပူးပေါင်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၊ လွိုင်လင်မြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်များတွင် ရေရှည်တည်တံ့မည့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မူးယစ်ဗဟိုအဖွဲ့အနေဖြင့် UNODC အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ပတ်သက်၍ ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေးနှင့် လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေး စသည့် ကဏ္ဍအသီးသီးကိုအခြေခံ၍ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအသစ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ အတည်ပြုနိုင်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် နိုင်ငံတကာသို့ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့်လည်း ထောက်ခံကြိုဆိုပြီး အသစ်ရေးဆွဲပြီးသော မူဝါဒလုပ်ငန်းစဉ်များအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မူးယစ်ဗဟိုအဖွဲ့အနေဖြင့် အမျိုးသားမဟာဗျူဟာစီမံချက် (National Strategic Plan)ရေးဆွဲထားရှိပြီး ဘိန်းစိုက်ပျိုးမှုလျှော့ချရေးကို အဓိကအခန်းကဏ္ဍအဖြစ် ထည့်သွင်းရေးဆွဲထားရှိပါကြောင်း၊ ရေးဆွဲပြီးသည့် မူဝါဒသည် ပြည်သူ့ကျန်းမာရေးကို ဦးစားပေးသောချဉ်းကပ်မှုများ၊ ဖွံ့ဖြိုးရေးကို ဦးစားပေးသောချဉ်းကပ်မှုများကို အလေးပေးရေးဆွဲခဲ့ခြင်းဖြစ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးစီမံချက် အောင်မြင်ရေးအတွက် အထောက်အကူဖြစ်မှာဖြစ်ပါကြောင်း၊ ယင်းအစီရင်ခံစာတွင်ပါရှိသော ဘိန်းစိုက်ဧရိယာအကျယ်အဝန်း၊ ဘိန်းထုတ်လုပ်စိုက်ပျိုးမှုပုံစံများအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာချမှတ်သူများအတွက် မရှိမဖြစ်လိုအပ်သည့် အချက်အလက်များဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)မှ Ms.Miwa Kato က အမှာစကားပြောကြားပြီး ဌာနေကိုယ်စားလှယ် Mr.Jeremy Douglas က အစီရင်ခံစာအချက်အလက်များအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသည့် သတင်းမီဒီယာသမားများနှင့် သတင်းနှင့်စာနယ်ဇင်းကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိသူများ၊ UNODC ကိုယ်စားလှယ်များက ရှင်းလင်းဖြေကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ၊ မူးယစ်ဗဟိုအဖွဲ့ဝင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီး (မူး/စိတ်/တား)အဖွဲ့၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ NGO နှင့် INGO ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း MANA အဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးရေးရာအဖွဲ့မှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပသတင်းမီဒီယာသမားများနှင့် သတင်းနှင့်စာနယ်ဇင်းကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအခြေအနေ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်

■ Dr.မောင်အောင်

(၇. ၁. ၂၀၁၉ ရက်မှ အဆက်)

စက်မှုတော်လှန်ရေးပေါ်ပေါက်ခဲ့ပြီး ဥရောပ၊ အမေရိက၊ ဂျပန် စသည့် ကမ္ဘာ့မြောက်ပိုင်းနိုင်ငံများ၊ စက်မှုထွန်းကား၍ ချမ်းသာလာကြသော်လည်း တောင်ပိုင်းနိုင်ငံအများစုမှာမူ စက်မှုမထွန်းကား၍ ဆင်းရဲသည့် နိုင်ငံများသာ ဖြစ်ခဲ့သည်။

ဒုတိယအကြိမ် အံ့မခန်းစီးပွားရေးပြောင်းလဲတိုးတက်မှုမှာ ၁၉၇၀ ပြည့်နှစ်များအတွင်းဖြစ်ပေါ်ခဲ့သည့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာ ပြောင်းလဲတိုးတက်မှုကြောင့် တစ်ကမ္ဘာလုံး လွယ်ကူစွာဆက်သွယ်လာနိုင်မှုကြောင့် ကမ္ဘာ့ရွာကြီး Globalization ဖြစ်လာချိန်တွင် ကမ္ဘာ့ထုတ်လုပ်မှုလုပ်ငန်းများ နှိုင်းယှဉ်စရိတ် (အထူးသဖြင့် လုပ်အားခ) သက်သာသည့်နိုင်ငံများသို့ ပြောင်းရွှေ့ထုတ်လုပ်လာမှုပင်ဖြစ်သည်။ ထို့အတွက်လည်း ယခင်စက်မှုအထွန်းကားဆုံး ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စက်မှုလုပ်ငန်းများ ကမ္ဘာအရပ်ရပ်သို့ ပြောင်းရွှေ့လာခြင်းကြောင့် အဆိုပါနိုင်ငံများ အချိန်တိုအတွင်း စက်မှုထွန်းကားလာခြင်းနှင့်အတူ စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာခဲ့ကြသည်။ ယခင်က ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံ ခုနစ်နိုင်ငံ (G.7)ထင်ရှားခဲ့သော်လည်း ယခုအခါ ချမ်းသာသည့်နိုင်ငံ ၂၀ ကျော် (G.20) ရှိလာပြီဖြစ်သလို မကြာမီစာရင်းဝင်မည့်နိုင်ငံများလည်း ရှိနေပြီဖြစ်သည်။ ထူးခြားသည့်အချက်မှာ ယခင်အတွင်းကြည့်စီးပွားရေးပေါ်လစီကျင့်သုံးခဲ့ပြီး ၁၉၈၀ ပြည့်နှစ်များတွင် အပြင်ကြည့်စီးပွားရေးပေါ်လစီပြောင်းလဲကျင့်သုံးခဲ့သည့် နိုင်ငံများအနက် စီးပွားရေးတိုးတက်မှုအမြန်ဆုံးနှင့် စက်မှုအထွန်းကားဆုံးနိုင်ငံများမှာ အာရှတွင် တရုတ်၊ ဥရောပတွင် ပိုလန်နှင့် လက်တင်အမေရိကတွင် မက္ကဆီကိုတို့ဖြစ်လာကြသည်။ ထို့အတွက် ကမ္ဘာ့စီးပွားရေးသမိုင်းကြောင်းကပေးသည့် သင်ခန်းစာမှာ ယနေ့ခေတ်တိုင်းပြည်တိုင်း၏ တိုးတက်ဖွံ့ဖြိုးရေးလမ်းစဉ်သည် အပြင်ကြည့်စီးပွားရေးပေါ်လစီကို ပီပီပြင်ပြင် ကျင့်သုံးခြင်းဖြစ်ပြီး နိုင်ငံတကာစီးပွားရေးလုပ်ငန်းကြီးများနှင့် ပေါင်းစည်းမှုအားကောင်းလေ တိုးတက်လေဖြစ်သလို အမြန်ဆုံးစက်မှုထူထောင်ရေးလမ်းစဉ်ဖြစ်ကြောင်း ဖော်ပြနေသည်။

အတိတ်၏ မြန်မာ့စီးပွားရေးသမိုင်းကြောင်းနှင့် ကမ္ဘာ့စီးပွားရေးသမိုင်းကြောင်းများက အဓိကကျင့်သုံးသည့် စီးပွားရေးပေါ်လစီအရ တိုင်းပြည်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို ပြဋ္ဌာန်းပေးခြင်းကို အထင်အရှားတွေ့မြင်ရပြီဖြစ်သည့်အတွက် ယနေ့နိုင်ငံတော်အနေဖြင့် အပြင်ကြည့်စီးပွားရေးပေါ်လစီကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် လုပ်ဆောင်နေပြီဖြစ်သည်။ ဆိုလိုသည်မှာ ၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်နှင့် အပြင်ကြည့်စီးပွားရေးပေါ်လစီကို ပြတင်းပေါက်တစ်ချပ်ဖွင့်ခဲ့ပြီး ပထမဒီမိုကရေစီကာလ (၂၀၁၀-၂၀၁၅)တွင် ပြတင်းပေါက်တစ်ခုလုံးပွင့်ခဲ့သော်လည်း ယခု ဒီမိုကရေစီကာလ (၂၀၁၆-၂၀၂၀) တွင် လူဝင်ပေါက် တံခါးတစ်ခုလုံး ဖွင့်ပေးလိုက်ပြီဖြစ်သည်။

### တိုးတက်မှုဖော်ဆောင်ရေး နီးကြားတက်ကြွစည်းရုံးရမည့်အချိန်

နိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်။ ယနေ့နိုင်ငံသားများ တာဝန်မကျေလျှင် လာမည့် အနာဂတ်မျိုးဆက်များ၏ အကျိုးစီးပွားဖော်ဆောင်နိုင်မည်မဟုတ်ပေ။ နိုင်ငံတော်အပိုင်းသည် ဦးဆောင်ကဏ္ဍဖြစ်သည့်အလျောက် လိုအပ်သည့် ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း စသည်တို့အပြင် လက်တွေ့ကြီးကြပ်ဆောင်ရွက်မည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများလည်း ဖွဲ့ထားပြီးဖြစ်သည်။ ထို့အတူ လက်တွေ့မြေပြင်အခက်အခဲ ပြဿနာများ အမြန်ဆုံးဖြေရှင်းနိုင်ရန်လည်း ဒုတိယသမ္မတ ဦးဆောင်ပြီး စီးပွားရေးဝန်ကြီးများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ လစဉ် ပုံမှန်တွေ့ဆုံဖြေရှင်းပေးနေပြီ ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ပတ်ဝန်းကျင်ကောင်းများ ပိုမိုဖန်တီးရေး၊ မြေပြင်အခက်အခဲများ ယခုထက် ထိထိရောက်ရောက် အမြန်ဆုံးဖြေရှင်းပေးနိုင်ရန်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသစ် ဖွဲ့စည်းပြီးပြီဖြစ်သည်။ ပို၍အရေးကြီးသည်မှာ ဈေးကွက်စီးပွားရေးစနစ်နှင့် အပြင်ကြည့်သည့် စီးပွားရေးပေါ်လစီကျင့်သုံးနေပြီဖြစ်၍ စီးပွားရေးလုပ်ငန်းများ လက်တွေ့အဓိကဖော်ဆောင်မည့်သူများမှာ ပုဂ္ဂလိကကဏ္ဍဖြစ်သည့် ပြည်သူများပင်ဖြစ်သည်။ ယနေ့ခေတ် တိုးတက်ဖွံ့ဖြိုးမှုကို အဓိကပြဋ္ဌာန်းသူမှာ လူ့စွမ်းအားအရင်းအမြစ်ဖြစ်၍ စွမ်းဆောင်ရည်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များလေ တိုးတက်လေဖြစ်သည်။ မြန်မာနိုင်ငံကုမ္ပဏီဥပဒေ၊ ယခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စတင်အသက်ဝင်ပြီဖြစ်၍ နိုင်ငံတကာကုမ္ပဏီလုပ်ငန်းများအနေဖြင့် မြန်မာ့ကုမ္ပဏီလုပ်ငန်းများနှင့် ပေါင်းစည်းရေး ခွင့်ပြုထားပြီဖြစ်ရာ စုစုပေါင်းအရင်းအနှီး၏ ၃၅ ရာခိုင်နှုန်းအထိ ပါဝင်နိုင်ပြီဖြစ်သည်။ ယခင်မြန်မာကုမ္ပဏီများ လုပ်ခွင့်ရှိသည့် လုပ်ငန်းတိုင်း နိုင်ငံခြားလုပ်ငန်းရှင်များ လုပ်ခွင့်ရရှိတော့မည်ဖြစ်၍ အခွင့်အရေးတစ်ရပ်ဖြစ်သလို အမည်ပေါက်ဖြင့် ဝင်ရောက်လုပ်ကိုင်ခွင့်ရှိသည့်အတွက်၊ စွန့်စားမှုမရှိတော့သည့်အတွက် ပိုမိုဝင်ရောက်လာမည်ဖြစ်သည်။

မြန်မာ့လုပ်ငန်းများဘက်ကြည့်လျှင်လည်း လုပ်ငန်းတိုးချဲ့ရန်လိုအပ်သည့် အရင်းအနှီး၊ နည်းပညာသစ်၊ ဈေးကွက်ရရှိမှု၊ စီမံခန့်ခွဲမှု စသည်တို့ ရရှိမည်ဖြစ်၍ များစွာအကျိုးပြုမည်ဖြစ်သည်။ အရေးကြီးသည်မှာ မြန်မာ့လုပ်ငန်းများအနေဖြင့် နိုင်ငံတကာလုပ်ငန်းများ ပေါင်းစည်းနိုင်ရေးအတွက် အဆင်သင့်ဖြစ်စေရန် လုပ်ငန်းရှင်များအပါအဝင် ပြည်သူများအနေဖြင့် အထူးနိုးကြားကြိုးစားပြင်ဆင်ရမည့် အချိန်ဖြစ်သည်။ SMEs ဟုခေါ်သည့် အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ကုမ္ပဏီမဖွဲ့ရသေးလျှင် ကုမ္ပဏီဖွဲ့စည်းခြင်း၊ လုပ်ငန်းသေးများ အင်အားရှိလာစေရန် လုပ်ငန်းတူချင်းပေါင်းစည်း၍ ကုမ္ပဏီဖွဲ့စည်းခြင်း၊ ကုမ္ပဏီဖြစ်လာလျှင်လည်း ပွင့်လင်းမြင်သာသည့် စာရင်းအင်းများထားရှိမှု၊ ငွေဝင်ငွေထွက်စာရင်း၊ လုပ်ငန်းလမ်းညွှန်၊ ကုမ္ပဏီဖွဲ့စည်းမှု၊ ဒါရိုက်တာများ၊ အနာဂတ်စီမံကိန်း စသည်တို့ရှိရမည်ဖြစ်သလို ကုမ္ပဏီအနေဖြင့် တိုးတက်မှုအသွင်ဆောင်သည့်လုပ်ငန်းဖြစ်ရန်လည်း လိုအပ်ပေသည်။ ဆိုလိုသည်မှာ နိုင်ငံတကာလုပ်ငန်းများအနေဖြင့် မိတ်ဖက်ပါတနာရှာဖွေရာတွင် ယုံကြည်မှုအပြည့်အဝရှိမှသာ ပေါင်းစည်းလာမည်ဖြစ်သည်။ ယခုအခါ ကုမ္ပဏီမှတ်ပုံတင်ခြင်းကို အွန်လိုင်းဖြင့် အလွယ်တကူ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ နောက်ဆုံးဖြစ်ပေါ်နေသည့် စီးပွားရေးအခွင့်အလမ်းများကို ပြည်သူများသိအောင်လုပ်ပြီး အသုံးချနိုင်ရန် အထူးအရေးကြီးပါသည်။

### ကြီးမားနေသေးသည့် စိန်ခေါ်မှုများ

အစိုးရသစ်ကာလ နှစ်နှစ်ကျော်ကာလအတွင်း စိန်ခေါ်မှုများ၊ အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး အောက်မြန်မာပြည် နေရာတချို့ ရေဘေးဒုက္ခနှင့်ကြုံတွေ့ခဲ့ရသည်။ ယခုကာလပိုင်းများအတွင်း ကမ္ဘာ့စီးပွားရေးတွင်လည်း အမေရိကန်၏ ကုန်သွယ်ရေးစစ်ပွဲစတင်လာမှုကြောင့် အပြည်ပြည်ဆိုင်ရာသုံးငွေကြေးဖြစ်သည့် ဒေါ်လာငွေဈေးနှုန်းတက်လာပြီး တိုင်းပြည်စီးပွားရေးအပေါ် ရိုက်ခတ်မှုများရှိနေသည့်အချိန်လည်း ဖြစ်သည်။ ထို့အပြင် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံ့ဂုဏ်သိက္ခာကိုပါ ထိပါးစေသည့် ရခိုင်ပြည်နယ် အရေးပင်ဖြစ်သည်။ နိုင်ငံတော်က နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ အထူးဖိတ်ခေါ်နေသည့်အချိန်ဖြစ်၍ အကြီးမားဆုံး စိန်ခေါ်မှုပင်ဖြစ်သည်။ သတင်းမှားများနှင့် မမှန်ကန်သည့် စွပ်စွဲချက်များကြောင့် နိုင်ငံတကာအဖွဲ့ အစည်းများ၏ ဖိအားကြီးမားသည့် ကာလလည်းဖြစ်သည်။ အနောက်အုပ်စု၏ ကုန်သွယ်မှုအထူးအခွင့်အရေး (GSP) မဆုံးရှုံးစေရေး အရေးကြီးနေသည့်အချိန် ဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းမှုအမြန်ဖော်ဆောင်ရေး၊ မတည်ငြိမ်မှုများမဖြစ်ပေါ်ရေးနှင့် နိုင်ငံ့ဂုဏ်သိက္ခာ ထိခိုက်စေမည့် အရေးအသား၊ အပြုအမူ၊ အပြောအဆိုများ နိုင်ငံသားတိုင်း ထိန်းသိမ်းရန်လိုသလို အခြားလူများမပြုလုပ်စေရန်လည်း ဝိုင်းဝန်းထိန်းသိမ်းရမည်ဖြစ်သည်။ သတိပြုရမည်မှာ ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်များသည် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေး နှောင့်နှေးစေမည်ဖြစ်၍ နိုင်ငံသားတိုင်း အမြော်အမြင်ရှိရှိဖြင့် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းထိန်းကျောင်းရမည်ဖြစ်သည်။

### တိုးတက်မှုအလားအလာကောင်းများရှိနေသည့် အနာဂတ်မြန်မာ့စီးပွားရေး

ယနေ့ပစ္စုပ္ပန်ကာလ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၏ ကောင်းကျိုးများ မဝေးတော့သည့် အနာဂတ်ကာလတွင် ပြည်သူများ မလွဲမသွေ အနေးနှင့်အမြန် ရရှိခံစားနိုင်မည်ဖြစ်သည်။ အနေးနှင့်အမြန် ဆိုသည်မှာ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများကို လုပ်ငန်းရှင်များနှင့် ပြည်သူများ မည်မျှမြန်မြန် လိုက်ပါဆောင်ရွက်နိုင်သည် ဆိုသည့်အချက် အရေးပါသလို နှောင့်နှေးစေသည့် အကြောင်းအချက်များကိုလည်း မည်မျှမြန်မြန် တုံ့ပြန်ဖြေရှင်းနိုင်သည်ဟူသည့်အချက်အပေါ်လည်း မူတည်ပါသည်။ နိုင်ငံတော်ကဦးဆောင်ပြီး ပြည်သူတစ်ရပ်လုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျှင် အမြန်ဆုံး ကျော်လွှားနိုင်မည်ဖြစ်သည်။

အဓိကစီးပွားရေးလုပ်ငန်းအုပ်စုကြီးများဖြစ်သည့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဆောင်ရွက်မှုကဏ္ဍ သုံးခုစလုံးတွင် ထုတ်ယူသုံးစွဲမှုမပြုနိုင်သေးသည့် သွင်းအားစုများ (Untapped Resources) များစွာရှိနေသေးပေသည်။ အဓိကအခက်အခဲများဖြစ်သည့် အရင်းအနှီးမလုံလောက်ခြင်း၊ နည်းပညာနိမ့်ကျခြင်း၊ နိုင်ငံခြားဈေးကွက်မရရှိသေးခြင်း စသည်တို့ကို ယနေ့ပြုလုပ်နေသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် အဆိုပါ အခက်အခဲများကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်မည်ဖြစ်သည်။

### လယ်ယာကဏ္ဍကြီး အလားအလာ

အရှေ့တောင်အာရှ ကုန်းမြေတစ်ဆက်တည်း အကျယ်ဝန်းဆုံးဖြစ်သည့်အလျောက် စိုက်ပျိုးနိုင်သော မြေသယံဇာတအပြင် မြေပေါ်မြေအောက်သဘာဝသယံဇာတများကြွယ်ဝသည်မှာ အထူးပြောစရာမလိုပေ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဆိုလျှင် စိုက်ပျိုးနိုင်သောမြေရှိနေသေးခြင်း၊ သီးထပ်သီးညှပ်စိုက်ပျိုးရန် (Cropping Intensity) နည်းနေသေးခြင်း၊ ဆည်မြောင်းအာမခံများ များစွာရှိသော်လည်း ရေသွင်းစိုက်ပျိုးနှုန်း နည်းနေသေးခြင်း စသည့်အချက်များက အာရှတွင် လယ်ယာစိုက်ပျိုးရေးတိုးတက်စေရန် အလားအလာရှိသည့် နိုင်ငံများထဲတွင် ထိပ်ပိုင်းမှ ပါဝင်နေဆဲပင်ဖြစ်သည်။ လက်ရှိအနေအထားတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အနည်းဆုံးဖြစ်နေသေးသော်လည်း ဖွင့်ပေးလိုက်ပြီဖြစ်၍ မကြာမီ ပိုမိုဝင်ရောက်လာရန်ရှိနေသေးသည်။ လယ်သမားများနှင့် အကျိုးတူလုပ်ဆောင်နိုင်သည့် ကန်ထရိုက်လယ်ယာလုပ်ငန်း (Contract Farming) များလည်း ပိုမိုထွန်းကားလာရန်ရှိနေပြီး အထူးသဖြင့် အိမ်နီးနားချင်း ဈေးကွက်ကြီးနှစ်ခုဖြစ်သည့် တရုတ်နှင့် အိန္ဒိယတို့၏လိုအပ်ချက်များ အမြန်ဆုံးထုတ်လုပ်တင်ပို့နိုင်ရေးအလားအလာရှိနေပြီ ဖြစ်သည်။ အထွက်တိုးမျိုးများ ပြောင်းလဲခြင်းကိုလည်း ဆောင်ရွက်နေပြီဖြစ်ရာ ဈေးကွက်ယှဉ်ပြိုင်မှု ပိုမိုအားကောင်းလာတော့မည်ဖြစ်သည်။ ထို့အပြင် ငါး၊ ပုစွန်၊ ကြက်၊ ဝက်၊ နွားစသည့် သဘာဝမွေးမြူရေးသာမက စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ နိုင်ငံခြားအရင်းအနှီးနှင့် နည်းပညာသာရှိလျှင် ယခုထက် တိုးပွားလာနိုင်ပေသည်။ ဆိုလိုသည်မှာ ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် လယ်ယာနှင့် စားသောက်ကုန်များ တိုးချဲ့ထုတ်လုပ်ရန် အလားအလာကောင်းများ ရှိနေဆဲဖြစ်သည်။

### စက်မှုကဏ္ဍကြီး အလားအလာ

ယနေ့ပြုလုပ်နေသည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှု အများဆုံးမှာ မကြာမီ ပို့ကုန်နှင့်ဆက်စပ်နေသည့် စက်မှုလုပ်ငန်းများ ပိုမိုထွန်းကားလာမည်ဖြစ်သည်။ စက်မှုလုပ်ငန်းများတည်ထောင်ခြင်းသည် စီးပွားရေးကွင်းဆက်များအနေဖြင့် အခြားကဏ္ဍများထက် ပိုမိုများပြားသောကြောင့် ကုန်ကြမ်းများဖြည့်ဆည်းခြင်း၊ လုပ်သားများ အံ့နှင့်ကျင်းနှင့် အလုပ်ရရှိစေခြင်း၊ ထုတ်လုပ်ပြီး ဈေးကွက်အရောင်းဖြန့်ဖြူးခြင်း စသည်တို့ကြောင့် တိုင်းပြည်ထူထောင်ရေးတွင် အမြန်ဆုံးတိုးတက်နိုင်သည့် နည်းလမ်းလည်းဖြစ်သည်။ အဆိုပါလုပ်ငန်းကြီးများအနေဖြင့် ပြည်တွင်းဈေးကွက်ထက် နိုင်ငံတကာဈေးကွက်ကြီးများကို ရည်ရွယ်ထုတ်လုပ်နိုင်ရေး၊ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းများနှင့် ဆက်စပ်နေသည့် စက်မှုလုပ်ငန်းများထူထောင်ရေးအတွက် အရေးကြီးသည့် လိုအပ်ချက်မှာ ပင်လယ်ဆိပ်ကမ်း ရှိရမည်ဖြစ်သည်။ သို့ဖြစ်၍ ရန်ကုန်ဝန်းကျင်သည် ယခုထက် စက်မှုလုပ်ငန်းများ ပိုမိုထွန်းကားလာရန် အလားအလာအကောင်းဆုံးဖြစ်သလို မကြာမီ ပင်လယ်ဆိပ်ကမ်းဖြစ်လာမည့် မော်လမြိုင်၊ ထားဝယ်၊ ပုသိမ်၊ ကျောက်ဖြူတို့လည်း အလားအလာရှိပေသည်။ ထို့အပြင် လက်ရှိတင်ပို့နေသည့် လယ်ယာ၊ သားငါး၊ သတ္တု စသည့်မူလထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန် ပြောင်းလဲထုတ်လုပ်မည့် ဆင့်တက်ပြုပြင် စက်မှုလုပ်ငန်းများလည်း အလားအလာရှိပါသည်။

### ဝန်ဆောင်မှုကဏ္ဍကြီး အလားအလာ

ကုန်သွယ်ရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှု စသည်တို့သည်လည်း အထက်ဖော်ပြပါ ကဏ္ဍကြီးနှစ်ရပ် တိုးတက်လာသလို တစ်ပြိုင်နက် တိုးတက်ရန် အလားအလာများစွာရှိပါသည်။ ပို့ကုန်နှင့် ဆက်စပ်နေသော စက်မှုလုပ်ငန်းများ ပိုမိုထွန်းကားလာသည်နှင့် ပို့ကုန်တန်ဖိုး သိသာစွာမြင့်တက်လာမည်ဖြစ်သလို ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းနှင့် ဆက်စပ်နေသည့် စက်မှုလုပ်ငန်းများ ထွန်းကားစေခြင်းဖြင့် စက်မှုကုန်ချောသာမကဘဲ တစ်ဝက်တစ်ပျက်ပြီးစီးသည့် ကုန်များ၊ အစိတ်အပိုင်းများ ပို့ဆောင်မှုများပါ ထွန်းကားလာမည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် ဆက်စပ်နေသည့် လမ်းများပြီးစီးလာပြီဖြစ်ရာ နယ်စပ်ကုန်သွယ်ရေးသာမက မြန်မာနိုင်ငံကိုကြားခံပြီး ဖြတ်ကျော်မည့် တစ်ဆင့်ခံကုန်သွယ်ရေး (Transit Trade)၊ ပြန်လည်ပို့ကုန် (Re-export)နှင့် ပြန်လည်သွင်းကုန် (Re-import) လုပ်ငန်းများလည်း ထွန်းကားလာတော့မည်ဖြစ်သည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း စတင်နေပြီဖြစ်၍လည်း ကုန်သွယ်ရေးအပါအဝင် ခရီးသွားလုပ်ငန်း၊ ဒေသကြီးအတွင်း ကုန်စည်သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လက်လီလက်ကားရောင်းဝယ်ရေး၊ ဘဏ်ဝန်ဆောင်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ဗီဇာကင်းလွတ်ခွင့်များပေးလာခြင်း၊ နယ်စပ်ဂိတ်များမှလည်း ဝင်ရောက်ခွင့်ပေးထားခြင်း စသည်တို့ကြောင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသော ဝန်ဆောင်မှုလုပ်ငန်းများလည်း တက်လာမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံအစပြုသည့် တောင်အာရှလမ်းမကြီးပြီးစီးပြီဖြစ်သလို ဆောက်လုပ်နေသည့် အိန္ဒိယနှင့် ဆက်စပ်လမ်းများ၊ မကြာမီ အကောင်အထည်ဖော်တော့မည့် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်သွယ် စတင်လုပ်ဆောင်မှု (Belt & Road Initiative) ကို မြန်မာအပါအဝင် အာရှမှ ဥရောပတိုက်အထိ ပေါ်ပေါက်မည့် ဆက်သွယ်ရေးလမ်းမကြီးများသည်လည်း နိုင်ငံစီးပွားဖွံ့ဖြိုးစေရန်ကြီးမားသည့် အခွင့်အလမ်းပင်ဖြစ်သည်။ အနာဂတ်စီးပွားရေးအလားအလာများနှင့်ပတ်သက်၍ ခြုံငုံသုံးသပ်ချက်သာဖြစ်ပြီး သေချာသည့်အချက်မှာ ဈေးကွက်စီးပွားရေးစနစ်နှင့် အပြင်ရှုမျှော်သည့် ပေါ်လစီ ပီပီပြင်ပြင်ဖြစ်လာပြီး ဒေသအတွင်း ဆက်သွယ်ရေးလမ်းကြောင်းများပြီးစီးလျှင် မြန်မာနိုင်ငံအနေဖြင့် အာရှ၏အရေးပါသည့် စီးပွားရေးဗဟိုအချက်အချာဒေသတစ်ခု ဖြစ်လာမည်မှာမလွဲပေ။

စာမျက်နှာ ၁၁ သို့ ❂

> ❛ရန်ကုန်ဝန်းကျင်သည် ယခုထက် စက်မှုလုပ်ငန်းများ ပိုမိုထွန်းကားလာရန် အလားအလာအကောင်းဆုံးဖြစ်သလို မကြာမီ ပင်လယ်ဆိပ်ကမ်း ဖြစ်လာမည့် မော်လမြိုင်၊ ထားဝယ်၊ ပုသိမ်၊ ကျောက်ဖြူတို့လည်း အလားအလာ ရှိပေသည်။ ထို့အပြင် လက်ရှိတင်ပို့နေသည့် လယ်ယာ၊ သားငါး၊ သတ္တု စသည့် မူလထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန် ပြောင်းလဲထုတ်လုပ်မည့် ဆင့်တက်ပြုပြင်စက်မှု လုပ်ငန်းများလည်း အလားအလာရှိပါသည်။❜

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် အမေရိကန်နိုင်ငံ သံအမတ်ကြီးတို့ တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr. Scot Alan Marciel တို့သည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈)ပြဋ္ဌာန်းဆောင်ရွက်နေမှုများ၊ ထိုသို့ဆောင်ရွက်ရာတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ခွင့်ပြုချက်မရရှိမီ ဆောင်ရွက်ပြီးနေသည့် မြေများနှင့်ပတ်သက်၍ အမှန်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသူများအနေဖြင့် မြေကိုတရားဝင်ပိုင်ဆိုင်ပြီး ဆက်လက်တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် ဌာနမှကူညီပံ့ပိုးဆောင်ရွက်ပေးနေမှုများ၊ မြေယာစီမံခန့်ခွဲမှုအပါအဝင် လယ်ယာကဏ္ဍဆိုင်ရာ နည်းပညာများနှင့် အကြံဉာဏ်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ စိုက်ခင်းများတွင် ငမြောင်တောင်ပိုးကျရောက်လျက်ရှိသောကိစ္စရပ်နှင့် အသေးစားချေးငွေဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။

**မောင်မင်းနိုင်**





# ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုသံမှူးတို့ တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Tian Shanting တို့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး၌ တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ကြီးမှူး၍ ရန်ကုန်မြို့၌ ကျင်းပမည့် "Gala Show Paukphaw Carnival of Happy Chinese New Year 2019" တွင် နှစ်နိုင်ငံယဉ်ကျေးမှုအကများဖြင့် ပူးပေါင်းဖျော်ဖြေရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေးနှင့် ပညာသင်များစေလွှတ်သွားရေးတို့ကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# လူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဆောင်ရွက်သည့် မိတ္ထီလာ ဆွာတောကျေးရွာသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လေ့လာ

**မိတ္ထီလာ ဇန်နဝါရီ ၁၁**

မိတ္ထီလာမြို့နယ် ဆွာတောကျေးရွာတွင် အက်ရှင်အေ့ဒ် မြန်မာ (မိတ္ထီလာ)နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ပူးပေါင်း၍ လူထုအခြေပြုခရီးသွားလုပ်ငန်းကို ယနေ့နံနက် ၁၁ နာရီက စတင်ဆောင်ရွက်ရာ နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လေ့လာကြောင်း သိရသည်။

"ဆွာတောကျေးရွာမှာ နိုင်ငံခြားခရီးသွားဧည့်သည်တွေ အချိန်ပိုင်းလာရောက်လေ့လာလည်ပတ်နိုင်တဲ့ လူထုအခြေပြုခရီးသွားလုပ်ငန်းကို PEAK Myanmar (Journeys Adventure Travel) ခရီးသွားကုမ္ပဏီနဲ့ တစ်နှစ်စာ စာချုပ်ချုပ်ဆိုပြီး ဒီနေ့စတင်ဆောင်ရွက်တာပါ။ တစ်နှစ်အတွင်း နိုင်ငံခြားခရီးသွားဧည့်သည်တွေ ၁၀ ကြိမ်ကနေ ၁၅ ကြိမ်ခန့်အထိ ဆွာတောကျေးရွာလူထုအခြေပြုခရီးသွားလုပ်ငန်း လာရောက်နိုင်ဖို့ ခန့်မှန်းထားပါတယ်။ လာရောက်လည်ပတ်သူတွေအနေနဲ့ ကျေးရွာမှာရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ၊ ဒေသထွက်ကုန်တွေ ၊ တောင်းရက်လုပ်ငန်းနဲ့ လူနေမှုဓလေ့ထုံးစံတွေကို အချိန်တစ်နာရီကနေ နှစ်နာရီခန့် ကြာမြင့်အောင်လေ့လာနိုင်မှာဖြစ်ပြီး ဒေသလက်ရာ ထမင်းဟင်းတစ်နပ်စာ သုံးဆောင်နိုင်အောင် စီစဉ်ပေးထားပါတယ်။ ဆွာတောကို လာရောက်လည်ပတ်လေ့လာတဲ့ နိုင်ငံခြားခရီးသွားဧည့်သည်အများစုက မန္တလေးကတစ်ဆင့် အင်းလေး၊ တောင်ကြီး ဒေသဘက်ကို ခရီးမဆက်မီ မိတ္ထီလာမှာ ခရီးတစ်ထောက်နား ဝင်ရောက်လေ့လာလည်ပတ်ကြတဲ့ ပုံစံမျိုးနဲ့ပဲလာကြတာပါ။ ဆွာတောကျေးရွာကို လာရောက်လေ့လာတဲ့ နိုင်ငံခြားသားခရီးသွားဧည့်သည်တစ်ဦးကို လေးထောင်ကျပ်နဲ့ ထမင်းတစ်နပ်စာ ငါးထောင်ကျပ်ကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ပေးရပါတယ်။ ဒီနေ့ ဆွာတောကျေးရွာကို လာရောက်လည်ပတ်တဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေထဲမှာ နယ်သာလန်၊ အမေရိကန်၊ ဩစတြေးလျ၊ တရုတ် စုစုပေါင်း ၁၂ ဦးဖြစ်ပါတယ်" ဟု အက်ရှင်အေ့ဒ်မြန်မာ (မိတ္ထီလာ)မှ အစီအစဉ်အရာရှိ ဦးတိုးတိုးက ပြောသည်။

မိတ္ထီလာဆွာတောကျေးရွာတွင် လူထုအခြေပြုခရီးသွားလုပ်ငန်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် နိုင်ငံခြားခရီးသွားဧည့်သည်များ နှစ်ကြိမ်လာရောက်လေ့လာနိုင်ရန် စီစဉ်ပေးမှုဖြင့် စမ်းသပ်ဆောင်ရွက်ခဲ့ပြီး ကျေးရွာဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# အား/ကာသိပ္ပံ အမျိုးသမီးအသင်း နိုင်ပွဲဆက်ပြီး တတိယနေရာ၌ ဆက်လက်ရပ်တည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၆) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ အား/ကာသိပ္ပံအသင်း နိုင်ပွဲဆက်ပြီး တတိယနေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

**အား/ကာသိပ္ပံအသင်း - ကိုးဂိုး**
**အား/ကာဦးစီးဌာနအသင်း - နှစ်ဂိုး**

ယခုရာသီတွင် ပုံစံကောင်းပြသနေသည့် အသင်းနှစ်သင်းဖြစ်သလို အား/ကာမှ ဖွဲ့စည်းထားသည့် အသင်းနှစ်သင်း တွေ့ဆုံသည့်ပွဲဖြစ်သောကြောင့် နိုင်ပွဲရရန် အားထည့်ကစားခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် နိုင်ပွဲရယူနိုင်ခဲ့သောကြောင့် ချန်ပီယံမျှော်လင့်ချက် ဆက်လက်ရှင်သန်ခဲ့ပြီး ဇယားထိပ်ပိုင်းမှ အသင်းများကို ဖိအားပေးနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ဂိုးစပေးလိုက်ရသော်လည်း အနိုင်သုံးမှတ်ကို အများအယွင်းမရှိ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အား/ကာဦးစီးဌာနအသင်းအတွက် ဦးဆောင်ဂိုးကို ၆ မိနစ်တွင် မိုးမိုးသန်းက သွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ဂိုးပေးလိုက်ရသော်လည်း ကစားကွက်ပျက်မသွားဘဲ ၁၇ မိနစ်တွင် နုနုက ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် အား/ကာသိပ္ပံအသင်းက စိတ်ကြိုက်ကစားသွားပြီး နုနုက ၁၉၊ ၂၁၊ ၄၉၊ ၇၁၊ ၈၄ မိနစ်တွင် ငါးဂိုးထပ်သွင်းကာ ကျန်ဂိုးများကို မိနစ် ၅၀ တွင် မေဖူးကို၊ ၅၉ မိနစ်တွင် ခင်မာလာထွန်းနှင့် ၉၀+ ၁ မိနစ်တွင် နန့်မေသဇင်တို့က သွင်းယူခဲ့သည်။ အား/ကာဦးစီးဌာနအတွက် ချေပဂိုးတစ်ဂိုးကို ၅၄ မိနစ်တွင် မိုးမိုးသန်းက သွင်းယူခဲ့သည်။

ပွဲစဉ်(၆)အပြီးတွင် သစ္စာအားမာန်နှင့် မြဝတီအသင်းက ၁၆ မှတ်စီ၊ အား/ကာသိပ္ပံအသင်းက ၁၃ မှတ်၊ YREO အသင်းက ၁၀ မှတ်၊ အား/ကာ ဦးစီးဌာနအသင်းက ရှစ်မှတ်၊ ဇွဲကပင်နှင့် ဂန္ဓမာအသင်းက သုံးမှတ်စီရထားပြီး တက္ကသိုလ်အသင်းမှာမူ ခြောက်ပွဲစလုံးရှုံးထားသည်။ သစ္စာအားမာန်အသင်းမှာမူ ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိသည်။

**ရှိုင်းထက်ဇော်**

**❖ အာရှ ယူ-၁၉ မှ**

ကျင်းပမည်ဖြစ်ပြီး အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲတွင် ဩစတြေးလျ၊ တောင်ကိုရီးယား၊ ဥဇဘက်ကစ္စတန်၊ မြန်မာ၊ ဗီယက်နမ်၊ အီရန်၊ လက်ဘနွန်နှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ပထမအဆင့် ခြေစစ်ပွဲများကို ၂၀၁၈ ခုနှစ် အောက်တိုဘာနောက်ဆုံးပတ်က ကျင်းပခဲ့ပြီး မြန်မာအသင်းသည် အုပ်စု (စ)တွင် လာအို၊ အီရန်အသင်းတို့နှင့် ကျရောက်ခဲ့သည်။ ပါလက်စတိုင်းအသင်း နုတ်ထွက်သွားသောကြောင့် သုံးသင်းသာ ယှဉ်ပြိုင်ခဲ့ရပြီး မြန်မာအသင်းသည် ပထမပွဲတွင် လာအိုအသင်းကို လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်သော်လည်း ဒုတိယပွဲတွင် အီရန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့၍ အကောင်းဆုံးအုပ်စု ဒုတိယဖြင့် ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲအတွက် စခန်းဝင် လေ့ကျင့်နေပြီဖြစ်ပြီး ပဏာမကစားသမား ၂၉ ဦး ရွေးချယ်ထားသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဒုတိယအဆင့် ခြေစစ်ပွဲမတိုင်မီ ပြည်တွင်း၊ ပြည်ပခြေစမ်းပွဲများစွာ ယှဉ်ပြိုင်မည်ဖြစ်ပြီး မတ်လတွင် ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲတွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် နောက်ဆုံးအဆင့်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရရန် အခွင့်အရေးရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**



## ဒုတိယဝန်ကြီး ဦးအောင်လှထွန်း စစ်ကိုင်းမြို့၌ ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ကြည့်ရှုစစ်ဆေး

**စစ်ကိုင်း ဇန်နဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ ညနေ ၅ နာရီခွဲတွင် စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကာ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

(၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က (၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါအစည်းအဝေးတွင် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ခေါင်းဆောင်မှုအရည်အချင်းဆုချီးမြှင့်ပွဲအခမ်းအနားကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ အာဆီယံခေါင်းဆောင်မှုအရည်အချင်းဆု ရွေးချယ်ရေးအတွက် ဆုရွေးချယ်ရေးကော်မတီကို NGOs/ CSOs နှင့် Private Sectors မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရွေးချယ်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူမှုဖွံ့ဖြိုးရေးအသင်းစွမ်းဆောင်ရည်မြှင့်တင်ရေးအဖွဲ့၊ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ မြန်မာ့ကျေးလက်ဒေသ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့၊ Network Activities Group နှင့် UMFCCI တို့မှ အစည်းအဝေးများကျင်းပရာတွင် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

**မောင်မင်းနိုင်**

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို တရားမျှတမှုများနှင့် အဂတိတရားကင်းရှင်းအောင် ချီးမြှင့်သွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

၂၀၁၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို အမှန်တရား၊ တရားမျှတမှုများနှင့် ပိုမိုနီးစပ်ပြီး အဂတိတရားကင်းရှင်းအောင် ချီးမြှင့်သွားနိုင်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(MMPO) ရုပ်ရှင်ရုံ၌ ကျင်းပသည်။



**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲနှင့်ပတ်သက်၍ မီဒီယာများအား ရှင်းလင်းပြောကြားစဉ်။**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ယခုနှစ်မှစတင်ကာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်ရေး၊ စည်းမျဉ်းစည်းကမ်းများ ပြန်လည်သုံးသပ်ရေးဆွဲရေးကော်မတီ တစ်ရပ်ကို ရုပ်ရှင်လောကသားများထဲမှ ရှစ်လွှာသော ပညာရှင်ပေါင်း ၁၀၀ နှင့် ဖွဲ့စည်းခဲ့ကာ ရေးဆွဲခဲ့ပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို အမှန်တရားနှင့် ပိုမိုနီးစပ်အောင်၊ တရားမျှတမှုရှိအောင်၊ အဂတိတရားများ ကင်းရှင်းအောင် ရုပ်ရှင်လောကသားများ စုပေါင်းပြီး အစည်းအဝေးပေါင်း ၂၁ ကြိမ်ပြုလုပ်ကာ ညှိနှိုင်းဆွေးနွေးသုံးသပ်၍ ပယ်သင့်သည်များပယ်ကာ ဖြည့်သင့်သည်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ဒီစည်းမျဉ်း စည်းကမ်းများဟာ ၁၀၀ ရာခိုင်နှုန်း အမှန်တရားဖြစ်နိုင်မလားဆိုတာတော့ ရာနှုန်းပြည့် မမှန်နိုင်သေးဘူးလို့ဆိုရမှာ ဖြစ်ပါတယ်။ တွေ့ကြုံလာရမယ့် အခက်အခဲ လိုအပ်ချက်တွေကိုလည်း ထပ်ဖြည့်သွားမှာ ဖြစ်ပါတယ်။ ဒါ့ပြင် ဒီစည်းမျဉ်းစည်းကမ်းတွေကို ပုံနှိပ်ထုတ်ဝေပြီးတော့ အများပြည်သူသိနိုင်အောင်၊ လေ့လာဖတ်ရှုနိုင်အောင် ထုတ်ဝေသွားမှာ ဖြစ်ပါတယ်။ အများပြည်သူက ဒီအချက်အလက်တွေထဲက ဘယ်အချက်က မှားနေတယ်၊ ဘယ်အချက်က ဖြုတ်သင့်တယ်ဆိုတာကို အကြံပြုဝေဖန်မှုတွေ ပေါ်လာရင်လည်း တကယ်မှန်ကန်တဲ့ အကြံပြုချက်တွေကို ထည့်သွင်းစဉ်းစားသွားမှာ ဖြစ်ပါတယ်” ဟု ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ပြောသည်။

ပြန်လည်ရေးဆွဲလိုက်သည့် စည်းမျဉ်းစည်းကမ်းများထဲတွင် ယခင်က မပါရှိခဲ့သည့် စည်းမျဉ်းစည်းကမ်း အချို့ ပါဝင်လာပြီး အကဲဖြတ်အဖွဲ့ဝင်များအနေဖြင့် လိုက်နာရမည့် ကျင့်ဝတ်များ၊ စောင့်စည်းရမည့်သိက္ခာများကို စည်းကမ်းချက်ပေါင်း ကိုးချက်နှင့် သတ်မှတ်ထားကြောင်း၊ အကဲဖြတ်အဖွဲ့ဝင်များအနေဖြင့် စည်းကမ်းများကို ဖောက်ဖျက်ပါက အမည်ပျက်စာရင်းတင်သွင်းပြီး အဖွဲ့မှ ရာသက်ပန်ထုတ်ပယ်သွားမည်ဖြစ်ကြောင်း၊ မလိုလားအပ်သည့် အဂတိတရားများမရှိလာအောင် အကဲဖြတ်အဖွဲ့ဝင်များထံသို့ ပြင်ပမှဖြစ်စေ၊ ရုပ်ရှင်လောကသားများထဲမှဖြစ်စေ အဂတိတရားအရ လာရောက်ဆက်သွယ်မှုများရှိလာလျှင် အဆိုပါကိစ္စကို အကဲဖြတ်အဖွဲ့သို့ တင်ပြပြီး လာရောက်ညှိနှိုင်းသည့် ဇာတ်ကားဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ မည်သူ့ကိုမဆို အကဲဖြတ်စာရင်းထဲမှ ထုတ်ပယ်သွားမည့် စည်းကမ်းများလည်း ထည့်သွင်းရေးဆွဲထားကြောင်း၊ ထို့အပြင် ဆုချီးမြှင့်ပြီးသည့်အခါတွင်လည်း ရရှိသွားသော ဆုသည် အဂတိတရားအရ ရိုးသားမှုများမရှိခဲ့လျှင် အထောက်အထားခိုင်လုံစွာ တင်ပြလာပါက အဆိုပါ ထူးချွန်ဆုကို ပြန်လည်ရုပ်သိမ်းသွားမည့် စည်းကမ်းများလည်း ပါရှိကြောင်း၊ ၎င်းစည်းမျဉ်းစည်းကမ်းများကို ထည့်သွင်းရေးဆွဲရခြင်းသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ချီးမြှင့်သည့် မြန်မာ့ရုပ်ရှင်ဂုဏ်ဒြပ်တန်ဖိုးကို အမှန်တရားနှင့် နီးစပ်အောင်၊ တရားမျှတမှုရှိအောင်၊ အဂတိတရားကင်းရှင်းအောင် ကြိုးစားဆောင်ရွက်ခြင်းဖြစ်ကြောင်း ဦးဇင်ဝိုင်းက ဆက်လက်ပြောသည်။

ယခုနှစ်အတွက် ရုပ်ရှင်ဇာတ်ကားပေါင်း ၈၃ ကားအထိရှိရာ အရေအတွက်အားဖြင့် တိုးတက်လာသလို အရည်အသွေးအားဖြင့်လည်း တိုးတက်လာသော ဇာတ်ကားများ ပါဝင်ပြီး အဆိုပါဇာတ်ကားများကို အကဲဖြတ်အဖွဲ့ဝင်များအနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်ကာ တစ်နေ့ကို နှစ်ကားနှုန်းဖြင့် အကဲဖြတ်ကြည့်ရှုရာ လက်ရှိတွင် ၄၂ ကားအထိ ကြည့်ရှုပြီးဖြစ်သည်။ ကျန်ရှိသည့် ၄၁ ကားကို ကြည့်ရှုပြီးပါက ဒုတိယအဆင့်၊ တတိယအဆင့်၊ စတုတ္ထအဆင့်များကိုလည်း ဆက်လက်ကြည့်ရှုအကဲဖြတ်သွားမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းအတိုင်း မည်သူမျှ အဂတိတရားလိုက်စားမှုမရှိနိုင်အောင် ထိန်းသိမ်းကြိုးစားသွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ၂၀၁၉ ခုနှစ် မတ်လ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ဆန်ခါတင်ဇာတ်ကားများကို ပွဲမကျင်းပမီ တစ်ပတ်အလိုတွင် ကြေညာသွားမည်ဖြစ်ရာ ယခင်နှစ်များအတိုင်း ထူးချွန်ဆု ၁၁ ဆုကို ချီးမြှင့်သွားမည်ဖြစ်သည်။ ယမန်နှစ်က စတင်ချီးမြှင့်ခဲ့သည့် ရုပ်ရှင်တစ်သက်တာဆုကိုလည်း သတ်မှတ်ထားသော စံချိန်စံနှုန်းနှင့် ကိုက်ညီသည့် ပညာရှင်ရှိပါက ထည့်သွင်းချီးမြှင့်သွားမည်ဖြစ်သလို အထူးဆုတစ်ဆုကိုလည်း သတ်မှတ်စံချိန်စံနှုန်းပြည့်မီပါက ထည့်သွင်းချီးမြှင့်သွားမည်ဖြစ်ရာ စုစုပေါင်း ထူးချွန်ဆု ၁၁ ဆုမှ ၁၃ ဆုအထိ ရှိနိုင်ကြောင်း၊ ထူးချွန်ဆုများအတွက် ရွှေစင်ကြယ် ငါးကျပ်သားနှင့် တစ်သက်တာဆုအတွက် လစဉ်ငါးသိန်းကျပ်ထောက်ပံ့ချီးမြှင့်သွားမည်ဖြစ်ပြီး ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို လက်ရှိအချိန်တွင် တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွန်းတင်ကွင်း၌ ကျင်းပရန် ယာယီစီစဉ်ထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**



**ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းပြခန်းယာဉ်ဖြင့် ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီတွင် ရွှေပြည်သာမြို့နယ် အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား သက်ငယ်မုဒိမ်းမှုများမဖြစ်ပွားစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ လူကုန်ကူးမှုမခံရစေရန်နှင့် မူးယစ်ဆေးဝါးဆိုးကျိုးများအကြောင်းတို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူး စိုးမိုးလွင်နှင့် လှော်ကားနယ်မြေစခန်းမှူး ရဲအုပ် စိန်အောင်တို့ ဦးဆောင်၍ မှုခင်းအသိပညာပေးဆောင်ရွက်စဉ်။** နေမျိုးထွန်း(ရွှေပြည်သာ)

**ဘူးသီးတောင်နယ်ခြားစောင့်ရဲကင်း တိုက်ခိုက်ခံရမှုတွင် ကျဆုံးသွားသော ရဲတပ်သား ဖော့ဖာအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က ငွေကျပ် ၁၀ သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံးက ငွေကျပ်တစ်သိန်း၊ နယ်စပ်ခြံစည်းရိုးအဖွဲ့က ငွေကျပ်တစ်သိန်း စုစုပေါင်း ထောက်ပံ့ငွေကျပ် သိန်း ၂၀ ကို ကျိုင်းတုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၁၀ ရက်တွင် ကျိုင်းတုံခရိုင် လွယ်မြွေအုပ်စု နောင်လျှန်ကျေးရွာရှိ ရဲတပ်သားဖော့ဖာ၏ မိဘများဖြစ်သော ဦးအာချေး-ဒေါ်မီတီးတို့ထံသို့ ထောက်ပံ့ပေးအပ်စဉ်။**

မင်းမင်းလတ်(ရူပဗေဒ)



## ဖျာပုံမြို့နယ်အတွင်းရှိ ထူးချွန်ကျောင်းသား ကျောင်းသူများအား လေ့လာရေးခရီးပို့ဆောင်

**ဖျာပုံ ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအုပ်စုအတွင်းရှိ ထူးချွန်ကျောင်းသား ကျောင်းသူများ၏ နေပြည်တော် လေ့လာရေးခရီးစဉ်ကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက စတင်ခဲ့ကြောင်း သိရသည်။

"ဒီအဖွဲ့ထဲမှာ ခရီးဝေးမထွက်ဖူးတဲ့ ကလေးအများစု ပါဝင်နေတယ်၊ ဒီလိုထူးချွန်တဲ့ကလေးတွေ လေ့လာရေး ခရီးပို့ဆောင်ပေးလိုက်ခြင်းအားဖြင့် ကလေးတွေ ဒေသန္တရ ဗဟုသုတတွေရမယ်၊ ပညာကို ပိုကြိုးစားချင်လာမယ်၊ ဒေသအတွက်၊ နိုင်ငံတော်အတွက် အကျိုးပြုမယ့် ပညာတတ်လူငယ်တွေ များများပေါ်လာဖို့ ရည်ရွယ်တယ်၊ မလိုက်ရတဲ့ အတန်းဖော်ကလေးတွေလည်း စားကြိုးစားချင်စိတ်တွေပိုလာမယ်လို့ ယုံကြည်တဲ့အတွက် အခုလို လေ့လာရေးခရီးပို့ဆောင်ပေးရခြင်းဖြစ်ပါတယ်"ဟု သလိပ်ကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက ပြောသည်။

ခရီးစဉ်ကို ဇန်နဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ သတ်မှတ်ထားပြီး နေပြည်တော်ရှိ ထင်ရှားသည့် ဘုရားစေတီများ၊လွှတ်တော်၊စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်၊ ရေပန်းဥယျာဉ် စသည့် အထင်ကရ လေ့လာရန်နေရာများသို့ လေ့လာရေးခရီးသွားရောက်ကြမည်ဖြစ်သည်။

"ဒီခရီးစဉ်အတွက် ကုန်ကျစရိတ်ကို ကျေးရွာပညာရေးကော်မတီက ကုန်ကျခံမှာဖြစ်ပါတယ်။ ဒီကော်မတီအနေနဲ့ ကျေးရွာအတွင်း ပညာရေးကို စိတ်ဝင်စားတဲ့ အလှူရှင်များထံမှ ငွေပဒေသာပင် တစ်ပင်လျှင် တစ်သောင်းနှုန်းဖြင့် အလှူခံထားရှိပြီး၊ နှစ်စဉ်ရရှိသော ငွေပဒေသာပင်အကျိုးအမြတ်များကနေ ကုန်ကျခံပေးခြင်းဖြစ်ပါတယ်"ဟု ခရီးစဉ်တွင် ပါဝင်သူ ဦးကျော်ထင်ထက်က ပြောသည်။

ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအုပ်စုအတွင်း၌ အခြေခံပညာအလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း ငါးကျောင်းရှိရာ ယခုခရီးစဉ်အတွက် ကျောင်းအလိုက် ထူးချွန်ကျောင်းသား ကျောင်းသူများကို ရွေးချယ်လျက် ထူးချွန်ကျောင်းသား ၃၈ ဦး၊ ဆရာ ဆရာမ ခုနစ်ဦးအား ကျေးရွာများမှ ကိုယ်စားပြုပုဂ္ဂိုလ် ငါးဦးက လိုက်ပါဦးဆောင်ကြီးကြပ်၍ လေ့လာရေးခရီးပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **သူဇာနွယ် (ဖျာပုံ)**





## မြန်မာ-တရုတ် နယ်စပ် ကျိန်စမ်းကျော့ဂိတ်တွင် တာဝန်ထမ်းဆောင်မည့် ယာယီကြီးကြပ်ရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်

**မူဆယ် ဇန်နဝါရီ ၁၁**

၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံဘက်မှ ယာယီစတင်ပိတ်လိုက်သည့် မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ကျိန်စမ်းကျော့ (မန်းမန်-နွမ်းရင်)ဂိတ်ကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီမှ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ယာယီကြီးကြပ်ရေးအဖွဲ့အား ဇန်နဝါရီ ၁၁ ရက်မှ စတင်ဖွဲ့စည်းတာဝန်ပေးအပ်သွားပြီဖြစ်ကြောင်း သိရသည်။

ကျိန်စမ်းကျော့ဂိတ်သည် မူဆယ်မြို့ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံဘက်သို့ ကုန်ပစ္စည်းများ တင်ပို့ရာတွင် ရွှေလီမြို့နှင့် ဝမ်တိန်မြို့တို့ကို ဖြတ်ကျော်စရာမလိုအပ်ဘဲ တစ်ဖက်နိုင်ငံသို့ လွယ်ကူစွာဖြင့် တိုက်ရိုက်သယ်ဆောင်နိုင်သည့် အတိုဆုံးလမ်းဖြစ်ကြောင်း သိရသည်။ ကျိန်စမ်းကျော့ဂိတ်ကို ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်ချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အဆိုပါဂိတ်တွင် တာဝန်ထမ်းဆောင်မည့် ယာယီကြီးကြပ်ရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်သွားရန်အတွက်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထပ်မံညွှန်ကြားမှုကြောင့် မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် ယာယီကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဂိတ် (ကျိန်စမ်းကျော့ဂိတ်)တွင် ယာယီကြီးကြပ်ရေးအဖွဲ့များ ဇန်နဝါရီ ၁၁ ရက်မှ စတင်တာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်း သိရသည်။

**ဗန်ရိုးထန်(ပြန်/ဆက်)**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | ဗုဒ္ဓချီးမွမ်းကထိန်သက်န်းနှင့် သံဃာရည်မှန်း မြတ်သင်္ကန်း | သီတဂူဒေါက်တာဘဒ္ဒန္တ သုဏ္ဏစာရာလင်္ကာရ | မျိုးဆက်သစ် | ၂၀၀၀ |
| ၂။ | သမာဓိမျက်လုံး(ဝတ္ထုတိုစု) | နိုင်မြင့် | Global plece | ၃၀၀၀ |
| ၃။ | လူသားအတွက်ကဗျာ | ဝင်းမောင် | လင်းသစ်ရောင်စဉ် | ၂၀၀၀ |
| ၄။ | ဆရာဝန်ကတော်၏ မှတ်တမ်းများ | စိမ်းမြမြ | ရှင်မတောင် | ၅၀၀၀ |
| ၅။ | အိုင်ကျွန်ုပ်နှင့် မြိုင်အရှုပ် | ဂျက်(ကွမ်းခြံကုန်း) | စိတ်ကူးချိုချို | ၃၀၀၀ |
| ၆။ | ကျွန်တကာ့ ကျွန်(ခေါ်) လယ်သမားအရေး | သခင်ဗစိန် | စိတ်ကူးချိုချို | ၂၃၀၀ |
| ၇။ | နေ့စဉ်သတိနှင့် နေထိုင်ခြင်း | ခင်စောတင့် | ကံကော်ဝတ်ရည် | ၅၀၀၀ |
| ၈။ | ဓမ္မပဒ မာလာသံပေါက် ကဗျာများ (တတိယတွဲ) | ဒေါက်တာ ဘဒ္ဒန္တသုတာစာရာလင်္ကာရ | မျိုးဆက်သစ် | ၁၅၀၀ |
| ၉။ | ပီလီ | မြတ်သက် | စိတ်ကူးချိုချို | ၄၅၀၀ |
| ၁၀။ | ငွေဝင်လာဘ်ရှင် ဂါထာတော်များ | ဂမ္ဘီရဆရာလှမျိုး (B.Sc) | မဇ္ဈိမ | ၁၅၀၀ |
| ၁၁။ | အချစ်ရပ်ဝှမ်းဒေသ | ငြိမ်းကျော် | စိတ်ကူးချိုချို | ၄၀၀၀ |
| ၁၂။ | မြန်မာနိုင်ငံ ပါဠိစာပေသမိုင်းဦး (သို့မဟုတ်)သရေခေတ္တရာ ပျူဒေသ၏ ပိဋကတ်ပါဠိ စာပေအခြေအနေ | ဦးအောင်မွန် (မြတ်ဆုမွန်) | ပဋ္ဌာဂံ | ၃၀၀၀ |
| ၁၃။ | မေတ္တာပွဲတင်သံနှင့် အခြားဝတ္ထုတိုများ | မင်းရွှေမင်း | အောင်သပြေစာပေ | ၂၀၀၀ |
| ၁၄။ | ရာဟုလာသံကိစ္စည်း | ပါရဂူ | စိတ်ကူးချိုချို | ၃၅၀၀ |
| ၁၅။ | အပြင်းစားဒိုင်ကြောင်များ | ကျော်ညိုသွေး | ကိုလတ် | ၂၅၀၀ |
| ၁၆။ | မှော်ဆရာတစ်ယောက်ရဲ့ ပန်းပျောက်ရှာပုံတော်ဖွင့်ခန်း | မှော်နတ်ပျို | ကိုလတ် | ၂၀၀၀ |
| ၁၇။ | ကျွန်တော်အင်ဂျင်နီယာ အကောင်းစား၏ ဘဝစာမျက်နှာများ | တင်အောင်မြင့် (R.I.T) | smart | ၃၀၀၀ |
| ၁၈။ | ၇၄ ဦးသန့်ကျောင်းသားလှုပ်ရှားမှုမှသည် အင်းစိန်ထောင်တွင်းတိုက်ပွဲဆီသို့ | ထွန်းအောင်ကျော် (၇၄)မျိုးဆက် | smart | ၆၀၀၀ |
| ၁၉။ | ပြည်သူ့နီတိနှင့် ဒီမိုကရေစီနိုင်ငံသား | ဟိန်းလတ် | momentum | ၁၅၀၀ |
| ၂၀။ | စာပေယဉ်ကျေးမှု | သိပ္ပံမောင်ဝ | စိတ်ကူးချိုချို | ၄၅၀၀ |
| ၂၁။ | မွေးသောရန့်တို့ဖြင့်သာ | ထက်လင်းအောင် | Journalist | ၂၃၀၀ |
| ၂၂။ | ကန္တာရခရီးသည် | ရာပြည့် | ငါတို့စာပေ | ၄၅၀၀ |
| ၂၃။ | မိတ္ထီလာမြို့စား မိဖုရားများသီပေါမင်း၏ နောက်ဆုံးခရီး | ဦးထွဏ်းလွင်(မိတ္ထီလာ) | မျိုးဆက်သစ် | ၂၀၀၀ |
| ၂၄။ | ပြောင်းလဲတိုးတက်သောစီမံခန့်ခွဲ ဦးဆောင်မှု | ဇင်ဖြိုးပိုင်(MESI) | MESI | ၅၀၀၀ |
| ၂၅။ | ငါ့အရောင်ထဲမှာ-၁၃ | ခရောင်း | ဇွန်ပွင့် | ၂၅၀၀ |
| ၂၆။ | ဘတ်တီးရီးယားစက်ရုံ | နေစိမ့် | ဇွန်ပွင့် | ၂၅၀၀ |
| ၂၇။ | ကောင်မလေးရေ. . . လွမ်းလို့ | ထက်လင်းအောင် | Journalist | ၁၅၀၀ |
| ၂၈။ | တရုတ်ငွေကြေးနှင့် ယနေ့ကမ္ဘာ | အလင်းဆက်(IR) | Journalist | ၅၅၀၀ |
| ၂၉။ | မဟာတို့၏ ကျဆုံးခန်း | လှစိုးဝေ | ရုပ်ပြောင်စာပေ | ၆၀၀၀ |
| ၃၀။ | ရက်(၂၀၀)စစ်ပွဲ | ရဲမြလွင် | ကောင်းသန့် | ၄၀၀၀ |
| ၃၁။ | ထောင်မှာတမ်း | မောင်စင်ကြယ် | စိတ်ကူးချိုချို | ၃၂၀၀ |
| ၃၂။ | Real Lives, Recl Stories volume 48, January 2019 | ကလောင်စုံ | the book house | ၅၀၀၀ |
| ၃၃။ | လီကွမ်ယူ စင်ကာပူလိုဖြစ်အောင် ဦးဆောင်ခဲ့သူ | မင်းပုည | အားမာန်သစ် | ၆၀၀ |
| ၃၄။ | မြန်မာနိုင်ငံ ခေတ်အဆက်ဆက် သမ္မတများ | မင်းပုည | အားမာန်သစ် | ၆၀၀ |
| ၃၅။ | လရောင်ဆင်းတဲ့လမ်း | မောင်နိုင်လင်း(ကောလင်း) | ယဉ်မျိုး | ၂၅၀၀ |
| ၃၆။ | မန္တလေး | မောင်နိုင်လင်း (ကောလင်း) | ယဉ်မျိုး | ၂၅၀၀ |
| ၃၇။ | နှစ်နားညီ မုဒိတာ | ကိုကြီးသတ်(ပဋ္ဌရူပ) | ယဉ်မျိုး | ၂၀၀၀ |
| ၃၈။ | နော + ဧသ = ဒသ | နောဧက | ယဉ်မျိုး | ၁၅၀၀ |
| ၃၉။ | ကဗျာရေးတာ သိပ်လွယ်တယ် | ညီ (ပခုက္ကူ) | ယဉ်မျိုး | ၂၀၀၀ |
| ၄၀။ | စီးဆင်းနေတဲ့လမ်းတွေ အက်ဆေးစာသားများ | ကလောင်စုံ | ယဉ်မျိုး | ၃၀၀၀ |

**ဆက်လက်ဖော်ပြပါမည်**

# ရွှေတိဂုံစေတီတော်ကြီး၏ (၅၆၃)ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲနှင့် ထုတိအနုမောဒနာဂုဏ်ပြုလွှာပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စီစဉ်ကျင်းပသော ရွှေတိဂုံစေတီတော်ကြီး၏ (၅၆၃)ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ထုတိအနုမောဒနာ ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်ပွဲ အခမ်းအနားကို ရွှေတိဂုံစေတီတော် ရင်ပြင်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွား တော်များတန်ဆောင်း၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများသည် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော် (သီးခြား)ဝိနည်းဓိုရ်)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရား နာယူခဲ့ကြသည်။

ယနေ့ပြုလုပ်သော အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ၌ ရွှေသက်န်းတော်(ရွှေပြား) အလှူရှင် ၁၄၂ ဦးရှိပြီး ရွှေပြားပေါင်း ၁၇၄ ချပ် အလှူခံရရှိခဲ့ကာ ငွေသားအလှူရှင် ၁၀ ဦး အပါအဝင် အလှူရှင် စုစုပေါင်း ၁၅၂ ဦးတို့က လှူဒါန်းခဲ့ကြပြီး လှူဒါန်းမှု စုစုပေါင်း တန်ဖိုးငွေ ၁၉၇၀၈၉၁၇၄ ကျပ် ဖြစ်ကြောင်း သိရသည်။



**သတင်းနှင့်ဓာတ်ပုံ-ရာမည**

# မဲပေးမည့်လူငယ်များအတွက် အသိပညာပေးသင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် Myanmar Network Organization For Free and Fair Elections (MYNFREL) အဖွဲ့က ၂၀၂၀ ပြည့်နှစ်တွင် ပထမအကြိမ်မဲပေးမည့် လူငယ်များအတွက် နိုင်ငံသား အသိပညာပေးသင်တန်းကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက ဇေယျာသီရိခန်းမ၌ ပြုလုပ်ခဲ့သည်။ သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်မှာ လူငယ်များ ရွေးကောက်ပွဲများတွင် ပိုမိုပါဝင်လာစေရန်နှင့် လူငယ်မဲဆန္ဒရှင်များပါဝင် ဆန္ဒမဲပေးခြင်းသည် မြန်မာနိုင်ငံ၏ဒီမိုကရေစီဖြစ်စဉ်တွင် မည်မျှအရေးပါကြောင်းနှင့်ပထမအကြိမ်မဲဆန္ဒပေးမည့်လူငယ်များ ဆန္ဒမဲပေးသည့်အလေ့အကျင့်ကောင်းများရရှိရေးတို့ကိုရည်ရွယ်၍ အသိပညာပေး ပို့ချပေးခဲ့ပြီး သင်တန်း နောက်ဆုံးရက်တွင် သင့်အသံသင့်မဲ သင့်အနာဂတ် ၂၀၂၀ ပြည့်နှစ်တွင် ပထမအကြိမ် မဲပေးမည့်မဲဆန္ဒရှင်လူငယ်များအစီအစဉ် ပြဇာတ်တင်ဆက်မှုကို သင်တန်းသားများက ပြုလုပ်ခဲ့သည်။ အဆိုပါ သင်တန်းသို့ ရပ်ကွက်၊ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလကို ဇန်နဝါရီ ၇ ရက်မှ ၉ ရက်အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



**ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစမ်းစမ်းအေးနှင့် အဖွဲ့ နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နေ့ကလေးထိန်းကျောင်းသို့ လာရောက်ကြည့်ရှုအားပေးစဉ်။ (ယင်းနေ့ကလေးထိန်းကျောင်းတွင် ကြေးမုံသတင်းစာတိုက်နှင့် မြန်မာ့အလင်းသတင်းစာတိုက်တို့မှ ဝန်ထမ်းသားသမီး ၁၇ ဦး၊ နေပြည်တော်ပုံနှိပ်စက်ရုံမှ ၁၂ ဦးနှင့် အနီးပတ်ဝန်းကျင်မှ ငါးဦး စုစုပေါင်း ၃၄ ဦး တက်ရောက်လျက်ရှိသည်။)** (ကြေးမုံ)

# မန်းရေနံမြေဒေသခံတောင်သူများ ရေဆင်း-၁၂ ကုလားပဲစံပြစိုက်ကွက်များသို့ ကွင်းဆင်းလေ့လာ

**မင်းဘူး ဇန်နဝါရီ ၁၁**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P Pte., Ltd. နှင့် မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့၏ ပူးပေါင်းစီစဉ်ပံ့ပိုးမှုဖြင့် မင်းဘူး (စကု)မြို့နယ်ရှိ လေးအိမ်တန်းကျေးရွာတွင် စိုက်ပျိုးထားရှိသည့် ရေဆင်း-၁၂ ကုလားပဲစံပြစိုက်ကွက်များသို့ မန်းရေနံမြေဒေသခံ တောင်သူများ ဇန်နဝါရီ ၈ ရက်တွင် ကွင်းဆင်းလေ့လာခဲ့သည်။

MPRL E&P Pte., Ltd. သည် မန်းရေနံမြေဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဒေသခံတောင်သူများ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးများ ပြောင်းလဲအသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီရေး၊ စားသုံးသူများ ဘေးဥပဒ်ကင်းရှင်းရေးတို့အတွက် မျိုးစေ့ရွေးချယ်အသုံးပြုနည်း၊ GAP စနစ်ဖြင့် စနစ်တကျစိုက်ပျိုးနည်း၊ သဘာဝပိုးသတ်ဆေးနှင့်သဘာဝမြေဩဇာများ ကိုယ်တိုင်ထုတ်လုပ်နည်းများကို ဒေသခံတောင်သူများအား မျှဝေနိုင်စေရန် ရည်ရွယ်၍ မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မန်းရေနံမြေထိစပ်ကျေးရွာများဖြစ်သည့် ချင်တောင်၊ ကျွဲချ၊ လေးအိမ်တန်းနှင့် မန်းကျိုးကျေးရွာများတွင် ကုလားပဲစံပြစိုက်ကွက် ၁၀ ဒသမ ၅ ဧကကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း စိုက်ပျိုးခဲ့သည်။

အဆိုပါ တောင်သူကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက GAP စနစ်ဖြင့် စိုက်ပျိုးပြီးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ရေဆင်း-၁၂ ကုလားပဲမျိုးသန့်စံပြစိုက်ခင်းများ၊ ဘေးကင်းသည့် ပိုးသတ်ဆေး အသုံးပြုနည်းစနစ်များ၊ ကိုယ်တိုင်ထုတ်လုပ်နိုင်သည့် သဘာဝပိုးသတ်ဆေး ထုတ်လုပ်နည်းများကို ဒေသခံစိုက်ပျိုးတောင်သူများအား လက်တွေ့ရှင်းလင်းပြသခဲ့သည်။ လေးအိမ်တန်းကျေးရွာတွင် ကျင်းပသည့် တောင်သူကွင်းသရုပ်ပြပွဲသို့ မင်းဘူး (စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးသိန်းနိုင်ဝင်း ဦးဆောင်သည့် အဖွဲ့ဝင် ၁၃ ဦးနှင့် စိုက်ပျိုးတောင်သူ ၆၀ တို့ပါဝင်လေ့လာခဲ့ကြသည်။ **သတင်းစဉ်**



# မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၄ ဦး တာချီလိတ်မြို့၌ ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၄ ဦးကို ထိုင်းနိုင်ငံ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီက တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် CNCMC တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၁ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား အရေအတွက်မှာ ယခုလွှဲပြောင်းပေးအပ်ခဲ့သည့် အလုပ်သမား ၁၄ ဦး အပါအဝင် အမျိုးသား ၃၇ ဦး၊ အမျိုးသမီး ၂၂ ဦးနှင့် ကလေးတစ်ဦး စုစုပေါင်း ၆၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**






❂ စာမျက်နှာ ၆ မှ

### အရေးကြီးပြီ သွေးစည်းညီညာကြစို့


ယနေ့ အဘက်ဘက်မှ စိန်ခေါ်မှုများကျော်လွှားနိုင်ရေးနှင့် တိုင်းပြည်စီးပွားရေး စဉ်ဆက်မပြတ် တိုးတက်လာစေရေးအတွက် နိုင်ငံတော်မှဦးဆောင်ပြီး ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးစားဆောင်ရွက်ရမည့် အချိန်ဖြစ်သည်။

အထူးသဖြင့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်ကို နိုင်ငံသားတိုင်း အလေးအနက်ခံယူပြီး ခေတ်မီတိုးတက်အေးချမ်းသာယာသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်နိုင်ရန် ပြည်သူအားလုံးပါဝင်သော စုပေါင်းအင်အားဖြင့် ကြိုးစားဖော်ဆောင်ရမည်ဖြစ်သည်။ စီးပွားရေးသည် အခြေခံဖြစ်သည့်အတွက် နိုင်ငံတော်က ဖွင့်လှစ်ပေးလိုက်သည့် စီးပွားရေးအခွင့်အလမ်းသစ်များ အမြန်ဆုံးအသုံးချနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများအထူး အလေးထားကြိုးစားရမည်ဖြစ်သည်။ အတိတ်သင်ခန်းစာများအရ စီးပွားရေးပြုပြင်ပြောင်းလဲမှုများဖော်ဆောင်ရာတွင် ပြည်သူ့အကျိုးစီးပွား မည်မျှဖြည့်ဆည်းနိုင်သည်ဆိုသည်ကိုလည်း အစဉ်အမြဲစောင့်ကြည့်လေ့လာပြီး အမြန်ဖြေရှင်းရမည်ဖြစ်သည်။ စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးသည် နိုင်ငံအတွက် အရေးအကြီးဆုံးဖြစ်၍ နိုင်ငံသားအားလုံး အရည်အချင်းပြည့်ဝပြီး စွမ်းဆောင်ရည်ရှိသူများဖြစ်လာစေရန် အားသွန်ခွန်စိုက်ကြိုးစားပြီး မိမိဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်တိုးတက်ခြင်းမှတစ်ဆင့် နိုင်ငံအကျိုးစီးပွားကိုပါ မြှင့်တင်နိုင်မည်ဖြစ်သည်။ နိဂုံးအားဖြင့် မြန်မာနှင့် ကမ္ဘာ့စီးပွားရေးသမိုင်းကြောင်းများအရ ယနေ့နိုင်ငံတော်မှ ဇောင်းပေးဖော်ဆောင်နေသည့် ပီပြင်သည့်ဈေးကွက်စီးပွားရေးစနစ်နှင့် အပြင်ကြည့်စီးပွားရေးပေါ်လစီသည် မကြာမီမြန်မာ့စီးပွားရေးတိုးတက်မှုအရှိန်ကို ပိုမိုမြှင့်တင်ပေးမည်မှာ မုချမသွေဖြစ်ပါသည်။

**ရည်ညွှန်း**

Hla Myint - The Inward and Outward Looking Countries of South East ဌာန
မြတ်သိန်း - မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆန်းစစ်ချက် (သက်ထွန်းဦး မြန်မာပြန်) Wisdom House, 2015.
မောင်အောင် - ဖွံ့ဖြိုးစေဖို့ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း Global Supply Chain သို့ ပိုမိုဝင်ရောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုဆောင်းပါးများ Development Articles, Wisdom House, 2016.

## ကာတွန်း




# ရန်ကုန်အခြေစိုက်ရိုက်တာသတင်းထောက်နှစ်ဦး၏ အယူခံတင်သွင်းမှုအား တိုင်းဒေသကြီးတရားလွှတ်တော်မှ မူလရုံးတွင်ချမှတ်ထားသည့်အမိန့်အတိုင်း ဆုံးဖြတ်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေဖြင့် စွဲချက်တင်ထောင်အမိန့်ချမှတ်ခံထားရသည့် ရန်ကုန်အခြေစိုက်ရိုက်တာသတင်းဌာနမှသတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦး (ခ)မိုးအောင်တို့၏ တိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံတင်သွင်းထားရာ ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးတရားလွှတ်တော်က မူလရုံးတွင်ချမှတ်ခဲ့သော အမိန့်အတိုင်းပြင်ဆင်ခြင်းမရှိ ချမှတ်လိုက်ကြောင်း သိရသည်။

ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြောက်ပိုင်းခရိုင် တရားရုံးတွင်ရုံးချိန်း ၃၈ ချိန်းမြောက်အဖြစ် စက်တင်ဘာ ၃ ရက်မှာ ရန်ကုန်မြောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး(၆) ဦးရဲလွင် တရားခွင်မှာ စာမျက်နှာ ၂၂ မျက်နှာ ပါရှိသည့် အပြီးသတ်အမိန့်ချမှတ်ရာ၌ အမှုအကြောင်းအရာအကျဉ်းချုပ်ကို တရားလိုနှင့် တရားခံတို့၏ နှစ်ဖက်သက်သေများ ထွက်ချက်အပေါ် တရားခံများအား မြန်မာနိုင်ငံစွဲချက်တင်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သုံးသပ်ပြီး တရားခံနှစ်ဦးအား စွဲချက်တင်ထားသော မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေ ၃ (၁) (ဂ) အရ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသည်ဟုတွေ့ရှိရ၍ ၎င်းတို့ နှစ်ဦးအပေါ် စွဲဆိုထားသည့် ဥပဒေပုဒ်မအရပင် ထောင်ဒဏ် ခုနစ်နှစ်စီ ကျခံစေရန်နှင့် ချုပ်ရက်များဖြစ်သော ၁၂ -၁၂- ၂၀၁၇ ရက်မှ ၃ -၉- ၂၀၁၈ ရက်ထိ အချုပ်ကာလအသီးသီးကို ၎င်းတို့ကျခံရမည့် ပြစ်ဒဏ်ကာလ ထုတ်နုတ်ကျခံစေရန်ဟူ၍ ချမှတ်လိုက်သည့် အမိန့်အပေါ် ကျေနပ်မှုမရှိ၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံတင်သွင်းသောအမှုဖြစ်ကြောင်း သိရသည်။

**ရွှေမြိုင်မောင်ဖုန်း**



# မက္ကဆီကိုနယ်စပ်တစ်လျှောက် အရေးပေါ်အခြေအနေကြေညာမည်ဟု သမ္မတထရန့် ခြိမ်းခြောက်



**ဝါရှင်တန် ဇန်နဝါရီ ၁၁**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မက္ကဆီကိုနယ်စပ်၌ တံတိုင်းကာရံရန် သဘောတူညီမှုမရှိပါက တရားမဝင် ရွှေ့ပြောင်းဒုက္ခသည်များ၏ အန္တရာယ်ကို ကာကွယ်သည့်အနေဖြင့် မက္ကဆီကိုနယ်စပ်တစ်လျှောက်တွင် အရေးပေါ်အခြေအနေ ကြေညာမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့သည်ဟု ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

## သဘောတူညီမှုမရှိသေး

အဆိုပါတံတိုင်းကာရံရန် လိုအပ်သည့် ရန်ပုံငွေနှင့်ပတ်သက်၍ သမ္မတထရန့်နှင့် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်များအကြား သဘောတူညီမှုမရှိသေးသည့်အတွက် အစိုးရယန္တရားလည်ပတ်မှု ရပ်ဆိုင်းထားခြင်းမှာ ဇန်နဝါရီ ၁၂ ရက်တွင် ရက်ပေါင်း ၂၂ ရက်အထိ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

သမ္မတထရန့်က ၎င်းအနေဖြင့် နယ်စပ်တစ်လျှောက် အရေးပေါ်အခြေအနေကြေညာနိုင်သည့် အခွင့်အာဏာရှိကြောင်း Fox News သတင်းဌာနနှင့် အင်တာဗျူးတစ်ရပ်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

## ခွင့်ပြုရန် ငြင်းပယ်

မက္ကဆီကိုနယ်စပ်တွင် ကွန်ကရစ် (သို့မဟုတ်)စတီး တံတိုင်းကာရံနိုင်ပါက နယ်စပ်တွင် မကြာခဏဖြစ်ပွားလေ့ရှိသည့် အကြမ်းဖက်မှုများ၏အန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သမ္မတထရန့်က ဆိုသည်။

ဒီမိုကရက်တစ်ခေါင်းဆောင်များကလည်း နယ်စပ်တွင် ရွှေ့ပြောင်းဒုက္ခသည်များအနေဖြင့် ဆိုးရွားသော ပြစ်မှုကျူးလွန်မှုများ မရှိနိုင်ပါဟုဆိုကာ တံတိုင်းကာရံရန် ရသုံးလိုငွေ ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံကို ခွင့်ပြုရန် ငြင်းပယ်ခဲ့သည်။

သမ္မတထရန့်က ကွန်ဂရက်အနေဖြင့် သူ့အားရန်ပုံငွေခွင့်ပြုပေးရန် နိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်လျက်ရှိသည့် လူဝင်မှုကြီးကြပ်ရေးပြဿနာများအပါအဝင် အုတ်တံတိုင်းကာရံမည့် အစီအစဉ်နှင့်ပတ်သက်ပြီး အချေအတင်ဆွေးနွေးရန် အဆင်သင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းသို့ ပြောကြားခြင်းသည် ဒီမိုကရက်တစ်ခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လမ်းဖွင့်ပေးခဲ့ခြင်း ပင်ဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။ **အေအက်ဖ်ပီ**



# ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့ စတင်ဆုတ်ခွာ

**ဝါရှင်တန် ဇန်နဝါရီ ၁၁**
ဆီးရီးယားနိုင်ငံရှိ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့ တပ်ဖွဲ့ဝင်များ စတင်ဆုတ်ခွာပြီဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များအား ရုပ်သိမ်းမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ကြေညာချက်ထုတ်ပြန်ခဲ့ပြီး တစ်လမပြည့်မီတွင် တပ်ဖွဲ့များ စတင်ဆုတ်ခွာခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းရှိ ဟာဆာကက်ရှ်ပြည်နယ် ရာမီလန်လေယာဉ်ကွင်း၌ တပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့များကို စတင်ဆုတ်ခွာမှုပြုလုပ်ခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီ ၁၀ ရက်တွင် ရာမီလန်စစ်အခြေစိုက်စခန်းမှ အမေရိကန်တပ်ဖွဲ့ဝင်အချို့ စတင်ဆုတ်ခွာခဲ့ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ အကြီးအကဲ ရာမီအဗ္ဗဒယ် ရာ့ချ်မန်က ပြောကြားသည်။

ယင်းဆုတ်ခွာမှုမှာ လွန်ခဲ့သည့်လအတွင်းက ဆီးရီးယားနိုင်ငံအတွင်းရှိ အမေရိကန်တပ်ဖွဲ့များအားလုံးကို ရုပ်သိမ်းမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကြေညာခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းမှုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ဆီးရီးယားနိုင်ငံမှ အမေရိကန်တပ်ဖွဲ့များအား ရုပ်သိမ်းရန် မိမိ အမိန့်ပေးထားပြီးဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။ ဆီးရီးယားနိုင်ငံတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၂၀၀၀ နီးပါးခန့်ရှိသည်ဟု ယုံကြည်ရသည်။ **အေအက်ဖ်ပီ**

# အီရတ်အနောက်ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက် နှစ်ဦးသေ၊ ၂၅ ဦး ထိခိုက်ဒဏ်ရာရ



**ဘဂ္ဂဒက် ဇန်နဝါရီ ၁၁**
အီရတ်နိုင်ငံအနောက်ပိုင်း ဆီးရီးယားနယ်စပ်အနီးရှိ အယ်လ်ကွမ်မြို့တွင် ဇန်နဝါရီ ၁၁ ရက်က ကားဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ခြင်းကြောင့် လူနှစ်ဦးသေဆုံးပြီး ၂၅ ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း အီရတ်တာဝန်ရှိသူတစ်ဦးနှင့် လုံခြုံရေးဆိုင်ရာ သတင်းရင်းမြစ်များက ပြောကြားသည်။

## လူနှစ်ဦးသေဆုံး

အယ်လ်ကွမ်မြို့၏ ဈေးတစ်ဈေးတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် လူနှစ်ဦးသေဆုံးပြီး အခြားလူ ၂၀ နှင့်အတူ ရဲတပ်ဖွဲ့ဝင် ငါးဦးလည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အယ်လ်ကွမ်မြို့ကောင်စီအကြီးအကဲ နက်ဟင်း ဒူလီမီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပြင်းထန်သော ယင်းကားဗုံးပေါက်ကွဲမှုကြောင့် ဈေးဆိုင် ၂၀၊ အနီးနားရှိ အဆောက်အအုံနှစ်လုံးနှင့် အရပ်ဘက်မော်တော်ယာဉ် ခုနစ်စီးတို့မှာ ဆိုးရွားစွာပျက်စီးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာ အနည်းငယ်မျှသာ ရရှိခဲ့သူများသည် အယ်လ်ကွမ်မြို့ရှိ ဆေးရုံတွင် ဆေးကုသမှုခံယူပြီး ဆေးရုံမှ ဆင်းသွားကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် အယ်လ်ကွမ်မြို့မှ လူသိများထင်ရှားသည့် ဈေးတစ်ဈေးအတွင်းသို့ ဗုံးထောင်ထားသည့် ကုန်တင်ယာဉ်တစ်စီး အလျင်အမြန်ဝင်လာပြီး ယင်းသို့ ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် အယ်လ်ကွမ်မြို့သည် အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၏အနောက်ဘက် ကီလိုမီတာ ၄၀၀ အကွာတွင် တည်ရှိသည်။

## လုံခြုံရေးအခြေအနေတိုးတက်

အီရတ်အစိုးရတပ်ဖွဲ့များက အီရတ်နှင့် ဆီးရီးယားနိုင်ငံ နယ်စပ်တစ်ဝန်းနှင့် နိုင်ငံအနောက်ပိုင်းရှိ သဲကန္တာရများတည်ရှိရာ အနီးထိ သိမ်းယူခဲ့ပြီး ယင်းဒေသအား အစ္စလာမ့်စ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) တို့လက်မှ အပြည့်အဝလွတ်မြောက်စေခဲ့ကြောင်း ကြေညာခဲ့ပြီးနောက်တွင် အီရတ်နိုင်ငံ၏လုံခြုံရေးအခြေအနေမှာ အံ့သြဖွယ်ကောင်းလောက်အောင် တိုးတက်လာခဲ့သည်။

သို့သော်ငြားလည်း အိုင်အက်စ်၏အစုအဖွဲ့ငယ်များ သို့မဟုတ် အကြမ်းဖက်သမားတစ်ဦးချင်းတို့သည် အိမ်နီးချင်း ဆီးရီးယားနိုင်ငံဘက်ခြမ်းမှ ကီလိုမီတာ ၆၀၀ နီးပါး ရှည်လျားသည့် နယ်စပ်ဒေသတစ်လျှောက်မှ အီရတ်နိုင်ငံတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းနေဆဲ ဖြစ်သည်။

**ဆင်ဟွာ**

## သတင်းပဒေသာ သိမှတ်ဖွယ်ရာ

### ရွေးကောက်ပွဲဆိုင်ရာသင်တန်းဖွင့်ပွဲ ကျင်းပမည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်းပြုလုပ်သည့် The Capacity Development Programme on Voter Registration သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် လေရှီးမြို့၌ ကျင်းပမည်

၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ကျင်းပသွားမည်ဖြစ်သည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ပြခန်းများ၊ ရိုးရာယဉ်ကျေးမှု မီးပုံပွဲများနှင့် မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှု အကများဖြင့် စည်ကားသိုက်မြိုက်စွာ နှစ်စဉ်ကျင်းပလျက်ရှိပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့များတွင် အလှည့်ကျကျင်းပလျက်ရှိရာ ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နန်းယွန်းမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

### ခေတ်ပြိုင်ပန်းချီဆရာ ၁၇ ဦး၏လက်ရာပန်းချီပြပွဲ ကျင်းပမည်

ဒေသခံပြည်သူလူထုနှင့် နိုင်ငံကျော်ပန်းချီပညာရှင်များ ပူးပေါင်းပါဝင်ကြသော ပန်းချီပြပွဲများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(ရန်ကုန်)တွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ စတင်ကျင်းပလျက်ရှိရာ ယခုအခါ ခေတ်ပြိုင်ပန်းချီဆရာ ၁၇ ဦး၏ အမျိုးအစားစုံ ပန်းချီကားချပ်များဖြင့် ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက် အထိ အမျိုးသားပြတိုက်(ရန်ကုန်) တွင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရပြီး အဆိုပါပန်းချီပြပွဲသို့ စိတ်ပါဝင်စားကြသည့် မည်သူမဆို အခမဲ့ ဝင်ရောက်လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ သိရသည်။

**မောင်မောင်မျိုး**

### အခြေခံရိုက်ကူးထုတ်လုပ်မှုသင်တန်း ဖွင့်လှစ်မည်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့နှင့် ကိုရီးယားနိုင်ငံ For Basic Media Education (Editing)တို့ ပူးပေါင်းကျင်းပသော "Smart Phone Director" ခေါင်းစဉ်ဖြင့် အခြေခံရိုက်ကူးထုတ်လုပ်မှုသင်တန်းကို ဇန်နဝါရီ ၁၄ ရက်မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ခြောက်ရက်တာသင်တန်းအဖြစ် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀)ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ "ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ"(Film Development Centre)၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းသင်ကြားခြင်းအားဖြင့် အနုပညာဖန်တီးမှု အခြေခံရရှိစေနိုင်ခြင်း၊ နေ့စဉ် လူအများအသုံးပြုနေသော Smart Phone ဖြင့် အခြေခံရိုက်ကူးထုတ်လုပ်မှုပညာရပ်များဖြစ်သည့် ကင်မရာအသုံးပြုခြင်း၊ ရိုက်ကူးရေးအစီအစဉ်ရေးဆွဲခြင်း၊ တည်းဖြတ်ခြင်း အစရှိသည့် အကျိုးကျေးဇူးများရရှိနိုင်မည့်အပြင် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ရစေမည်ဖြစ်သည်။ အဆိုပါသင်တန်းကို ကိုရီးယားနိုင်ငံမှ ဦးအောင်တင်ထွန်း(Former MWTV Chief Director) နှင့် Mr. Jun Mir (Former MWTV News PD & Media Education Team) တို့က သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

### အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ နည်းပညာအကူအညီဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား "တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ" ခေါင်းစဉ်ဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ပြင်ပပညာရှင်များ၊ မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

**သတင်းစဉ်**

## ဖျာပုံခရိုင်အတွင်းရှိ ကျွန်းပတ်တာနှင့် ရေငန်တားတာများ စစ်ဆေး

**ဖျာပုံ ဇန်နဝါရီ ၁၁**

ဖျာပုံခရိုင်အတွင်း တာတမံများကြံ့ခိုင်မှုရှိရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်လင်းဦး ဦးဆောင်သော တာတမံစစ်ဆေးရေးအဖွဲ့သည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းမှ စတင်၍ ကွင်းဆင်းစစ်ဆေးခဲ့သည်။

"မြစ်ရေကြီးပြီး မိုးများလေ့ရှိတဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ အထူးသဖြင့် တာတမံတွေကောင်းမွန်ခိုင်ခံ့နေဖို့ လိုအပ်ပါတယ်။ ဒါမှသာ ပြည်သူတွေအတွက် ရေကြီးနစ်မြုပ်မှုဘေးက လွတ်ကင်းနိုင်သလို ဒေသစီးပွားရေးဖြစ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းလည်း အောင်မြင်နိုင်မှာဖြစ်ပါတယ်" ဟု ဖျာပုံမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်က ပြောသည်။

အဆိုပါ တာတမံစစ်ဆေးရေးအဖွဲ့သည် ၂၀၁၈ ခုနှစ် မိုးရာသီကာလကုန်ဆုံးပြီးနောက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းပတ်တာနှင့် ရေဘေးကာကွယ်ရေးတာ၊ ရေငန်တားတာများ၏ လက်ရှိအခြေအနေ၊ တာတမံကြံ့ခိုင်မှုအခြေအနေနှင့် ပြုပြင်ရန်လိုအပ်သည့် အခြေအနေများကို ဦးစားပေးတာများအလိုက် ကွင်းဆင်းစစ်ဆေးနေခြင်းဖြစ်ပြီး ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်အထိ မအူပင်၊ ဟင်္သာတ၊ လပွတ္တာနှင့် ပုသိမ်ခရိုင်များသို့ ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**



# ကျောက်မဲ-နောင်ချို-ဂုတ်တွင်းလမ်းပိုင်း ခြောက်ထပ်ကွေ့၌ တွဲယာဉ်တစ်စီးတိမ်းမှောက်၍ လမ်းပိတ်ဆို့မှုဖြစ်ပွား

**သီပေါ ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-သီပေါ-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ-နောင်ချို-ဂုတ်တွင်းလမ်းပိုင်း ခြောက်ထပ်ကွေ့ မိုင်တိုင်



(၈၄/၃-၄)၌ ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်က နေကြာအိတ် ၉၀၀ ကျော် တင်ဆောင်လျက် မူဆယ်မှ မန္တလေးသို့ ယာဉ်မောင်း မျိုးညွန့်ဦး မောင်းနှင်လာသော ယာဉ်သည် ကုန်ချိန်များ၍ နောက်တွဲလဲသွားပြီး လမ်းညာဘက်သို့ တိမ်းမှောက်ကာ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် မန္တလေးမှတက်လာသောယာဉ်များ နောင်ချိုမြို့ စိမ်းလဲ့ကန်သာတွင်လည်းကောင်း၊ မူဆယ်၊ လားရှိုးမှ လာသော အဆင်းယာဉ်များကို ကျောက်မဲမိုးမြင့်သာနှင့် ရေကန်တောင်၌လည်းကောင်း ခေတ္တရပ်နားထားရသည်။

ယာဉ်ကြောပိတ်ဆို့မှု ကြာရှည်စွာ မဖြစ်ပေါ်စေရေးအတွက် ကျောက်မဲခရိုင် အမှတ် ၁၂၀ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဂုတ်တွင်းရဲကင်းနှင့် နောင်ပိန်ရဲကင်းတို့မှ တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ညနေ ၆ နာရီခွဲတွင် ဂုတ်တွင်းလမ်းပိုင်း ပြည်လည်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၂-၁-၂၀၁၉ (စနေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၈း၃၅ | ပြည်သူ့အတွက်ဥပဒေစကားဝိုင်း "ဥပဒေမျက်စိပွင့်စေချင်လွန်းလို့" |
| ၉း၃၅ | မြစ်မခမီဒီယာ"စာတတ်ဖို့ ဝင်ငွေကောင်းဖို့ အသက်ရှည်ဖို့" |
| ၁၁း၅၀ | NHK Programme " ကျွမ်းကျင်ပညာရှင်" (အနုစိတ်ခွဲစိတ်မှုသုံးအပ် ဖန်တီးရှင်) |
| ၁၁း၂၀ | ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး"ပဲပင်ပေါက်" |
| ၁၂း၃၅ | မြန်မာဇာတ်လမ်းတွဲ"စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၆) "ကြာမူရှင်"(ဇာတ်သိမ်း) (ထိုက်တန်လင်း၊ မင်းသာ King၊ မေပန်းချီ၊ နေထိုက်၊ ညီဂျော်) (ဒါရိုက်တာ-ဟိန်းဇော်) |
| ၁၃း၄၅ | ဟိုတုန်းက. . . ကက်ဆက်ဇာတ်လမ်းများ"ရွှေအသဲ ငွေအသဲ စိန်နှင့်ခွဲ"(ထက်နေချမ်း၊ ဘလိတ်၊ အာဒံဦး၊ စောယုနန္ဒာ၊ ငြိမ်းဖြူ) (ဒါရိုက်တာ- သီတာလင်း) |
| ၁၅း၁၅ | MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက် FC အသင်းနှင့် ဟံသာဝတီယူနိုက်တက် FC အသင်း) |

**ညပိုင်း**

| | |
|---|---|
| ၁၇း၃၀ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း-၅၆) |
| ၂၀း၃၅ | "ရာဇဝင်ထဲကသမိုင်းအနုပညာ" (ရှေးမြန်မာအုတ်ကျောင်းတော်ကြီးများ)(မဟာဂူကြီးတိုက်သစ်) - "ရဟန်းစားရသောဆွမ်းတစ်နပ်" - အစီအစဉ်ပြီး၏။ |

# ပေါင်မြို့နယ်၌ ယာဉ်တစ်စီးတိမ်းမှောက် ယာဉ်ပေါ်ပါသူ လေးဦး ဒဏ်ရာများရရှိ

**ပေါင် ဇန်နဝါရီ ၁၁**

ပေါင်မြို့နယ် ဖြူဘကျေးရွာ အင်းပြောင်အကွေ့ ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်တွင် ဇန်နဝါရီ ၉ ရက် ညပိုင်းက သထုံမှ ပေါင်မြို့သို့ အောင်ဆန်းလင်း မောင်းနှင်လာသည့် ကုန်တင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းသို့ တိမ်းမှောက်သွားခဲ့ပြီး ယာဉ်ပေါ်လိုက်ပါသူ လေးဦးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် မော်လမြိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ဆန်းလင်းအား ပေါင်မြို့မရဲစခန်းက ဥပဒေအရ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# မံစီမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကျော် သိမ်းဆည်းရမိ

**မံစီ ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် မံစီမြို့နယ် ဟန်ထက်-မန်ရ ကားလမ်းပေါ်၌ ဇန်နဝါရီ ၁၀ ရက် ညနေ ၃ နာရီက ဆိုင်ကယ်စီးနင်းလာသူ အမျိုးသမီးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု ၁ ဗန်းမော်မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ မံစီမြို့နယ် ဟန်ထက်-မန်ရ ကားလမ်း၌ စောင့်ဆိုင်းနေစဉ် သင်းသင်းခိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ကပ်ခွာအိတ်များဖြင့်ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၅၇၉၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးအား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါမူးယစ်ဆေးဝါးများမှာ တစ်ရပ်ကွက်တည်းနေ ခင်မာလွင်(ခ)မာလွင်က အခကြေးငွေဖြင့် သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့၍ ခင်မာလွင်(ခ)မာလွင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ ရှာဖွေတွေ့ရှိခြင်းမရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သင်းသင်းခိုင်နှင့် ခင်မာလွင်(ခ)မာလွင်တို့နှစ်ဦးအား မံစီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကသာ၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောလုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧရာဝတီမြစ်အတွင်း တရားမဝင်ဖမ်းဆီးရေးဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၉ ရက်က ကသာမြို့နယ် ညောင်ခြေထောက်ကျေးရွာအထက် တစ်မိုင်ခန့်အကွာတွင် ဖောင်တွဲ ၁၁ တွဲ၊ ရေဘုတ်ကျေးရွာတစ်ဖက်ကမ်းတွင် လှေတွဲ နှစ်တွဲ စုစုပေါင်း ၁၃ တွဲတွေ့ရှိပြီး ၎င်းဖောင်တွဲများမှ ကညင်သစ်လုံး စုစုပေါင်း ၁၃၅ လုံး(၈၇ ဒသမ ၁၀၂၀ တန်)အား သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသည့် ဖောင်တွဲ ၁၁ တွဲ၏ပိုင်ရှင်မှာ ဦးနေလင်းအောင်နှင့် ဦးရဲလင်းအောင်တို့ဖြစ်ပြီး ကင်းရွာ စစ်ကိုင်းမြို့နေထိုင်သူများဖြစ်သည်။ ဖောင်တွဲ နှစ်တွဲ၏ပိုင်ရှင်မှာ ဦးဇော်ဝင်း(နေရပ်စုံစမ်းဆဲ)ဖြစ်ပြီး ၎င်းတို့အား သစ်တောဥပဒေပုဒ်မ ၄၁(က)အရ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**



# ရှေ့နေနှင့် စာရေးဆရာ

ဦးဟန်ညွန့်(ဥပဒေ)

**နိဒါန်း**

"ဆရာ"
"ဗျာ"
"ဆရာကရှေ့နေလား"
"စာရေးဆရာလား"
"ဗျာ"
"ဖြေဦးလေဆရာရဲ့"
"ဒီလိုဗျ"

**ငယ်စဉ်ဘဝ**

အမေးရှိ၍ အဖြေရှိရတော့မည်။ ငယ်စဉ်ဘဝကို ပြန်တွေးကြည့်လျှင် မနေ့တစ်နေ့ကလိုပါပဲ။ တောသား။ အညာသား။ ရှားရှားပါးပါး၊ ဆင်းဆင်းရဲရဲနှင့် ဘဝကို ရုန်းကန်ခဲ့ရသူ။ မိဘများကပညာတတ်ဖြစ်အောင် အခြေချလေ့ကျင့်ပေးခဲ့ရသူ။ မြန်မာ့ဓလေ့ကို ပျော်မွေ့အောင် လမ်းညွှန်ခံရသူ။ မြန်မာဘုန်းကြီးကျောင်းမှာ ဘုန်းကြီးကျောင်းသားအဖြစ် ဘာသာရေးစာပေတွေကို ကျက်မှတ်ခံရသူ။ တရားမျှတခြင်းကို လက်တွေ့သင်အံ လေ့ကျက်ခံရသူ။ ကဗျာစာပေလင်္ကာမှန်သမျှ အလွတ်ရအောင် ဘုန်းကြီးကျောင်းများ၏ ဩဝါဒခံယူရသူ။ ပခုက္ကူသာသနာစာပေကျောင်းတိုက်ကြီးများမှ စာအံသံများကို နေ့စဉ်ရက်ဆက် ကြားနာဖတ်ရှုခံရသူ။ လက်ဆင့်ကမ်းစာပေအမွေများကို ဝါသနာထုံလွန်း၍ သုတေသီပညာရှင်အသီးသီးထံမှ သင်အံကျက်မှတ်ခံရသူ။ ထိုထိုသောဘဝအလီလီများကြောင့် တစ်နေ့တွင် တရားဥပဒေလောကသို့ တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ။

**လူထုဦးလှ၊ လူထုဒေါ်အမာ**

၁၉၆၄ ခုနှစ် မန္တလေးအထက်တန်းကျောင်းသားဘဝမှာ သတင်းစာဆရာကြီးလူထုဦးလှ၊ လူထုဒေါ်အမာတို့ ၏ လူထုသတင်းစာသည် ကျွန်တော့်ဘဝ၏ လက်ဦးဆရာ။ ကနဦးဘဝအလင်းရောင်။ စာပေအလင်းရောင်။ သတင်းစာအလင်းရောင်၊ သတင်းအလင်းရောင်၊ အမှန်တရားအလင်းရောင်၊ကျောင်းသားအလင်းရောင်၊ ရဲရင့်သောအလင်းရောင်၊ မဟုတ်မခံအလင်းရောင်စသည့် ရောင်စုံအဖြာဖြာ။ ရစ်ပတ်လွှမ်းခြုံခဲ့သည်သာ။

**ဆရာကြီးဦးသိန်းဖေမြင့်**

စာရေးဆရာသတင်းစာဆရာကြီး ဦးသိန်းဖေမြင့်နှင့် ၁၉၆၈ ခုနှစ်တွင် ရန်ကုန်မှာတွေ့သည်။ ဆရာကြီးက ဗိုလ်တထောင်သတင်းစာအယ်ဒီတာချုပ်၊ ကျွန်တော်ကတက္ကသိုလ်ကျောင်းသား၊ ဥပဒေဆောင်းပါးတွေရေးချင်သူ၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားသတင်းတွေရေးချင်သူ၊ သတင်းစာထဲမှာသတင်းရေး၍ ထည့်ချင်သူ။ တက္ကသိုလ်နှင့် သတင်းစာပေါင်းကူးပမာဆက်သွယ်ခဲ့သူ။ ဤသို့သော ဘဝဇာတ်လမ်းတွေက ကျွန်တော့်အား စာရေးဆရာမျိုးစေ့ချပေးခဲ့ခြင်းပင်မဟုတ်လား။

**ဝန်ကြီးချုပ်ဦးနုက ဤသို့ရေးသည်**

သိန်းဖေမြင့်သည် မြန်မာစာပေလောကတွင် သာမက ကမ္ဘာ့စာပေလောကတွင် ထိပ်ဆုံးတန်းသို့ ရောက်နိုင်သော အရည်အချင်းများနှင့်ပြည့်စုံသည့် စာရေးဆရာ တစ်ဦးဖြစ်သည်။ လွန်ခဲ့သော ၁၅ နှစ်အတွင်း နိုင်ငံရေးကိုအစွဲပြုပြီး သိန်းဖေမြင့်နှင့် ကျွန်တော်တို့၏စပ်ကြားတွင် အကြိမ်ကြိမ်ဖြစ်ခဲ့ရသော ပဋိပက္ခမှုများသည် သိန်းဖေမြင့်အပေါ်တွင် စာရေးဆရာ တစ်ဦးအနေဖြင့်ထားရှိခဲ့သော ကျွန်တော်၏ အထင်ကြီးမှုကို ယနေ့တိုင် မပြောင်းလဲခဲ့သေးပေ။

သိန်းဖေမြင့်သည် နိုင်ငံရေးလောကကိုသာ ငမ်းငမ်းတက်စွဲလမ်းလျက်ရှိသည်။ နိုင်ငံရေးလောကက ၎င်းအပေါ်တွင် မည်မျှပင်စိမ်းကားရက်စက်ခဲ့သော်လည်း သိန်းဖေမြင့်ကား။


အစိမ်းတွင် သူဘုရင်မို့၊ အဖြူမျှင်တစ်မျှင်မှ မရောသည့် စိမ်းကားရက်စက်လှသော နိုင်ငံရေးလောကကြီး၏ နောက်သို့သာ တကောက်ကောက် လိုက်လျက်ရှိလေသည်။ နိုင်ငံရေးလောကတွင်းသို့ အိမ်ရှေ့ကမဝင်ရလျှင် နောက်ဖေးပေါက်ကဝင်ပါရစေ။ တစ်နည်းနည်းဖြင့် ဝင်နိုင်ရန် မလျှော့တမ်းကြိုးစားလျက်ရှိလေသည်ဟု သိန်းဖေမြင့်ဝတ္ထုတိုပေါင်းချုပ်၏ နိဒါန်းတွင် ဝန်ကြီးချုပ်ဦးနုက နိုင်ငံရေးလောကကြီး၏ နောက်သို့ ဦးသိန်းဖေမြင့် တကောက်ကောက်လိုက်ပုံကို ရေးသားဖော်ပြခဲ့ဖူးသည်။

(နိဒါန်း၊ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ပထမအကြိမ် ၁၉၅၂ )

**ကလောင်အမည်ကွဲများ**

စာများများရေးတတ်လွန်းသော ဆရာကြီးဦးသိန်းဖေမြင့်၏ ကလောင်အမည်ကွဲများမှာ-

၁။ တစ်ကောင်ကြွက်
၂။ တက္ကသိုလ်အကျော့
၃။ တက်ဘုန်းကြီးမောင်သိန်းဖေ
၄။ တက်ဘုန်းကြီးသခင်သိန်းဖေ
၅။ တက်ဘုန်းကြီးသိန်းဖေ
၆။ မောင်ကို




၇။ မောင်သိန်းဖေ
၈။ မောင်သိန်းဖေ(ဘီအေ)
၉။ ရဲဘော်ကျောက်လုံး
၁၀။ ဝနေက ငဖေ(ဘုတလင် )
၁၁။ ဝနေငဖေ
၁၂။ ဝနေ ငဖေ(ဘုတလင်)
၁၃။ သိန်းနေနွယ်
၁၄။ သိန်းဖေ(ဘေဟုတစ်ခါတစ်ရံသုံးသည်)
၁၅။ သိန်းဖေမြင့်
၁၆။ ဦးကျောက်လုံးတို့ဖြစ်ကြောင်း လေ့လာသိရှိရပေသည်။

ဤသို့သော နိုင်ငံရေးသမား၊ သတင်းစာဆရာ၊ စာရေးဆရာကြီးဦး(သိန်းဖေမြင့်)နှင့် တွေ့ဆုံ၊ ဩဝါဒခံယူကာစာပေပညာ၊ သတင်းစာပညာများကို အနီးကပ် ခံယူသင်ယူခွင့်ရခဲ့သည်။ မိမိကိုယ်မိမိ ပြန်လည်သုံးသပ်ခွင့်၊ လေ့လာသင်ယူခွင့်၊ သတင်းစာသမားများ၏ စာပေဩဇာ၊ ဥပဒေပင်လယ်ပြင်၏ ကျယ်ပြောသောဘဝခရီးများကို ကျွန်တော်ကူးခပ်ခဲ့ရပေသည်။ ကျေနပ်စွာ သုံးသပ်ခံယူခဲ့သောအချိန်များဖြစ်ပါသည်။

**လွှမ်းမိုးခဲ့သည့်စာအုပ်များ**

ကျွန်တော့်ဘဝတစ်သက်တာတွင် ကျွန်တော့်အား လွှမ်းမိုးခဲ့သောစာအုပ်များရှိသည်။ ရှုပါ။

**လှောင်ချိုင့်တွင်းမှငှက်ငယ်များ**

ပထမစာအုပ်က ဆရာကြီးလူထုဦးလှ၏ လှောင်ချိုင့်တွင်းမှ ငှက်ငယ်များစာအုပ်ပါ။ ၁၉၅၈-၁၉၅၉ ခုနှစ် ယူနက်စကိုဆုရခဲ့သည်။ ထိုစာအုပ် ဘယ်လိုဖြစ်ပေါ်လာခဲ့သလဲ။

လူထုဦးလှသည် နိုင်ငံရေးပုဒ်မဖြင့် ရန်ကုန်ထောင်ကြီး၌ ၁၉၅၄ မှ ၁၉၅၆ ထိ အကျဉ်းကျသည်။ အကျဉ်းကျစဉ် သူ့ပတ်ဝန်းကျင်မှ ကလေးများကို တွေ့ပြီး အကျိုးအကြောင်းမေးသည်။ လေ့လာမှတ်သားသည်။ တကယ့်အဖြစ်အပျက်များကို ဝတ္ထုတိုလေးများ သဖွယ်ရေးသည်။ လှောင်ချိုင့်တွင်းမှ ငှယ်ငယ်များ အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။

ဆယ်ကျော်သက်အရွယ် ကလေးသူငယ်များ၏ တကယ့်ဖြစ်ရပ်မှန်ဝတ္ထုတိုများဖြစ်သည်။ ၁၄ ပုဒ်ရှိသည်။ ငခွေး၊ ကျော်သာ၊ ကျော်နီ၊ ဂျီဂျီနာ၊ တစ်ဘောင်၊ ကျော်ဝင်း၊ မောင်ပု၊ စောထီးပြန်လေး၊ ကန်နယား၊ သန်းဝေ၊ အောင်ကျော်ထွန်း၊ စိုးတင်စသည့် ကလေးငယ်များ၊ မကောင်းမှုဒုစရိုက်လမ်းဖြတ်သန်းခဲ့ပုံ၊ ဒုစရိုက်အဖုံဖုံ၊ လူစုံ၊ ဘဝစုံ၊ လူမျိုးစုံ။

ဤစာအုပ်က ကျွန်တော့်ရင်ထဲ ယနေ့တိုင်စွဲနေဆဲ။ စာရေးဆရာဖြစ်အောင် ထောက်ကူသည့်နမူနာတစ်ခု။

**အရှေ့ကနေဝန်းထွက်သည့်ပမာ**

ဒုတိယတစ်အုပ်မှာ ဆရာကြီးဦးသိန်းဖေမြင့် ရေးသားခဲ့သော အရှေ့ကနေဝန်းထွက်သည့်ပမာ ဝတ္ထုရှည်စာအုပ်ကြီးပင်ဖြစ်သည်။

**တင်ထွန်းဟု မှည့်ခေါ်ပုံ**

ကျွန်တော့်နာမည်တင်ထွန်းမှာ ငယ်နာမည်မဟုတ်ပါ။ ကျွန်တော့်ငယ်နာမည်မှာ ကျွန်တော့်အစ်ကိုက ဘဦးဖြစ်သဖြင့် ကျွန်တော်က ဘထူးဖြစ်ခဲ့ပါသည်။ သို့ရာတွင် မြန်မာစာသင်ကျောင်း(ဝါ) လောကခေတ်ကျောင်းမှထွက်၍ အင်္ဂလိပ်ကျောင်းသို့ ပြောင်းရွှေ့သောအခါမှ ကျွန်တော့်နာမည်ကို တင်ထွန်းဟု ပြောင်းလိုက်ပါသည် ဟူသောဝတ္ထုရှည်၏ နိဒါန်းအစကို ကျွန်တော် ယနေ့တိုင် မှတ်မိနေပါသည်။

**ဘဝရည်မှန်းချက်**

ဘာရည်ရွယ်ချက်နဲ့ပဲဖြစ်ဖြစ် အင်္ဂလိပ်ကျောင်းသို့ ရောက်ခဲ့ပြီ။ ခေတ်ပညာကိုသင်ရလေပြီဟူသော အခန်းဆက်။ အမေ့ရည်မှန်းချက်မှာ နှမ်းတွက်နှင့်ကွာသည် ခေါင်းစဉ်။ ကိုရင်ကြီးကိုဘသန်း၏ ဖိုမကိစ္စသင်ကြားချက်များကို မဝေဝါးနိုင်သေး။ ဝတ္ထုစချိန်၏ နိုင်ငံရေးနောက်ခံကားချပ်၊ ငါးပိရည် ကြိုက်သွားသော အညာသား၊ သခင်စိုးနှင့်တွေ့ခြင်း၊ ရည်းစားပင်စွန့်လွှတ်ရန်၊ မမြင့်ဦးအားပေးရသည့်ကတိ၊ ရင့်ကျက်သောအချစ်၊ စစ်မရောက်ခင်မြားစုခြင်း နောက်ဆုံးအခန်းအထိ (မှတ်မိသမျှ) ရွေးထုတ်တင်ပြရခြင်းပါ။ ဖတ်လေ၊ ဖတ်လေ မရပ်နိုင်လေဖြစ်ခဲ့ရသည်ပါ။

**မိမိကိုယ်မိမိ တင်ထွန်း**

မိမိကိုယ်မိမိ တင်ထွန်းဖြစ်သွားသည်။ တင်ထွန်းလုပ်သမျှ လိုက်လုပ်၊ တင်ထွန်းတွေးသလို လိုက်တွေး၊ တင်ထွန်းဘဝသည် ကိုယ့်ဘဝ၊ တင်ထွန်းကို အားကျလွန်းသူ၊ တင်ထွန်းလိုဖြစ်ချင်သူ။ ဤသို့ဖြစ်အောင် ဆရာကြီးဦးသိန်းဖေမြင့်က စွမ်းဆောင်ပေးခဲ့တာပါ။ ကျွန်တော်တစ်ဦးသာမဟုတ်ပါ။ အရှေ့ကနေဝန်း ထွက်သည့်ပမာ စာအုပ်ဖတ်ပြီးသူတိုင်း ကျွန်တော့်လိုဖြစ်မှာ အသေအချာပါဗျာ။

**စာတိုပေစ**

ဆရာကြီးများ၏ စာအုပ်များကို ကျွန်တော်ဖတ်ပြီး စာရေးချင်စိတ်ပေါ်သည်။ ဟောပြောချက်များကို နားထောင်ပြီး စာဖတ်ချင်စိတ်ပေါ်သည်။ စာဖတ်ရာမှ စာရေးချင်စိတ်၊ စာရေးချင်စိတ်မှ စာဖတ်ချင်စိတ်တွေ ဆက်စပ်ဖြစ်ပေါ်ခဲ့ပေသည်။ သတင်းထောက်များ၏ ဘဝကို နာကြားရရင်း သတင်းထောက်ဖြစ်ချင်စိတ်၊ သတင်းရေးချင်စိတ် ဖြစ်ပေါ်လာခဲ့သည်။ စာတိုပေစရေးကျင့်ရာကအစ စာရေးဆရာဖြစ်လာပေလိမ့်မည်။ စာရေးဆရာ၊ သတင်းစာဆရာ တစ်နေ့ဖြစ်ရပေလိမ့်မည်။ ဤသို့ ကျွန်တော်ယုံကြည်ခဲ့သည်။

**ဥပဒေ**

ဥပဒေပညာကိုလည်း တက္ကသိုလ်မှာ လေ့လာခွင့်ရခဲ့သည်။ သတင်းမီဒီယာသည် လွတ်လပ်ခွင့်ရှိရမည်။ သို့သော် လွတ်လပ်ခွင့်ကို ကြိုက်သလိုလုပ်၍မရ၊ ကြိုက်သလိုပုံဖော်၍မဖြစ်။ စည်းနှင့် ကမ်းနှင့်။ နည်းနှင့် ဘောင်နှင့်။ သတင်းမီဒီယာဥပဒေကို လက်တွေ့ အကောင်အထည်ဖော်ဖို့ ကြိုးခဲ့သည်။ လွတ်လပ်ခွင့်ကို မြတ်နိုးသော ကျွန်တော်။ သတင်းထောက်ဘဝကို ချစ်မြတ်နိုးသော ကျွန်တော်။ ဥပဒေပညာကိုသင်ယူပြီးတရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရသူ။ ထိုအခါ . . .။

**အဖြေရှာ**

စာရေးဆရာ၊ သတင်းစာဆရာ၊ ရှေ့နေ။ ဤဘဝသုံးမျိုးကို ပိုင်ဆိုင်ရသူ၊ ရောသမမွှေပြီး ဘယ်လို လျှောက်လှမ်းမလဲ။ ရင်ဆိုင်မလဲ။ သဲသဲမဲမဲ အခက်အခဲကြုံစရာတွေ၊ တစ်ခုခုကို စွန့်လွှတ်ဖို့လိုပါမည်လား။ မည်သို့ ကျင့်ကြံပွားများရပါမည်လဲ။ ဝေဖန်သုံးသပ်မှုကို ကြည်ကြည်လင်လင်မြင်မှ၊ ရဲရင့်ပြတ်သားမှုဖြစ်မည်။ လက်တွေ့ သင်ခန်းစာတွေ ရသင့်သလောက်ရပြီပဲ။ ဤသင်ခန်းစာတွေကို ပြည်သူကသင်ပြသည်။ လက်တွေ့ထောက်ပြသည်။ ပြည်သူ့အကျိုး ဦးထိပ်ပန်ဆင်ခြင်းဖြင့်သာ။ အဖြေရှာနိုင်ခဲ့ပေသည်။ ဆရာကြီး၊ ဆရာမကြီးများ၏ သွန်သင်မှုများ၊ ညွှန်ပြချက်များ၊ ပွင့်လင်းဝေဖန်မှု ကျေးဇူးတရားများကြောင့်သာ အဖြေတွေ့ခြင်းဖြစ်ကြောင်း ခိုင်မာစွာကျွန်တော်ယုံသည်။

**နိဂုံး**

(၁) စာရေးဆရာလား၊ ရှေ့နေလား။ မေးနေကြပြီ။
(၂) စာရေးဆရာ (သို့မဟုတ်) ရှေ့နေပါဟု ဖြေလျှင် ပြေပြစ်မည်လား။
(၃) စဉ်းစားဝေဖန်လျက် ခရီးဆက်ရဦးမည်။

## ဆေးတက္ကသိုလ်(၁)ရန်ကုန်နှင့် ပါးမားတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းစတင်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ဆေးတက္ကသိုလ် (၁) ရန်ကုန်နှင့် အီတလီနိုင်ငံ ပါးမားတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်သော တက္ကသိုလ်နှစ်ခုအကြား ကျောင်းသားများ၊ သင်ကြားရေး ဆရာ ဆရာမများ၊ စီမံဝန်ထမ်းများ အပြန်အလှန် သွားရောက် လေ့လာနိုင်ရေး အစီအစဉ်ကို ဥရောပသမဂ္ဂသို့ လျှောက်ထားခဲ့ရာ Erasmus Project အမှတ်- KA 107 ဖြင့် အီးယူထောက်ပံ့ငွေရရှိခဲ့၍ စီမံကိန်း မိတ်ဆက်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲပိုင်းက ဆေးတက္ကသိုလ် (၁) ရန်ကုန်၌ ကျင်းပသည်။

"ကျွန်တော်တို့ ဒီအစီအစဉ်က နှစ်နှစ်အစီအစဉ်ပါ။ ကျောင်းသား ကျောင်းသူတွေ၊ ဆရာ ဆရာမတွေ သင်ကြားစီမံဝန်ထမ်းတွေ အပြန်အလှန် သင်ကြားမှု၊ လေ့လာမှုတွေ ပါဝင်တဲ့အစီအစဉ်ပါ ။ ကျောင်းသား ၁၀ ယောက်၊ ဆရာ ခြောက်ယောက်နဲ့ ဝန်ထမ်း လေးယောက် စုစုပေါင်း အယောက် ၂၀ ကို နှစ်နှစ်အတွင်း ခွဲလွှတ်ပေးမှာ ဖြစ်ပါတယ်။ ပါးမားတက္ကသိုလ်ကလည်း အခုလို လာရောက်မှာဖြစ်ပါတယ်။ ဒီအစီအစဉ်ရဲ့ ထူးခြားမှုက ဆေးတက္ကသိုလ်တွေအနေနဲ့ အီးယူရဲ့ ပထမဆုံး ထောက်ပံ့မှုလည်းဖြစ်ပါတယ်" ဟု ဆေးတက္ကသိုလ်(၁) ရန်ကုန် မှ ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက ပြောသည်။

ယခုကဲ့သို့ အီးယူ၏ ထောက်ပံ့မှုသည် ယခင်ကရှိခဲ့သော်လည်း ယခုကဲ့သို့ များပြားမှုမရှိခဲ့ကြောင်း၊ ယခုအစီအစဉ်သည် တက္ကသိုလ်များ ကမ္ဘာ့အဆင့်သတ်မှတ်ရာတွင် အရေးကြီးသည့်အချက်ဖြစ်ကြောင်း၊ မြန်မာဆေးတက္ကသိုလ်များ ကမ္ဘာ့အဆင့် အတန်းမီရေး ကြိုးပမ်းမှုလည်းဖြစ်ကြောင်း၊ မြန်မာဆေးကျောင်းသားများ နိုင်ငံတကာ အဆင့်မီပညာသင်ကြားမှုလည်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါ ရွေးချယ်စေလွှတ်ရာတွင် တရားမျှတမှုနှင့် ပွင့်လင်းမြင်သာဖြစ်အောင် ရွေးချယ်ထားကြောင်း၊ စေလွှတ်မည့် ကျောင်းသားများ နှစ်နှစ်ခွဲ၍ စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုစေလွှတ်မှုသည် အလည်အပတ်သဘောမျိုး မဟုတ်ဘဲ သင်ကြားရေးအစီအစဉ်များလည်းပါဝင်ကြောင်း သိရသည်။ **မြင့်မောင်စိုး**



ဓာတ်ပုံ - အောင်ကျော်

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးအရ မူဆယ်ခရိုင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းနာယက ဒေါ်စစ်စိန်၊ ဥက္ကဋ္ဌ ဦးရှင်ပူး၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်နှင့် စာရေးဆရာများ၊ သတင်းမီဒီယာများ၊ မူဆယ်မြို့ ကိုယ်ပိုင်ကျောင်းများအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်နှင့်အဖွဲ့ ဇန်နဝါရီ ၈ ရက်က ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ မန်စီမြို့ရှိ ဆရာအတတ်သင် ကောလိပ်နှင့် အသက်မွေးဝမ်းကျောင်းသင်ကောလိပ်တို့သို့ သွားရောက်လေ့လာကြစဉ်။

**ဝေမွန်(ရွှေရေ)**

## (၇၂)နှစ်မြောက်ပြည်ထောင်စုနေ့အကြိုပြပွဲ၊ ပြိုင်ပွဲကျင်းပ

**ကျိုက်မရော**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြောင်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျိုက်မရောမြို့နယ် အ-မ-က (၁) မူလွန်ကျောင်းခန်းမ၌ ကျင်းပသည်။

ကျောင်းအုပ်ဆရာမကြီးဒေါ်ချိုချိုလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံအကြောင်း အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ လူမှောင်ခိုကူးမှု တားဆီးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးဟောပြောပြီး နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းများကို ပြသထားကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး(ပြန်/ ဆက်)**

**ပြည်ကြီးတံခွန်**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် လူထုအခြေပြုဗဟိုဌာနရှိ ခရိုင် ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အလက ၂၅ ကျောင်းနှင့် သပြေညိုကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၈ ဦးတို့က 'မမေ့အပ်သောပြည်ထောင်စုနေ့' ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

**ပေါင်**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံခရိုင် ပေါင်မြို့နယ်တွင် စာဖတ်စွမ်းရည်၊ ဆေးရောင်ခြယ်၊ ဘောလုံးမှတ်ပြိုင်ပွဲများကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက အမက ကွဲခြံ(မွန်စု)ကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက အတန်းအလိုက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ စာအုပ်စာစောင်များငှားရမ်း

**မုဒုံ**

မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရွေ့လျားစာကြည့်တိုက်တို့ပူးပေါင်း၍ ဇန်နဝါရီ ၁၀ ရက် နံနက်တွင် မုဒုံမြို့ အထက (၁)၊ မွန်းလွဲပိုင်းတွင် အထက (၃)တို့သို့ သွားရောက်၍ သုတ၊ ရသစာအုပ်၊ စာစောင်များ ငှားရမ်းပေးခဲ့ပြီး "ယခုလက်ရှိကတော့ အခြေခံပညာကျောင်းများကို အဓိကသွားရောက် ငှားရမ်းပေးပြီး နွေရာသီကျောင်းပိတ်ရက်များတွင် မုဒုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများကိုလည်း ငှားရမ်းပေးသွားမှာဖြစ်ပါတယ်" ဟု ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရွေ့လျားစာကြည့်တိုက် တာဝန်ခံဦးသန်းနိုင်စိုးက ပြောကြားသည်။ **မုဒုံ (ပြန်/ဆက်)**

## ညောင်လေးပင်တွင် စာပေဟောပြောပွဲကျင်းပ

**ညောင်လေးပင်**

စိတ်ဓာတ်မြှင့်တင်ရေး စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ညောင်လေးပင်မြို့ အမှတ် (၁) အထက၌ ကျင်းပသည်။

စာရေးဆရာ ဦးဘုန်း(ဓာတု)က "Life is about thinking" ခေါင်းစဉ်ဖြင့် စာပေရေးရာဗဟုသုတများနှင့် ကျောင်းသား ကျောင်းသူများ စာကိုကြိုးစားချင်လာပြီး ကိုယ်ကျင့်တရားများ ကောင်းမွန်၍ နိုင်ငံ့ခေါင်းဆောင်ကြီးများဖြစ်လာစေရန် စိတ်ဓာတ်မြှင့်တင်ရေး အသိပညာများကို ဟောပြောခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## တိုက်ကြီးတွင် ငမြှောင်တောင်ပိုးကျရောက်မှု အသိပညာပေး

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် တိုက်ကြီးမြို့နယ် ကြွေပုဂံချောင်ကျေးရွာ၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက အစေ့ထုတ်ပြောင်း စိုက်ပျိုးခြင်းနှင့် ငမြှောင်တောင်ပိုး ကျရောက်ခြင်းကို ကြိုတင်ဆောင်ရွက်ရမည့်နည်းများ၊ ကျရောက်လျှင်ဆောင်ရွက်ရမည့်နည်းလမ်းများကို ပညာပေးဟောပြောခြင်း၊ စိုက်ပျိုးပြီး ပြောင်းခင်းများကို ကွင်းဆင်း၍ စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ရာ တောင်သူ ၈၂ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

**အနုပညာသတင်း**

## အမေရိကန်ရဲ့ ဒုတိယမြောက် ရောင်းအားအကောင်းဆုံး တေးသံရှင် BTS

ပြီးခဲ့တဲ့ အင်္ဂါနေ့က ထုတ်ပြန်ခဲ့တဲ့ သတင်းအချက်အလက်တွေအရ အမေရိကန်မှာ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် တစ်နှစ်တာအတွင်း ရောင်းအား အကောင်းဆုံး တေးအယ်လ်ဘမ်တွေအနက် "BTS" ရဲ့ တေးအယ်လ်ဘမ်တွေက ဒုတိယမြောက်ဖြစ်ခဲ့ကြောင်း အမ်အက်စ်အန်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Buzz Angle Music"က ထုတ်ပြန်ခဲ့တဲ့ အချက်အလက်တွေအရ တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ "BTS"ဟာ ၂၀၁၈ ခုနှစ် နှစ်ဆုံးမှာတော့ တစ်နှစ်တာအတွင်း တေးအယ်လ်ဘမ် ဒုတိယမြောက် ရောင်းအားအကောင်းဆုံးတေးသံရှင်အဖြစ် ရပ်တည်နေခဲ့တာဖြစ်ကြောင်း သိရပါတယ်။ အမေရိကန်မှာ ပြီးခဲ့တဲ့နှစ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးသံရှင်ကတော့ အီမီနမ်ဖြစ်ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ နှစ်အတွင်း "BTS" ဟာ တေးအယ်လ်ဘမ်ပေါင်း ၆၀၃၃၀၇ ခု ရောင်းချခဲ့ရတာဖြစ်ပါတယ်။ ရောင်းအားအကောင်းဆုံးဖြစ်ခဲ့တဲ့ အီမီနမ်ကတော့ စုစုပေါင်း တေးအယ်လ်ဘမ် ၇၅၅၀၂၇ ခု ရောင်းချခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။ "BTS" ဟာ အခြားသော အင်္ဂလိပ်တေးသီချင်းတေးသံရှင်တွေဖြစ်ကြတဲ့ ဂျက်စတင်တင်းဘားလိတ်ခ်နဲ့ အက်ဒ်ရှီရန်တို့ရဲ့ တေးအယ်လ်ဘမ်တွေထက် ပိုမိုရောင်းချခဲ့ရတာကိုလည်း တွေ့ရပါတယ်။

**အေးပြည့် စုစည်းသည်**






## "Blue Eyes" မှာ လူသတ်သမားနဲ့စုံထောက်အဖြစ် တွေ့မြင်ရမယ့် ဂျန်ကီယောင်းနဲ့ နာနာ

OCN ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမယ့် ရုပ်သံဇာတ်လမ်းတွဲသစ်မှာတော့ အဓိကဇာတ်ဆောင်တွေအဖြစ် ဂျန်ကီယောင်းနဲ့ နာနာတို့ကပါဝင်ထားကြတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ဂျန်ကီယောင်းဟာ လူသတ်သမားတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး နာနာ ပါဝင်ထားတဲ့ ဇာတ်ကောင်ကတော့ စုံထောက်တစ်ဦးဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇာတ်လမ်းတွဲမှာ ဂျန်ကီယောင်းရဲ့ ဇာတ်ကောင်ဟာ မိသားစုကိုပြန်လည်ရှာဖွေဖို့ရာ လူသတ်ခဲ့ရသူတစ်ဦးဖြစ်ပါတယ်။ နာနာရဲ့ ဇာတ်ကောင်ကတော့ ချစ်သူအသတ်ခံခဲ့ရတဲ့ ဖြစ်ရပ်ရဲ့ နောက်ကွယ်က လျှို့ဝှက်ချက်တွေကို စုံစမ်းရင်း ဂျန်ကီယောင်းရဲ့ ဇာတ်ကောင်ကို ဖမ်းဆီးရမယ့် စုံထောက်တစ်ဦးလည်းဖြစ်ပါတယ်။ ဒီလိုအခြေအနေကြားက အဓိကဇာတ်ကောင်နှစ်ဦးရဲ့ အချစ်ဇာတ်လမ်းကတော့ ပရိသတ်တွေအတွက် စိတ်ဝင်စားဖွယ်ဖြစ်လို့ နေပါတယ်။

ဒီဇာတ်လမ်းတွဲကိုတော့ လာမယ့်နွေဦးမှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

## အထူးလေးစားကြည်ညို ဂုဏ်ယူဝမ်းမြောက်ခြင်း



(၁၃၈၀ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၃ရက်) ၄-၁-၂၀၁၉ရက် (သောကြာနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာ အမှတ်၁/၂၀၁၉ ဖြင့် ပြည်တွင်းပြည်ပသာသနာပြု မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်ဆက်ကပ်ခံရသော ဗုဒ္ဓသာသနဟိတဓရရက်၊ ဗုဒ္ဓသာသနာရက္ခိတဂုဏ်၊ သီလ သမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်းရှိ လိပ်ပြာကန်ကျောင်းတိုက်၊ နန္ဒာအောင်မြေကျောင်း **ပဓာနနာယကဆရာတော်ဘဒ္ဒန္တနိမလ** အရှင်မြတ်အား အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့(စ်)အိန်ဂျလိစ်မြို့ရှိ တပည့်ဒါယကာ၊ ဒါယိကာမများမှ အထူးပင်ကြည်ညိုလေးစားဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် အမျိုး ဘာသာ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ခုနှစ်၊ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၉ ဖြင့် သုဓမ္မဇောတိကဓဇ **ဦးကျော်ဌေး**၊ မန်နေဂျင်းဒါရိုက်တာ (ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ) အား **သီဟသုဓမ္မဇောတိကဓဇဘွဲ့**ကို ထပ်မံချီးမြှင့်အပ်နှင်းခြင်းခံရသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဘာသာ သာသနာအကျိုးကို ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဆရာတော်ဘဒ္ဒန္တပညာသာမိ**
**ညီတော်ဒေါက်တာဘဒ္ဒန္တဣန္ဒက**
**တပည့်ဒါယကာ၊ ဒါယိကာမများ**
**ရတနာဒီပံစာသင်တိုက်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

[illegible]

... (ISN-၆၀၉၁၂၅) ...

[illegible]

## ဇေယျသိဒ္ဓိကျောင်းတိုက်ကြီးများ၏-ပဓာန နာယက ဆရာတော်အား
## အထူးလေးစားဂုဏ်ယူဝမ်းမြောက်လျှာ

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ထော်ကန္ဓတ်ကျေးရွာ-ဇာတိဖွား၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်-ဇေယျသိဒ္ဓိကျောင်းတိုက်ကြီးများ၏ **ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝေရောစန** (မဇ္ဈိမနိကာယကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ MA.Dehli)အား ၂၀၁၉ ခုနှစ်၊ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၉ ဖြင့် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာ ဆက်ကပ်လှူဒါန်းခြင်းခံရသဖြင့် အထူးကြည်ညိုလေးမြတ်ဂုဏ်ယူမိပါကြောင်းနှင့် သက်ရှည်ကျန်းမာစွာဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ သာသနာတော်အကျိုး ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်တောင်းလျက် လေးစားဂုဏ်ပြုအပ်ပါသည်။

**ဇေယျသိဒ္ဓိပရိယတ္တိ၊ ပဋိပတ္တိ သာသနပါလကအဖွဲ့**
**ဒကာ၊ ဒကာမများ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် (ဝင်းသော်တာဖြိုးသကြားစက်/ဘောဂဝတီ သီးနှံအခြောက်ခံစက်/Royal Top Co.,Ltd) ဒေါ်မော်မော်သက်၏ခင်ပွန်း **ဦးဝေလွင်အား "သီရိသုဓမ္မဇောတိကဓဇ"**ဘွဲ့ နှင့် **ဒေါ်နန်းသက်စုလှိုင်ထွန်း** (မိုးမာယသီးနှံပွဲရုံ) အား **"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ"** ဘွဲ့တို့ကို ထိုက်တန်စွာချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုးဆတက်တိုး၍ နှစ်ရာကျော်တိုင်အောင် အောင်မြင်မှုများစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**တောင်ကြီး ကံထူးသန်းဆုဖြန့်ချိရေးမိသားစု**
**တောင်ကြီးမြို့**

**ဖခင်အမည်မှန်**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်၊ ပုလဲနှင့်ငါး ဝင်းနေ မနှင်းဝတ်မှုန်ဦး၊ မမွေးသက်ချို၊ မောင်မျိုးသက်ကိုကို တို့၏ဖခင်အမည်မှာ ဦးဝင်းဇော်ရှိန် ဖြစ်နေပါသဖြင့် အမည်မှန်မှာ ဦးဝင်းဇော်ရှိုင်း [၈/တတက(နိုင်)၀၀၀၇၅၅] ဖြစ်ပါကြောင်း။ **ဦးဝင်းဇော်ရှိုင်း**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၄-၁၂-၂၀၁၈ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် (၂)ခန်းတွဲ RC (၈)ထပ်တိုက်၏ Penthouse အခန်းဟု မှားယွင်းဖော်ပြမိသဖြင့် (၂)ခန်းတွဲ RC (၈)ထပ်ခွဲတိုက်၏ Penthouse အခန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။




**ရန်ကုန်မြို့ ယောမင်းကြီးလမ်းရှိတိုက်ခန်းများ အထူးသက်သာသောဈေးနှုန်းဖြင့်ရောင်းမည်။**

■ ကြမ်းခင်းဧရိယာ(၁၀၀၀)စတုရန်းပေသန့်ရှိပြီး၊ Living Room, Dining Room Master Bedroom (၂)ခန်း၊ အိပ်ခန်း(၁)ခန်း၊ ရေချိုးခန်း / အိမ်သာတွဲလျက်(၃)ခန်းပါရှိပါသည်။
■ တစ်ခန်းလျှင် ကားတစ်စင်းရပ်နားရန် ပါကင်နေရာရရှိမည်။ ကားဝင် /ထွက်ရန် လွယ်ကူပါသည်။
■ ဓါတ်လှေကား(၂)စင်း၊ ကိုယ်ပိုင်ထရန်စဖော်မာ၊ ကိုယ်ပိုင်မီးစက်၊ YESC မီတာ၊ CCTV များပါရှိပါသည်။
■ **တစ်ပေပတ်လည်လျှင် ကျပ် (၁၈၅,၀၀၀)ဝန်းကျင်ဖြင့်** ရောင်းချပေးပါမည်။

ဆက်သွယ်ရန်
၀၁-၅၁၆ ၅၃၃၊ ၀၁-၅၁၆ ၅၃၄၊ ၀၁-၅၁၆ ၅၃၅၊ ၀၁-၅၁၆ ၅၃၆
■ အမှတ်(၆၂)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်။

**လှုထု**
Steel Structure
သံပန်း၊ သံတံခါး၊ လိပ်တံခါး၊ အလှမီးပြိုယ်၊ စတီးလုပ်ငန်း
အမှတ်(၁၄)၊ ၁၆ဂု - လမ်း၊ တာမွေ။
Ph:09-5031107, 09-5028986

**တစ်ဦးတည်းဖြစ်ပါကြောင်း**

အမက (၃) ဗိုလ်တထောင်တွင် တာဝန်ထမ်းဆောင်နေသည့် ဒေါ်အက်စ်မာ(လယ်ပြ)နှင့် မအက်စ်မာ မှာ တစ်ဦးတည်းဖြစ်ကြောင်းနှင့် ဖခင် ဦးအီဘရာဟင်နှင့် ဦးအီးအီးခန်းဒီယားမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်အက်စ်မာ(ခ)မအက်စ်မာ၊**
**ဦးအီဘရာဟင်(ခ)ဦးအီးအီးခန်းဒီယား**

**မီးသတိပြု**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၉) ဖြင့် ၇၁ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဝဏ္ဏကျော်ထင် ဦးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၏ဇနီး

ဒေါ်ဝေဝေ

အား "သီဟသုဓမ္မသီဂီဘွဲ့တံဆိပ်တော်" ချီးမြှင့်ခံရခြင်းအတွက် အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် ဆက်လက်၍လည်း သာသနာနှင့် လူမှုရေးရာ အဖြာဖြာတို့၌ ဆတက်ထမ်းပိုး တိုး၍ ကြိုးစားသယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဦးကျော်ကျော်မိုး (MD)၊ ဇနီး ဒေါက်တာကျော့ကေခိုင် (Director)**

**M4 Mega Company Limited**

**Royal M4 Myanmar Medical Company Limited**

**ACS Myanmar Medical Company Limited**

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် (ဝင်းသော်တာဖြိုးသကြားစက်/ဘောဂဝတီသီးနှံအခြောက်ခံစက်/Royal Top Co.,Ltd) ဒေါ်မော်မော်သက်၏ခင်ပွန်း **ဦးဝေလွင်**အား **"သီရိသုဓမ္မမဏိဇောတဓရ"**ဘွဲ့ နှင့် **ဒေါ်နန်းသက်စုလှိုင်ထွန်း** (မိုးမာယသီးနှံပွဲရုံ)အား **"အဂ္ဂမဟာသီရိသုဓမ္မသီဂီ"**ဘွဲ့တို့ကို ထိုက်တန်စွာ ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုး ဆတက်တိုး၍ နှစ်ရာကျော်တိုင်အောင် အောင်မြင်မှုများစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Winner Colour Offset**

**တောင်ကြီးမြို့**

**ဦးထွန်းနိုင်-ဒေါ်ရင်ရင်ထွေး**

**သားများ- မောင်မင်းခန့်နိုင်**

**မောင်ကောင်းဇေယျာနိုင်**

**မောင်ဘုန်းမြတ်နိုင်**


**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်၂၅ယ/၂၂၈၉၄၊ အမျိုးအမည် Honda Dream ND 125၊ အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးမြတ်နိုးသူ [၆/ပလန(နိုင်)၀၈၉၃၀၀]က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**



**သိန်းသန်းဆက်**

**အိမ်ပြောင်း/အိမ်ရှေ့လုပ်ငန်း**

**မြို့တွင်း/နယ်ဝေး**

**09-440390558**

**09-784109116**


# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် (ဝင်းသော်တာဖြိုးသကြားစက်/ဘောဂဝတီ သီးနှံအခြောက်ခံစက်/Royal Top Co.,Ltd) ဒေါ်မော်မော်သက်၏ခင်ပွန်း **ဦးဝေလွင်**အား **"သီရိသုဓမ္မမဏိဇောတဓရ"**ဘွဲ့ နှင့် **ဒေါ်နန်းသက်စုလှိုင်ထွန်း** (မိုးမာယသီးနှံပွဲရုံ) အား **"အဂ္ဂမဟာသီရိသုဓမ္မသီဂီ"** ဘွဲ့တို့ကို ထိုက်တန်စွာ ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုး ဆတက်တိုး၍ နှစ်ရာကျော်တိုင်အောင် အောင်မြင်မှုများစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးခင်ဖြူ-ဒေါ်ဖြူဖြူဝင်း**

**မသူဇာခင်**

**ဗိုလ်မှူး ဝင်းမင်းသိန်း-ဒေါက်တာဝတ်ရည်လင်း**


မြေကွက်များဈေးကောင်းပေး ဝယ်လိုသည်

အင်္ဂုံမြို့သစ်(အရှေ့ တောင်၊ မြောက်၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များဝယ်လိုသည်။

ပွဲခပေးရန်မလို

မညွန့် 01-2339310

01-2339355

01-578044

01-570721



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၉၆၆/က၊ မြေဧရိယာ ၁၆၂၀ စတုရန်းပေ၊ အတိုင်းအတာ (၂၇'x၆၀')၊ မြေကွက်တည်နေရာအမှတ်-၉၆၆/ခ၊ နဝရတ်လမ်းကျယ်၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသန်းထွန်း (TKA-၀၂၃၆၀၄)၊ ဒေါ်ငွေကြည် (TKI-၀၅၁၄၈၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသန်းထွန်း(ခင်ပွန်း)သည် ၃၁-၅-၂၀၀၈ ရက်တွင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်ငွေကြည် [၁၂/သကတ(နိုင်)၀၂၃၁၉၄] (TKI-၀၅၁၄၈၄)မှ တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ မည်သူတစ်ဦးတစ်ယောက်မှမရှိပါကြောင်း၊ ၎င်းကသာလျှင် တစ်ဦးတည်းသောအမွေခံဇနီးဖြစ်ကြောင်း၊ ၂၂-၆-၂၀၁၈ ရက်စွဲပါကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဦးသန်းထွန်း၊ ဒေါ်ငွေကြည် အမည်ပေါက်နှစ်(၆၀)ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် (၂)ထပ် အုတ်ညှပ်အဆောက်အအုံ တစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်သဖြင့် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် (ဝင်းသော်တာဖြိုးသကြားစက်/ဘောဂဝတီသီးနှံအခြောက်ခံစက်/Royal Top Co.,Ltd) ဒေါ်မော်မော်သက်၏ခင်ပွန်း **ဦးဝေလွင်**အား **"သီရိသုဓမ္မမဏိဇောတဓရ"**ဘွဲ့ နှင့် **ဒေါ်နန်းသက်စုလှိုင်ထွန်း** (မိုးမာယသီးနှံပွဲရုံ)အား **"အဂ္ဂမဟာသီရိသုဓမ္မသီဂီ"** ဘွဲ့တို့ကို ထိုက်တန်စွာ ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုး ဆတက်တိုး၍ နှစ်ရာကျော်တိုင်အောင် အောင်မြင်မှုများစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Super Star Electronic Center**

**ဦးသက်နိုင်၊ ဒေါ်စိုးစိုးခိုင်**

**သားများ- မောင်သူရိန်နိုင်ဦး**

**မောင်နေနေနိုင်ဦး**

**မောင်ကောင်းသက်ပိုင်ဦး**

Times City

Crown Advanced Construction Co.,Ltd
မှတာဝန်ယူတည်ဆောက်ပေးသော

Times City ၏

- Hilton Yangon Hotel
  လက်မှတ်ရေးထိုးပွဲ အခမ်းအနား
- Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ဆိုင်ခန်းများအား
  ငှားရမ်းမိတ်ဆက်ပွဲ အခမ်းအနား
- အကြီးမားဆုံးကုန်စည်ပြပွဲ ခင်းကျင်းပြသခြင်း

တို့အား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်
ဖြစ်ပါသောကြောင့် အများပြည်သူလာရောက်ကြည့်ရှု
လေ့လာနိုင်ပါကြောင်း ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

* ကျင်းပမည့်နေ့ရက်နှင့်အချိန် *
- ၁၂.၁.၂၀၁၉ (စနေနေ့)
  နံနက်(၁၁:၀၀) နာရီမှ ညနေ (၅:၀၀) နာရီအထိ
- ၁၃.၁.၂၀၁၉ (တနင်္ဂနွေနေ့)
  နံနက်(၉:၀၀)နာရီမှ ညနေ (၅:၀၀)နာရီအထိ

* ကျင်းပမည့်နေရာ *
-Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊
ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ။






ROYAL MAUNG BAMAR RESIDENCE နှစ်သစ်ကူးအထူးအရောင်းပြပွဲအား ၂၀၁၉ ဇန်နဝါရီလ (၁၉) (၂၀) ရက်နေ့များတွင်
အမှတ်(၁၅၊၁၅-က) ဓမ္မာရုံလမ်း လှိုင်မြို့နယ်ရှိ PROJECT တည်ရှိရာနေရာတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် လာရောက်လေ့လာဝယ်ယူနိုင်ပါသည်။




Show Room : Tower (A),Unit-1B,Royal Sin Min Condo,Corner Of Strand Rd & Ahlone St,Ahlone Twp,Yangon.
Ph : 09-5022717, 01-218023, 09-250076710. Email : ngbm.con@gmail.com Website: www.naygabarmyanmar.com

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မေမေ **သီဟသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး** - မန်နေးဂျင်း ဒါရိုက်တာ (MMTM - မြတ်မေတ္တာမွန် ကုမ္ပဏီလီမိတက်)သည် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ (၄.၁.၂၀၁၉)တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) ဖြင့် "**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ**" ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ထပ်ဆင့်ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် အတိုင်းမသိ လေးစားဂုဏ်ယူမိပါသည်။ နောင်အနာဂတ်တွင်လည်း သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ချစ်ရသော ခင်ပွန်း၊ သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူ အမျိုးဘာသာသာသနာအကျိုးကို အလိုရှိတိုင်း ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း သမီးတို့မှ မေမေ့အတွက် ဝမ်းမြောက်ပျော်ရွှင်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးများ - မခင်ကြေးမုံ

- မကြည်လဝန်းသာ

## ဓေတ္တရာအသင်း(ရန်ကုန်မြို့)

(ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပေါင်းတည်)

## နှစ်(၁၀၀)ပြည့်နှင့် (၄၅)ကြိမ်မြောက်သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲနှင့်နှစ်ပတ်လည်အခမ်းအနား

အသင်းတည်ထောင်မှု နှစ်(၁၀၀)ပြည့် နှင့် (၄၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အခမ်းအနားများကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်ပါမည်။ အသက်(၇၅)နှစ်နှင့်အထက် ရာသက်ပန် အသင်းဝင် ကန်တော့ခံပုဂ္ဂိုလ်များ ကြွရောက်ချီးမြှင့်ပေးပါရန်နှင့် ရာသက်ပန်အသင်းဝင်များ၏ သား/သမီးများထဲမှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ဂုဏ်ထူးရရှိသူများအနေဖြင့် အမှတ်စာရင်းအထောက်အထားကို ၃၁-၁-၂၀၁၉ ရက်နေ့ နောက်ဆုံးထား စာရင်းပေးသွင်းကြပါရန် ပန်ကြားအပ်ပါသည်။

**အစီအစဉ်**

**သက်ကြီးပူဇော်ပွဲ၊ပညာရည်ချွန်ဆုပေးပွဲ၊နှစ်ပတ်လည်ပွဲ**

- **ကျင်းပမည့်အချိန်** ➢ နံနက် (၉) နာရီ
- **ကျင်းပမည့်နေ့ရက်** ➢ ၂၃-၂-၂၀၁၉ (စနေနေ့)
- **ကျင်းပမည့်နေရာ** ➢ ဓေတ္တရာအသင်းဓမ္မာရုံ၊

ရွှေတိဂုံစေတီအရှေ့ဘက်၊ဓာတ်လှေကားဝင်း

(နေ့လယ်စာဖြင့် ဧည့်ခံပါမည်)

**နှစ်(၁၀၀)ပြည့်အခမ်းအနား**

- **ကျင်းပမည့်အချိန်** ➢ မွန်းလွဲ (၂) နာရီ
- **ကျင်းပမည့်နေ့ရက်** ➢ ၂၄-၂-၂၀၁၉ (တနင်္ဂနွေနေ့)
- **ကျင်းပမည့်နေရာ** ➢ ဓေတ္တရာအသင်းဓမ္မာရုံ၊

ရွှေတိဂုံစေတီအရှေ့ဘက်၊ဓာတ်လှေကားဝင်း

(ပြည်ပလာတာ၊ ရွှေတောင်ခေါက်ဆွဲ၊ ပန်းတောင်းထမင်းသုပ်၊ ပေါက်ခေါင်းစိန်ပန်းသုပ်၊ သဲကုန်းမြန်မာမုန့်မျိုးစုံ၊ ပေါင်းတည် ရေမုန့်တို့ဖြင့် ဧည့်ခံပါမည်)

**အလုပ်အမှုဆောင်အဖွဲ့**

၀၉-၄၃၀၀၆၂၃၂၊ ၀၉-၄၅၀၀၆၃၆၃၇၊ ၀၉-၇၃၁၆၆၄၅၆၊ ၀၉-၂၅၄၄၂၉၉၆၇







### ထိုက်သူရမည်

ခြံတွင်း၊ခြံပြင် ကား(၁၀)စီးရပ်နားနိုင် ပေ(၂၄×၆၃) ထောင့်ကွက်၊ လမ်းမျက်နှာစာနှစ်ဖက် ခေတ်မီလှပစွာ ဆောက်လုပ်ထားသော တစ်ထပ်တိုက်သစ်၊ အုတ်တံတိုင်းပတ်လည် အဲကွန်း(၃)လုံး၊ ကြွေပြား အချပ်(၁၀၀၀၀)ကျော်ဖြင့် အလှဆင်ထား GYM ခန်းမ၊ ရေသန့်စက်ရုံ၊ ဆေးခန်း၊ ဆေးဆိုင်၊ စာသင်စာကျက်ဝိုင်း လုပ်ကိုင်နိုင်သော နေရာကောင်း၊ ဈေး၊ ကျောင်း၊ ကားဂိတ်အနီး ကျန်စစ်သား စက်မှုဇုန် ကပ်လျက် (၇၂)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ၈၁၅ သိန်း(ညှိနှိုင်း)။

**ဖုန်း-၀၉-၇၇၇၂၅၂၂၁၈၊ ၀၉-၄၄၃၁၀၆၅၇၄**




## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကျောင်းဒကာကြီး **ဦးအောင်သန်းစိန်**သည် ၄-၁-၂၀၁၉ ရက်တွင် နိုင်ငံတော်အစိုးရမှ ချီးမြှင့်သော **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့ကို ထပ်ဆင့်ရရှိသည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါသည်။ နောင်နှစ်ပေါင်းများစွာတိုင် တိုင်းကျိုး၊ ပြည်ကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ချမ်းမြေ့သာယာစာသင်တိုက်**

**မော်လမြိုင်မြို့၊ မွန်ပြည်နယ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကျောင်းဒကာကြီး **ဦးအောင်သန်းစိန်**သည် ၄-၁-၂၀၁၉ ရက်တွင် နိုင်ငံတော်အစိုးရမှ ချီးမြှင့်သော **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့ကို ထပ်ဆင့်ရရှိသည့်အတွက် အထူးပင် ဝမ်းမြောက် ဂုဏ်ယူပါသည်။ နောင်နှစ်ပေါင်းများစွာတိုင် တိုင်းကျိုး၊ပြည်ကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ပညာမဥ္ဇူစာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၃၉)နေ သာသနာ့ဒါယကာကြီး **ဦးအောင်သန်းစိန်** သည် နိုင်ငံတော်သမ္မတမှ ချီးမြှင့်သော **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့ကို ထိုက်ထိုက်တန်တန် ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း ကျန်းမာ ချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာအကျိုးအမျိုးမျိုးတို့ကို ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အောင်မြေသာယာသီလရှင်စာသင်တိုက်**

**ရှမ်းပြည်နယ်၊ ကျောက်မဲမြို့**




### ပျောက်ဆုံးကြောင်း

ဒေါ်လီလီခိုင် [၁၄/ဖပန(နိုင်)၀၆၃၅၁၃]ပိုင်ဆိုင်သော စိုးမြတ်သူ(၈၀၇၉) ရေယာဉ်လုပ်ငန်းလိုင်စင်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၂၂၃၀၃၈၇**

ရတနာစံအိမ်

အိမ်ပြောင်း/ရွှေ့လုပ်ငန်း

မြို့တွင်း / နယ်ဝေး

09 443888081

09 428773388

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၅/၁)ရပ်ကွက်၊ စိန်ချယ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၂၃၄၊ ဧရိယာ(၀. ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မြေငှားဂရန်အမည်ပေါက်ရရှိထားသူ ဦးညီညီထွေး[၁၂/ကမရ(နိုင်)၀၂၅၀၅၂]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်မြင့်(ကနောင်)**
**LL.B,WIPO (Switzerland) (စဉ်-၂၇၁၆/၈၄)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ဆွေသီလင်း**
**LL.B (စဉ်-၄၄၈၀၀)**
**အထက်တန်းရှေ့နေ**

**အမှတ်(၁၀/၁၂)၊ မြေညီထပ်၊ ၃၅ လမ်းတို (အောက်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၁၀၈၇၅၄၊ ၀၉- ၈၆၁၁၄၁၆**

**မွေးနေ့မင်္ဂလာဆုတောင်းလွှာ**

ဦးတင်မောင်မောင်မြတ် (ဥက္ကဋ္ဌ-မြန်မာပိတောက် ကုမ္ပဏီလီမိတက်) ၏ ၁၂-၁-၂၀၁၉ တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် လိုအင်ဆန္ဒများ ပြည့်ဝပြီး ချစ်သောမိသားစု၊ ချစ်သောဝန်ထမ်းများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အောင်မြင်သောဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Myanmar Padauk Co.,Ltd.**
**Director** များနှင့်ဝန်ထမ်းများ

**ရွှေလမ်းညွှန်**

ထားဝယ်ရှင်ကိုးရှင်၊ ဖျော်ရှိ၊ မောင်းမကန်
57000
ဘားအံ(၅)ဂူ၊ မြဝတီ၊ မဲဆောက်
52000
Jan 25
Feb 1
09-420087371, 09-262705136

**အင်္ဂလိပ်စာ**

ဆရာဦးဖိုးမြင့်မောင် (Top English)(a)
Saya William ၊ ဆရာအောင်အောင်

- General English 4-Skills
- Grammar+Writing
- Phonetics အသံထွက်နည်း
- အင်္ဂလိပ်စကားပြောသင်တန်းများ

EVER TOP သင်တန်းကျောင်း
Ph:09254903604, 09799656514

**နယူးနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့** အသက်သာဆုံးခရီးစဉ်အား

ဇန်နဝါရီ (15)ရက်မတိုင်မီ စရံပေးသွင်းပါက ဗလာမပါ ငွေသားကံစမ်းမဲနှင့်အတူ အခမဲ့ လိုက်ပါခွင့်စရံ (2)သိန်း+US 500 (11)ရက်ခရီးစဉ်နှင့် စရံ (2)သိန်း + US 600 (15) ရက်



(ကံစမ်းမဲကို ခရီးစဉ်မထွက်ခင် (1) ရက်အလိုတွင်ဖောက်မည်။)

ခရီးစဉ်ထွက်ခွာမည့်ရက်- မတ် (6)သွား (16) ပြန် (11-ရက်)၊ မတ် (11)သွား (25) ပြန် (15-ရက်)၊ ဧပြီ(13)သွား (22)ပြန်(10-ရက်)၊ ဧပြီ(13)သွား (27)ပြန်(15-ရက်)

ဗိုလ်ရိုးခရီးစဉ် စရံ (2) သိန်း+US 750 (၁၅) ရက်/စရံ (2)သိန်း+US 550 (၁) ပတ် (10) ဦး (၁)ဦး အခမဲ့၊ ဖေဖော်ဝါရီ (1)သွား (15) ပြန် (15-ရက်)၊ မတ်လ (4) သွား (11)ပြန် (1-ပတ်)- အထူး (15)ရက် Feb (2), Jan (30), အထူး-(11)ရက် Feb (13)

06230406201337301-KBZ ဘဏ်၊ အလုံ၊ ကမ်းနားလမ်း၊ ဆင်မင်းဈေးအနီး B1(101)၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ ရန်ကုန်။

(Email/Facebook: newnilar) / Viber: 5052973, 5069624, 5071583
Office: /899060007/799422740/786337158/9694964952,

# "ရွှေခေါင်းလောင်း ကဖီးနှင့်မုန့်ဆိုင်" ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်-၃၆၅ နှင့်စပ်လျဉ်း၍ ဦးကျော်ထွန်း၏ (၈- ၇-၂၀၁၈) ကြေးမုံသတင်းစာ ကြေညာချက်အပေါ် ရှင်းလင်းကြေညာခြင်း

ရွှေခေါင်းလောင် ကဖီးနှင့်မုန့်ဆိုင်၏ အချိုးကျပိုင်ရှင်များဖြစ်သည့် ဦးမောင်စိန်(ခ)ဦးမောင်ရွှေ [၁၂/ကတတ(ဧည့်)၀၀၀၀၄၄]နှင့် ကိုဘုန်းမြင့်ဇော် [၁၂/လသန(နိုင်)၀၂၁၉၃၇] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

၁။ ဦးကျော်ထွန်း၏ ကြေညာချက်အပိုဒ် (၁) ၌ဖော်ပြသည့် **"ဦးမောင်စိန်(ခ)ဦးမောင်ရွှေ၏ အစုရှယ်ယာစာရင်းတွက်ချက်၍ စာရင်းပေးရန်တောင်းဆိုမှုအပေါ်"** ဟူသော ဖော်ပြချက်မှာလုံးဝမှန်ကန်မှုမရှိပါ။ ဦးမောင်စိန်(ခ)ဦးမောင်ရွှေက အစုရှယ်ယာစာရင်းကို ယင်းအချိန်ကတောင်းဆိုခဲ့ခြင်းမရှိသကဲ့သို့ ဦးကျော်ထွန်းက ၎င်း၏ သဘောဖြင့်ပေးပို့သည်မှာလည်း **အစုစပ်လုပ်ငန်း၏စာရင်းဇယားမဟုတ်ဘဲ အစုစပ်လုပ်ငန်းပိုင်တိုက်ခန်းများ၏ တန်ဖိုးကို ၎င်းဆန္ဒအတိုင်းသတ်မှတ်၍** ကာလတန်ဖိုးထက် လွန်စွာလျော့နည်းသည့်တိုက်ခန်းတန်ဖိုးစာရင်း သတ်မှတ်ချက်အားပေးပို့ခဲ့ခြင်းဖြစ်ပါသည်။ ယင်းတိုက်ခန်းတန်ဖိုးစာရင်းကို လက်မခံနိုင်ကြောင်းနှင့် မိမိမှလည်း ယင်းစာရင်းတောင်းခံခဲ့ခြင်းမရှိကြောင်း (၈-၅-၂၀၁၈) ရက်စွဲပါ စာဖြင့် ဦးမောင်စိန်(ခ)ဦးမောင်ရွှေမှပြန်ကြားခဲ့ပြီးဖြစ်သော်လည်း ဦးကျော်ထွန်းက (၈-၇-၂၀၁၈)ရက်စွဲဖြင့် ထပ်မံကြေညာခြင်းမှာ ဦးမောင်စိန်(ခ)ဦးမောင်ရွှေနှင့်တကွ အများပြည်သူအား ထင်ယောင်ထင်မှားဖြစ်စေပါသည်။

၂။ ထို့ပြင် ဦးကျော်ထွန်း၏ ကြေညာချက်အပိုဒ် (၅)၌ **"ရွှေခေါင်းလောင်းအမည်ဖြင့် ဖွင့်လှစ်ထားခဲ့သည့် ကဖီးနှင့်မုန့်တိုက်လုပ်ငန်းသည် ဦးကျော်ထွန်းမှ ကနဦးတည်ထောင်လုပ်ကိုင်ခဲ့သူသာဖြစ်၍"** ဟူသောဖော်ပြချက်သည် လုံးဝ မှန်ကန်ခြင်းမရှိဘဲ တစ်ဖက်သတ်ကြေညာခြင်းဖြစ်ပါသည်။

ရွှေခေါင်းလောင်း ကဖီးနှင့်မုန့်တိုက်လုပ်ငန်းကို ဦးမောင်စိန်(ခ)ဦးမောင်ရွှေသည် ၁၉၈၁ ခုနှစ်တွင် ဦးကျော်ထွန်း၏ ဖခင်ဖြစ်သူ ဦးခင်မောင်နှင့် ကနဦးတည်ထောင်လုပ်ကိုင်ခဲ့ပြီး ၁၉၈၉ ခုနှစ်၌ ဦးကျော်ထွန်း၏အစ်ကို ဦးငွေထွန်းတို့ဖြင့် အစုဝင်သုံးဦးဖြစ်လာပြီးနောက် ၁၉၉၈ခုနှစ်၌ ဦးကျော်ထွန်းမှ အစုဝင်တစ်ဦးအဖြစ် ဝင်ရောက်ရာ စုစုပေါင်းအစုဝင် (၄)ဦးဖြင့် လုပ်ကိုင်ကြခြင်းဖြစ်ပါသည်။ထို့နောက် ၂၀၁၇ခုနှစ်၌ အစုဝင်တစ်ဦးဖြစ်သူ ဦးငွေထွန်းမှ ၎င်း၏အစုရှယ်ယာကို တူဖြစ်သူ ကိုဘုန်းမြင့်ဇော်အား လွှဲပြောင်းပေးအပ်ပြီး ဦးငွေထွန်းမှ လုပ်ငန်းမှ စွန့်ခွာ၍ လက်ရှိအစုဝင်များမှာ ဦးမောင်စိန်(ခ)ဦးမောင်ရွှေ၊ ဦးကျော်ထွန်း၊ ကိုဘုန်းမြင့်ဇော်တို့ဖြစ်ပါသည်။

၃။ ထိုသို့လုပ်ကိုင်ခဲ့ရာ ၂၀၁၈ခုနှစ်၊ ဧပြီလတွင် ဦးကျော်ထွန်းသည် မူလသဘောတူညီချက်၌မပါဘဲ ၎င်း၏ သဘောဆန္ဒဖြင့် "ရွှေခေါင်းလောင်း ကဖီးနှင့်မုန့်ဆိုင်လုပ်ငန်း" မှ ရောင်းချရတန်ဖိုးငွေ၏ (၂၀%)ကို ဦးစွာရယူပြီး ကျန်ငွေမှ စရိတ်များ ထုတ်နုတ်တွက်ချက်၍ အကျိုးအမြတ်ခွဲဝေရယူပြန်ပါသည်။

၄။ ထို့နောက် ၂၀၁၈ခုနှစ်၊ မေလတွင် ကိုဘုန်းမြင့်ဇော်၏ အကျိုးအမြတ်ကိုလည်းကောင်း၊ ဇွန်လတွင် ဦးမောင်စိန်(ခ)ဦးမောင်ရွှေ၏ အကျိုးအမြတ်တို့ကိုလည်းကောင်း၊ ဦးကျော်ထွန်းက ခွဲဝေပေးခြင်းမပြုတော့ဘဲ ကျန်အစုဝင်များအား လုပ်ငန်းဆိုင်အတွင်းသို့ ဝင်ရောက်ခြင်း၊ ဆောင်ရွက်မြဲလုပ်ငန်းဆောင်တာများကို ဆောင်ရွက်ခြင်း၊ စာရင်းဇယားများကြည့်ရှုစစ်ဆေးခြင်းတို့ကိုပြုလုပ်ခြင်းမပြုရန် တားဆီးနှောင့်ယှက်ဟန့်တားခဲ့ပါသည်။ ရွှေခေါင်းလောင်း ကဖီးနှင့်မုန့်ဆိုင်လုပ်ငန်းအသုံးပြုသည့် စာရေးစက္ကူလိပ်စာကတ်တို့၌ရှိသည့် ဦးမောင်စိန်(ခ)ဦးမောင်ရွှေ၏ ဖုန်းနံပါတ်ကိုလည်း ပယ်ဖျက်ခဲ့ပါသည်။

၅။ ယခုအခါ ဦးမောင်စိန်(ခ) ဦးမောင်ရွှေ နှင့် ကိုဘုန်းမြင့်ဇော်တို့သည် မိမိတို့ အချိုးကျပိုင်ဆိုင်သည့် ရွှေခေါင်းလောင်း ကဖီးနှင့် မုန့်ဆိုင်၌ မိမိတို့ ပါဝင်ဆောင်ရွက်မြဲ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ခြင်း မရှိသကဲ့သို့ အကျိုးအမြတ်လည်း ရရှိခံစားရခြင်းမရှိဘဲ လက်လွတ်ဆုံးရှုံးရလျက်ရှိပါသည်။

၆။ ထို့ကြောင့် ဦးမောင်စိန် (ခ) ဦးမောင်ရွှေနှင့် ကိုဘုန်းမြင့်ဇော်တို့က မိမိတို့ နစ်နာမှုအဝဝအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆွေဆွေညိမ်း LL.B,D.B.L,D.A.Psy**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၃၀/၈၆)**

**ဦးကောင်းထက်ဇော် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၅၇၇၉)**

**ဒေါ်ခိုင်တင်တင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၀၅၅)**

**အမှတ် (၁၄၅)၊ ပထမထပ်၊ ၃၇-လမ်း(အလယ်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-5082234, 01-392515**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်

## ကြေညာချက်အမှတ်(၀၂/၂၀၁၉)
## (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားအစီအစဉ် ကြေညာခြင်း

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (၂၀၁၇-၂၀၁၈ ပညာသင်နှစ်)တွင် ပညာရေးအဖွဲ့ကကြီးမှူးကျင်းပသည့် မဟာဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ နိုင်ငံခြားဘာသာစကားနေ့သင်တန်းအချိန်ပိုင်း/အချိန်ပြည့်(ဘွဲ့)၊ Postgraduate Diploma in English course(CHRD) နှင့် Diploma in English course(CHRD) ဘွဲ့/ဒီပလိုမာ စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီး တက်ရောက်ဘွဲ့ယူရန်လျှောက်ထားကြသူများအတွက် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အောက်ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန်ကြေညာလိုက်သည်။

**ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်**

**(က) အစမ်းလေ့ကျင့်ပွဲ အစီအစဉ်**

| | |
|---|---|
| ကျင်းပမည့်နေ့ရက် | ၁-၂-၂၀၁၉ (သောကြာနေ့) |
| ကျင်းပမည့်အချိန် | အပိုင်း (၁) (၂) (၃)၊ နံနက် (၉:၀၀) နာရီ<br>အပိုင်း(၄) (၅) (၆)၊ မွန်းလွဲ (၂:၀၀) နာရီ |
| ကျင်းပမည့်နေရာ | မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ |

**(ခ) ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်နှင့်အစီအစဉ်**

| | |
|---|---|
| (အပိုင်း-၁) ၂-၂-၂၀၁၉ (စနေနေ့) | ၉:၀၀ နာရီ (နံနက်ပိုင်း) |
| **မဟာဝိဇ္ဇာဘွဲ့** | |
| တရုတ် | တရုတ်ဘာသာအထူးပြုအားလုံး |
| **ဝိဇ္ဇာဘွဲ့** | |
| တရုတ် | တရုတ်ဘာသာအထူးပြုအားလုံး |
| **ဒီပလိုမာအချိန်ပိုင်း** | |
| တရုတ် | တရုတ်ဘာသာအထူးပြုအားလုံး |
| Postgraduate Diploma in English No.43 | PGDE(Adv-II) 1 to 174 |
| Diploma in English No.49 | DE (Adv) 1 to 112 |
| (အပိုင်း-၂) ၂-၂-၂၀၁၉ (စနေနေ့) | ၂:၀၀ နာရီ (မွန်းလွဲပိုင်း) |
| **မဟာဝိဇ္ဇာဘွဲ့** | |
| ပြင်သစ် | ပြင်သစ်ဘာသာအထူးပြုအားလုံး |
| **ဝိဇ္ဇာဘွဲ့** | |
| ပြင်သစ် | ပြင်သစ်ဘာသာအထူးပြုအားလုံး |
| **ဒီပလိုမာအချိန်ပြည့်** | |
| ထိုင်း | ထိုင်းဘာသာအထူးပြုအားလုံး |
| Postgraduate Diploma in English No.43 | PGDE(Adv-II) 175 to 361 |
| Diploma in English No.49 | DE(Adv)113 to 235 |
| Diploma in English No.50 | DE(Adv)1 to 20 |
| (အပိုင်း-၃) ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) | ၉:၀၀ နာရီ (နံနက်ပိုင်း) |
| **မဟာဝိဇ္ဇာဘွဲ့** | |
| ဂျာမန် | ဂျာမန်ဘာသာအထူးပြုအားလုံး |
| ရုရှား | ရုရှားဘာသာအထူးပြုအားလုံး |
| **ဝိဇ္ဇာဘွဲ့** | |
| ဂျာမန် | ဂျာမန်ဘာသာအထူးပြုအားလုံး |
| ရုရှား | ရုရှားဘာသာအထူးပြုအားလုံး |
| Postgraduate Diploma in English No.44 | PGDE(Adv-II) 1 to 101 |
| Diploma in English No.50 | DE(Adv)21 to 147 |
| (အပိုင်း-၄) ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) | ၂:၀၀ နာရီ (မွန်းလွဲပိုင်း) |
| **မဟာဝိဇ္ဇာဘွဲ့** | |
| ဂျပန် | ဂျပန်ဘာသာအထူးပြုအားလုံး |
| **ဝိဇ္ဇာဘွဲ့** | |
| ဂျပန် | ဂျပန်ဘာသာအထူးပြုအားလုံး |
| **ဒီပလိုမာအချိန်ပိုင်း** | |
| ဂျပန် | ဂျပန်ဘာသာအထူးပြုအားလုံး |
| Postgraduate Diploma in English No.44 | PGDE(Adv-II) 102 to 206 |
| Diploma in English No.50 | DE(Adv)148 to 308 |
| Diploma in English No.51 | DE(Adv)1 to 32 |
| (အပိုင်း-၅) ၄-၂-၂၀၁၉ (တနင်္လာနေ့) | ၉:၀၀ နာရီ (နံနက်ပိုင်း) |
| **မဟာဝိဇ္ဇာဘွဲ့** | |
| အင်္ဂလိပ် | အင်္ဂလိပ်ဘာသာအထူးပြုအားလုံး |
| **ဝိဇ္ဇာဘွဲ့** | |
| အင်္ဂလိပ် | အင်္ဂလိပ်ဘာသာအထူးပြုအားလုံး |
| Postgraduate Diploma in English No.45 | PGDE(Adv-II) 1 to 98 |
| Diploma in English No.51 | DE(Adv)33 to 175 |
| (အပိုင်း-၆) ၄-၂-၂၀၁၉ (တနင်္လာနေ့) | ၂:၀၀ နာရီ (မွန်းလွဲပိုင်း) |
| **မဟာဝိဇ္ဇာဘွဲ့** | |
| ကိုရီးယား | ကိုရီးယားဘာသာအထူးပြုအားလုံး |
| **ဝိဇ္ဇာဘွဲ့** | |
| ကိုရီးယား | ကိုရီးယားဘာသာအထူးပြုအားလုံး |
| ဒီပလိုမာအချိန်ပြည့် | |
| အင်္ဂလိပ် | အင်္ဂလိပ်ဘာသာအထူးပြုအားလုံး |
| Postgraduate Diploma in English No.45 | PGDE(Adv-II) 99 to 200 |
| Diploma in English No.51 | DE(Adv)176 to 350 |

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ဘွဲ့ယူသူများအတွက် ဘွဲ့ဝတ်ရုံငှားရမ်းခွင့်ထောက်ခံစာများ၊ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့်လက်မှတ်နှင့် ဧည့်လက်မှတ်တို့ကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း One Stop Service System ဖြင့် ထုတ်ပေးမည်ဖြစ်သည်။

| | |
|---|---|
| နေ့ရက်။ | ၂၉-၁-၂၀၁၉ (အပိုင်း-၁၊ ၂၊ ၃) နှင့် ၃၀-၁-၂၀၁၉ (အပိုင်း-၄၊ ၅၊ ၆) |
| အချိန်။ | နံနက် (၁၀:၀၀) နာရီမှ မွန်းတည့် (၁၂:၀၀) နာရီအထိ တစ်ကြိမ်<br>မွန်းလွဲ (၁:၀၀) နာရီမှ ညနေ (၄:၀၀) နာရီအထိ တစ်ကြိမ် |
| နေရာ။ | သိဒ္ဓိရတနာခန်းမ |

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ဘွဲ့ယူမည့် အမျိုးသားများသည် မြန်မာဝတ်စုံ၊ (အင်္ကျီလက်ရှည်ဖြစ်ရမည်) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ (အင်္ကျီလက်ရှည်ဖြစ်ရမည်) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်ဖြစ်ပါသည်။

**(ကြီးမြိုင်)**
**(ဌာနမှူး၊ သင်တန်းရေးရာဌာန)**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## ဒေါ်ခင်ပို
**အသက်(၉၃)နှစ်**
**သထုံမြို့**

သူငယ်ချင်း ဒေါက်တာ ဖေဝင်းအောင်၏မိခင် ဒေါ်ခင်ပို အသက်(၉၃)နှစ်သည် ၁၀-၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၃-၁၉၉၃ MBBS ဆေး-၂ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသာထွန်း(ခ)ပါစီနိုလ်ဝယ်
**အသက်(၈၃)နှစ်**
**(လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း)**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာန**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စာရင်းအင်းပညာဌာန(ဆရာ)**

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စာရင်းအင်းပညာဌာနမှ ဆရာ ဦးသာထွန်းသည် ၈-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစာရင်းအင်းပညာအသင်း (MSA)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်သန်း
**မော်ကလိန်းဂျပ်ဆင်ကျောင်းသူဟောင်း**
**အသက် (၇၈) နှစ်**

သူငယ်ချင်း ဝဏ္ဏ (လ/ထညွှန်မှူး၊ စ. စ. စ)၏မိခင်ကြီးသည် ၉-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ မိခင်ကြီးကောင်းရာဘုံဘဝရောက်ရှိစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စုံစမ်းရေးလက်ထောက်(၁၉၈၈) လူမှုကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဟာဂျီမ ဒေါ်လှလှဝင်း
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၁၄၈)၊ အခန်း(၄၀၃)နေ ဟာဂျီဦးကျော်တင့်၏ ဇနီး၊ ကိုစန်းဝင်းကျော် (Htoo Co., Ltd)၏မိခင် ဟာဂျီမဒေါ်လှလှဝင်းသည် ၅-၁-၂၀၁၉ (စနေနေ့) တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆေးတက္ကသိုလ်များ၊ ခြေလျှင်နှင့်တောင်တက်အသင်း**
**စာရာမေတ်မောင်နှမများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ကြည်
**(ဂျူဒိုအားကစားသမားဟောင်း)**
**အသက်(၆၁)နှစ်**

ဦးဝင်းထွဋ် (နည်းပြ၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်)-ဒေါက်တာ မြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)တို့၏ညီမ ဒေါ်တင်တင်ကြည် သည် ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၈း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းသန်းထွေး
**အသက်(၅၄)နှစ်**

သူငယ်ချင်း ဒေါက်တာထွန်းမြင့်၏ဇနီးသည် ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈း၅၃ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ- ဝင်းထိန်၊ တိုးလွင်ဦး၊ ဝင်းမာဦး၊**
**စန်းစန်းဝင်း၊ မူမူခိုင်၊ သီတာမိုး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းသန်းထွေး
**အသက်(၅၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၏ ဇနီးသည် ၁၀-၁-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၈း၅၃ နာရီတွင် ကွယ် လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**အခြေခံကျန်းမာရေးဝန်ထမ်းများ**
**ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်သန်းသန်းထွေး
**အသက် (၅၄) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၏ ဇနီးသည် ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈း၅၃ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**တောင်ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အုန်းကြည်
**အသက် (၉၂) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ တိမ်ကြား မင်းခေါင်လမ်း၊ အမှတ်(၂၀၂/ခ)နေ (ဦးဖိုးကျင်-ဒေါ်မြမေ)တို့၏သမီး၊ (ဦးဖိုးတုတ်-ဒေါ်ကလေးမ)တို့၏သမီးချွေးမ၊ (ဦးတင်ရွှေ)၏ဇနီး၊ ဦးသန်းအောင်-ဒေါ်တင်အေး၊ ဦးစိုးသိန်း-ဒေါ်ညွှန့်ဝင်း၊ ဦးခင်မောင်ဆွေ-ဒေါ်နီနီဝင်း၊ (ဦးခင်မောင်ဝေ)-ဒေါ်ဝေဝေလွင်၊ ဦးခင်မောင်ထွန်း-ဒေါ်သန်းထိုက်၊ ဦးခင်မောင်သိန်း-ဒေါ်ဝင်းဝင်းမော်တို့၏မိခင်၊ မြေး ၁၅ယောက်တို့၏အဘွား၊ မြစ်ကိုးယောက်တို့၏ဘွားဘွားကြီး ဒေါ်အုန်းကြည်သည် ၁၁-၁-၂၀၁၉ (သောကြာနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစိုးနိုင်
**အသက် (၆၀)**
## ဦးအောင်နိုင်ထွန်း
**အသက် (၅၂) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေလှိုင်လမ်း၊ အမှတ် (၁)နေ (ဦးအောင်သောင်း-ဒေါ်တင်လေး)တို့၏သားများ၊ ဒေါ်စန်းစန်းဦး၏ မောင်၊ ဒေါ်ခင်သက်၊ (ဦးဘိုလေး)၊ ဒေါ်ဝင်းဝင်းခိုင်(NAD)၊ ဒေါ်လှလှခိုင်(အထက-၂၊ အလုံ)တို့၏ အစ်ကို/မောင်၊ ဦးအုန်းမြင့်-ဒေါ်ကျင်မွှေး၊ ဦးနိုင်ကိုကို-ဒေါ်အုန်းမြိုင်တို့၏အစ်ကို၊ မောင်ဇော်လင်းအောင်၊ မောင်ပိုင်စိုးတို့၏ဦးလေး ဦးစိုးနိုင်နှင့် ဦးအောင်နိုင်ထွန်းတို့သည် ၁၀-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးဥပကာရတင်ရှိအပ်ပါကြောင်း

၃၁-၁၂-၂၀၁၈ ရက် ည ၁၀း၃၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားခဲ့သော ဦးအောင်မြတ်ကျော် အသက်(၆၀)၊ (ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး)၏ဈာပနကိစ္စအဝဝအတွက် ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေး၊ သတင်းမေးမြန်း၊ လိုက်ပါပို့ဆောင်ပြီး၊ ကျန်ရစ်သူမိသားစုများကို အစစအရာရာကူညီဆောင်ရွက်ပေးကြပါသော၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တော ဦးစီးဌာနမှ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များ၊ ဆရာများနှင့် အငြိမ်းစား အရာရှိကြီးများ၊ ဒုတိယဝန်ကြီး (ငြိမ်း)၊ ညွှန်ကြားရေးချုပ်၊ သစ်တောဦးစီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဝန်ထမ်းများနှင့် မိသားစုများ၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်း သစ်တောဦးစီးဌာနအသီးသီးတို့မှ တိုင်း၊ ခရိုင်နှင့်မြို့နယ် သစ်တောဦးစီးဌာနတို့မှ ဝန်ထမ်းမိသားစုများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ၁၉၇၅-၁၉၈၁/၈၂/၈၃-ခုနှစ်၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ သိပ္ပံဘွဲ့(သစ်တော)ဘွဲ့ရ သူငယ်ချင်းမိသားစုများ၊ အခြားကျေးဇူးတင် ထိုက်သူများအားလုံးတို့ကို အထူးကျေးဇူးဥပကာရတင်ရှိအပ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဘုဏ်ထွန်း
**(အင်ဂျင်နီယာမှူးကြီး-ငြိမ်း)**
**အသက် (၇၂) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ဩဘာလမ်း၊ အမှတ်(၅၅)၊ သုံးလွှာ(အေ)နေ အသင်းဝင်ဒေါ်ကြည်ကြည်ခိုင်၏ခင်ပွန်းသည် ၆-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်)**

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**
## ဒေါ်သန်းသန်းထွေး
**အသက်(၅၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ သမ္မတ(၃)လမ်းနေ (ဦးမောင်ထွန်း-ဒေါ်မြိုင်)တို့၏သမီး၊ မအူပင်မြို့၊ ဆယ်လန်းဆေးရုံနေ (ဦးငယ်ကြီး-ဒေါ်ခင်ကြည်)တို့၏ သမီးချွေးမ၊ (ဒေါ်မြမြဦး)၊ ဦးမောင်မောင်မြင့်-ဒေါ်သန်းသန်းအေး၊ (ဦးခင်မောင်ဇော်)-ဒေါ်မာမာစိုး၊ ဦးလှငွေး-ဒေါ်ပြုံး၊ ဦးဖုန်းကျော်-ဒေါ်မြင့်မြင့်စိန် တို့၏ ညီမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၅၂၅/စီ)နေ ဒေါက်တာထွန်းမြင့် (ရန်ကုန်တိုင်းဒေသ ကြီးကျန်းမာရေးဦးစီးဌာနမှူး)၏ ဇနီး၊ မောင်ပြည့်ဖြိုးမောင်၊ မမေမြင့်မိုရ်ဦး တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈း၅၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများ အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၁၆-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာခင်ကြည် (ခ)
## ဒေါက်တာထိုက်အောင်
**(M.B.B.S)**
**ဇာတိဆေးကုခန်း၊ မင်းလှမြို့**
**အသက် (၅၉) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အမှတ်(၆၆)၊ လမ်းမတော်လမ်းနေ (ဦးအလျှော်-ဒေါ်ဝင်းကြည်)တို့၏ သား၊ (ဦးအုန်းထွန်း)၊ ဦးညဏ်လင်း (ကထိက-ငြိမ်း၊ စီးပွားရေးတက္ကသိုလ်)-ဒေါ်မြမြသန်း၊ (ဦးမြင့်လွင်)-ဒေါ်သန်းသန်းဆင့်၊ (ဒေါ်တင်စိန်)၊ (ဦးခင်စိန်)၊ ဒေါ်တင်ငွေး (ကထိက-ငြိမ်း၊ သတ္တဗေဒ)တို့၏ ညီ/မောင်၊ ဦးသန်းငွေး (ရတနာစတိုး)-ဒေါ်တင်တင်ဝင်းတို့၏ အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ ဘကြီး၊ မြေးသုံးယောက်တို့၏အဘိုး ဒေါက်တာခင်ကြည်(ခ) ထိုက်အောင်သည် ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၉း၄၅ နာရီတွင် ကြို့ပင်ကောက်၊ အောင်မြင်မြင့်မို အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ (စနေနေ့)တွင် မင်းလှမြို့ တရုတ်သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများကို အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)**
## ဦးသန်းရှိန်
**အသက်(၈၅)နှစ်**
**ရာ-၄၅၇**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၄၃)၊ ပထမထပ်(ဝဲ)နေ ဒေါ်သန်းသန်းဝင်း၏ ခင်ပွန်းသည် ၉-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၉ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဒေါ်မေယုခင်
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၂၃)နေ (ရွှေနေ ဦးခင်မောင်၊ ဒေါ်ကီ)တို့၏ သမီး၊ [ဦးစိန်ဝင်း (လ/ထ ပြည်နယ်ဦးစီးမှူး၊ ထွေ/အုပ်)]၏ဇနီး၊ ဦးဇော်ထွန်းဦး (Myanmar New Bridge Co.,Ltd.)၊ ဒေါ်ခင်သန္တာသန့်(ABC Beauty Co., Ltd.)၊ ဦးကျော်မင်းဦး၊ ဒေါ်မြင့်မြင့်စန်း တို့၏မိခင်၊ မယွန်းရတနာဦး (ဒုတိယနှစ်၊ ဘူမိဗေဒ၊ ရန်ကုန်တက္ကသိုလ်)၊ မောင်ဂျွန်ကိုကို (ဆဋ္ဌမတန်း၊ အထက-၂၊ ကမာရွတ်)တို့၏ အဘွားသည် ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၁၆-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာဦးမျိုးဆွေ
**(ဆေးရုံအုပ်ကြီး-ငြိမ်း)**
**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၄၁)နေ (ဦးအေး-ဒေါ်စောသိန်း)တို့၏ သားကြီး၊ (ဦးသိန်းဇံ-ဒေါ်မြမြ)တို့၏သားသမက်၊ (ဦးမျိုးဝေ-ဒေါ်သန်းညွန့်)၊ (ဦးမျိုးအေး)၊ (ဦးမျိုးငွေး)၊ ဦးငွေးဝင်း-ဒေါ်ခင်မျိုးမြင့်၊ (ဦးမျိုးမင်း)-ဒေါ်သန်းသန်းဆွေတို့၏ အစ်ကိုကြီး၊ ဒေါ်နီနီစန်း၏ခင်ပွန်း၊ ကိုနေမျိုးဝင်း-မမေသန္တာမျိုး၊ (ကိုကျော်ထက်မျိုး)၊ ကိုဇော်မင်းထိုက်-မမေဖြူပြာမျိုး၊ မမေစံပယ်မျိုးတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၁-၁-၂၀၁၉ (သောကြာနေ့) နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၄၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးဝင်း (ပေါင်းတည်)
**အသက်(၆၅)နှစ်**

ပေါင်းတည်မြို့၊ ရှမ်းစုလမ်းနေ (ဦးသန်းမြင့်-ဒေါ်ခင်အေး)တို့၏ သားငယ်၊ (ဦးသိန်းဆွေ-ဒေါ်စိန်စိန်)တို့၏ညီ၊ ကိုသဲနိုင်စိုး-မသဥ္ဇာဖြူ၊ ကိုကျော်မျိုးဦး-မမေသီနွယ်၊ မဆုဝင့်ဝါ၊ မောင်ပိုင်သိမ်းခန့်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မမြယွန်းမိုရ်၊ မရှင်မင်းမိုရ်တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်ငွေးငွေး၏ ချစ်လှစွာသောခင်ပွန်းသည် ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသန်းရှိန် (ပေါင်းတည်)
**ကင်မရာပြုပြင်ရေး**
**အသက် (၈၅) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၄၃)၊ ပထမထပ်(ဝဲ)နေ (ဦးမူ-ဒေါ်ရီ)တို့၏သား၊ ဦးသော်-(ဒေါ်တင်မမ)တို့၏သားသမက်၊ ဦးသန်းမြင့်ဆွေ-ဒေါ်ယဉ်ထွေးတို့၏အစ်ကို၊ မောင်သက်အောင်-မချိုမမတို့၏ဖခင်၊ ဒေါ်သန်းသန်းဝင်း၏ ချစ်လှစွာသော ခင်ပွန်းသည် ၉-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စန်းရွှေ (ရခိုင်ရိုးကြီးကျေးရွာ)
**အသက်(၈၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာနေ (ဦးဖိုးလွင်-ဒေါ်စိန်သင်)တို့၏ သမီး၊ (ဦးသန်းမောင်-ဒေါ်အေးရှိန်)တို့၏ သမီးချွေးမ၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ အောင်သုတလမ်း၊ အမှတ်(၁၉)နေ (ဦးစိုးဝင်း)၏ဇနီး၊ ဦးစိုးမော်ဦး-ဒေါ်ခင်သန်းငွေး၊ ဦးမောင်မောင်လွင်-ဒေါ်စိုးပပနိုင်၊ (ဦးစိုးဉက္ကာ-ဒေါ်နှင်းနှင်းသွင်)၊ ဒေါ်စိုးမြတ်မြတ်နိုင်၊ ဦးစိုးအာကာ-ဒေါ်အေးမြဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဒေါက်တာလွင်ဖြူဖြူမောင်၊ ကိုဖြိုးဉက္ကာကျော်-မခင်ပြည့်ပြည့်ကျော်၊ မဆုမြတ်လွင်၊ မောင်မိုးဟိဏ်းကျော်၊ မကေခိုင်ထက်၊ မသီရိစိုးစံ၊ မထက်အင်ကြင်းတို့၏ ချစ်လှစွာသောဘွားဘွားသည် ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် သန်လျင်မြို့နယ်၊ အမိုးနီသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းစန်းလှ(ခ)ဒေါ်ဒေစီလှ
**အသက်(၇၂)နှစ်**
**အထက်တန်းပြဆရာမ(ငြိမ်း)**
**အထက-၃ (ဗဟန်း)၊ အလက-၃ (တာမွေ)**
**အလက(၁)၊ မင်္ဂလာတောင်ညွန့်၊ အထက(၁)မင်္ဂလာတောင်ညွန့်**
**အထက(၄)၊ မင်္ဂလာတောင်ညွန့်**

အမှတ်(၁၁၂၃)၊ သုံးလွှာ(ဘီ)၊ အောင်သုခလမ်း(၂၀)၊ (၆)ရပ်ကွက်အရှေ့ သာကေတမြို့နယ်နေ (ဦးလှဖေ-ဒေါ်လှကြည်)တို့၏ သမီးကြီး၊ ဒေါ်ခင်အေးလှ၊ (ဒေါ်နှင်းနှင်းလှ)၊ (ဦးသန်းလှ)၊ ဦးကိုပိုလှ၊ ဒေါ်ချိုချိုလှတို့၏အစ်မကြီး၊ တူ/တူမ ခြောက်ယောက်တို့၏ အဒေါ်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်စန်းစန်းလှ(ခ) ဒေါ်ဒေစီလှ သည် ၁၁-၁-၂၀၁၉ ရက် နံနက် ၇း၄၀ နာရီတွင် အောင်ရတနာ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါက်တာမျိုးမင်းလွင် (၄၉)နှစ်
**Nutrition Officer, UNICEF**
**၁၉၈၆ ဆေးတက္ကသိုလ်-၂ ရန်ကုန်**
**MB,BS, MPH (Mahidol University)**
**နမ္မတူ၊ ဘော်တွင်း**

အမှတ်(၈၉၇/၈၉၈)၊ သီဂီ(၂)လမ်း၊အဆင့်မြင့်(၅)ရပ်ကွက်၊ လှိုင်သာယာ မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးငွေးလွင်)-ဒေါ်ခင်ခင်ဝင်း တို့၏ ချစ်လှစွာသော သားငယ်၊ မြိတ်မြို့နေ ဦးညွန့်လွင်၊ ဒေါ်သင်းညွန့် တို့၏ သားသမက်၊ ဒေါက်တာ ခင်မောင်လွင် (SMRV, Maesot မြို့)-ဒေါ်မြသီတာ တို့၏ ညီ၊ ဒေါ်နွေးနွေးလွင်(MDM)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဟိန်းထက်လွင် (Grade-7 K, TTC)၏ ကျေးဇူးရှင်ဖခင်၊ ဒေါက်တာနှိုင်းထက်ဒိုး၊ မောင်အောင်ကောင်းဆက်၊ မအိအိယမုန် တို့၏ ဦးလေးသည် ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၉း၅၅ နာရီတွင် ပန်းလှိုင်စီလုံဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၁-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်ခန်းမ(၁-က) ၌ ဝတ်ပြုဆုတောင်းပြီး နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီး ဒေါ်စုစု (ငြိမ်း)
**အသက်(၇၅)နှစ်**

ဒုတိယ ဗိုလ်မှူးကြီးစန်းမြင့်(လေ-ငြိမ်း)၏ ချစ်လှစွာသောဇနီး စစ်သူနာပြု အပတ်စဉ်(၄) ဗိုလ်ကြီးဒေါ်စုစု(ငြိမ်း)သည် ၈-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်သူနာပြု အပတ်စဉ်(၄) သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ကြည်
**ဒု-ဥက္ကဋ္ဌ၊ လူမှုကရုဏာအဖွဲ့(အင်းစိန်)**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရာသက်ပန်အသင်းဝင်)**
**သာသနာရေးဦးစီးဌာန၊ ဂျူဒိုအားကစားသမားဟောင်း**
**အသက် (၆၁) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၁၉၁)နေ (ဦးအောင်သိန်း-ဒေါ်တာ)တို့၏သမီးငယ်၊ ဦးဝင်းထွဋ်(နည်းပြ၊ မြန်မာနိုင်ငံကြက်တောင် အဖွဲ့ချုပ်)-ဒေါက်တာမြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)တို့၏ညီမ၊ မောင်စိန်ညွန့်၏အစ်မ၊ မောင်ဖြိုးဝေကိုကို၊ မောင်ကျော်ကိုသန့်စင်တို့၏အဒေါ်ဖြစ်သူ ဒေါ်တင်တင်ကြည် (ဂျူဒိုအားကစားသမားဟောင်း)သည် ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၈း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိ ရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင်များ**
**မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်**
**မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ်**

# ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

## ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး တိုင်းပြည်၏ဝင်ငွေရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ နာယက ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ဒစ်ဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ စတင်ဖွဲ့စည်းပြီးနောက် ဒုတိယအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီကို ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ထူထောင်ပြီး တိုင်းပြည်၏ ဝင်ငွေရှာဖွေရန်၊ လက်ရှိစီးပွားရေးလုပ်ငန်းများ ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ အသေးစား၊ အလတ်စား

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

## ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် အသင်းကြီးများ နိုင်ပွဲဆက်ဖွယ်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၈-၂၀၁၉ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၀) ကို ဇန်နဝါရီ ၁၂ ရက် နံနက် ၈ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ စတင်ကျင်းပမည်ဖြစ်ပြီး အသင်းကြီးအများစု နိုင်ပွဲဆက်ဖွယ်ရှိနေသည်။

ပွဲစဉ် (၉) အပြီးတွင် MIC အသင်းက ကိုးပွဲဆက်အနိုင်ရကာ ၂၇ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး VUC အသင်းက ၂၄ မှတ်၊ GV Athletic၊ မြို့မနှင့် UPT အသင်းတို့က ၁၅ မှတ်စီ၊ ရွှေမြဝတီအသင်းက ၁၄ မှတ်၊ Comrade အသင်းက ၁၃ မှတ်၊ PU အသင်းက ၁၀ မှတ်၊ AMM အသင်းက ကိုးမှတ်၊ Titan XII အသင်းက ခုနစ်မှတ်၊ ယူ-၁၉ အသင်းက ခြောက်မှတ်၊ White Colour အသင်းက လေးမှတ်ရထားသည်။

ပွဲစဉ် (၁၀) အဖြစ် နံနက် ၈ နာရီတွင် VUC နှင့် PU၊ နံနက် ၉ နာရီခွဲတွင် ရွှေမြဝတီနှင့် MIC၊ နံနက် ၁၁ နာရီတွင် Titan XII နှင့် Comrade၊ မွန်းလွဲ ၁၂ နာရီခွဲတွင် UPT နှင့် AMM၊ မွန်းလွဲ ၂ နာရီတွင် White Colour နှင့် GV Athletic၊ ညနေ ၃ နာရီခွဲတွင် မြို့မနှင့် ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ မန္တလေးမြို့၌ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၁၁**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီး ခြေစစ်ပွဲ ဒုတိယအဆင့်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့ပြီး မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

### ရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်

အာရှဘောလုံး အဖွဲ့ချုပ်သည် ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပမည်ဖြစ်သောကြောင့် အိမ်ရှင်နိုင်ငံ နှစ်နိုင်ငံ ရွေးချယ်ခဲ့ပြီး မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့၌ ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို ဧပြီ ၂၆ ရက်မှ ၃၀ ရက်အထိ

**စာမျက်နှာ ၇ ကော်လံ ၄ သို့ ❖**



အာရှ ယူ-၁၉ ပထမအဆင့်ခြေစစ်ပွဲတွင် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် လာအို ယူ-၁၉ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

GRAND HANTHA INTERNATIONAL HOSPITAL

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည်
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

MMPGA

ထိခိုက်ဒဏ်ရာနှင့် အရိုး၊ အကြောခွဲစိတ်မှုနယ်ပယ်တွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော ဆရာဝန်ကြီး
ဒေါက်တာမောင်ဝင်း
MBBS, MD, Consultant Orthopedics
Chief, Sports medicine, Orthopedic Department
၂၉.၁.၂၀၁၉ မှ ၂.၂.၂၀၁၉ ထိ

အထွေထွေနှင့် အထူးကြပ်မတ်ကုသမှုဆိုင်ရာ အထူးကုဆရာဝန်ကြီး
(General and Critical Care Physician)
ဒေါက်တာရဲမြင့်
MBBS (Yangon), D.A (London),
FRCA London, FFICM (London)
Consultant in Critical Care Medicine and Anaesthesia,
Barnsley Hospital, UK
Hon. Senior Lecturer in Sheffield University, UK.
၂၁.၁.၂၀၁၉ မှ ၃.၂.၂၀၁၉ ထိ

ကလေးအထူးကုဆရာဝန်ကြီး
ဒေါက်တာရဲကျော်အောင်
MBBS, MD, MPH, FAAP (Paediatrics),
Consultant Paediatrician, New York, USA
၈.၂.၂၀၁၉ မှ ၂၁.၂.၂၀၁၉ ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ(၅)နာရီအထိ လူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၃၁ ၇၆၁၇၊ ၀၁ ၅၂၃ ၀၀၀၊ ၀၁ ၅၂၃ ၁၁၁



အယ်လ်စိုင်း(ရှမ်းအညာမြေ)

# ကချင်ပြည်နယ်နေ့၏ မနောသီချင်းနှင့်အကအလှ မြင်ကွင်းများ

ဆီးနှင်းများနှင့် သဘာဝရေ၊ မြေ၊ တောတောင်များနှင့်သယံဇာတပေါကြွယ်ဝစွာ ကချင်ပြည်နယ်က ထာဝစဉ် လှပလျက်ရှိသည်။ ထို့အတူ ကချင်ပြည်နယ်အတွင်းရှိ ရောင်စုံပန်းတို့သည်လည်း အတူတကွလှပစွာဖြင့်ပွင့်လန်းနေကြသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၀ ရက် ကချင်ပြည်နယ်နေ့ မြစ်ကြီးနားမြို့၏ ဆောင်းနံနက်ခင်းဝယ် 'ဒူ. . ဒူ. . ဒူ 'ဒုံ ဒုံ ဒုံ . . . . ဒုံ' ကချင်ရိုးရာမောင်းတီးသံ ကချင်အိုးစည် (ဗုံရှည်)တစ်ပြိုင်နက် တီးသံတို့နှင့် "အောရာ. . အောရာ. . အောရအောရအေး"(Aw Ra...Aw ra Aw ra ...Aw ra e) ဟူသော ကချင်မနောအကတေးသံသာက မိုးထိဘဝင်ညံပျံ့လွင့်လျက်ရှိသည်။

နံနက် ၇ နာရီခန့်မှ စတင်ကာ ကချင်တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဝတ်စုံ၊ ဗမာတိုင်းရင်းသားများဝတ်စုံ၊ ရှမ်းတိုင်းရင်းသားလူမျိုးစုများ၏ဝတ်စုံ၊ လီဆူလူမျိုးများ၊ ရဝမ်လူမျိုးဝတ်စုံများဝတ်ဆင်၍ အစုလိုက်အဖွဲ့လိုက် တဖွဲဖွဲ ဖြတ်သန်းသွားလာနေကြသည့် မြင်ကွင်း တစ်ခုက ကချင်ပြည်နယ်မြစ်ကြီးနားမြို့ စီတာပူမနော(MaNau ) ကွင်းသို့ ကချင်ပြည်နယ် အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားပြည်သူလူထုများက (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားဟု ရေးသားဖော်ပြထားသည့် မုခ်ဦးတစ်ခု၏အောက်ဝယ်တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းသွားလာနေကြသည်။

ဇန်နဝါရီ ၁၀ ရက်အား ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့သည်မှာ ယခုအခါ(၇၁)နှစ်မြောက်တိုင်တည်ခဲ့ပြီဖြစ်ကြောင်း ကချင်ပြည်နယ်၏သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့်ယနေ့ကျင်းပခဲ့သည့် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားက သက်သေထူလျက်ရှိသည်။

ကချင်လူမျိုးစု ခြောက်မျိုး၊ ရှမ်းလူမျိုးစု ငါးမျိုးနှင့် ဗမာလူမျိုးစုများသာမက အခြားတိုင်းရင်းသားလူမျိုးပေါင်းစုံတို့ ရှေးနှစ်ပေါင်းများစွာကပင် အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့ကြသော ကချင်ပြည်နယ်ကြီးတစ်ခုလည်းဖြစ်ပါကြောင်း ကချင်ပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ကချင်၊ ရှမ်း၊ ဗမာလူမျိုးစုများနှင့် တိုင်းရင်းသားလူမျိုး အသီးသီးတို့က ဖော်ပြလျက်ရှိသည်ကို မြင်တွေ့ခဲ့ရသည်။

ထိုနေ့ နံနက် ၉နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာ ယဉ်ကျေးမှုအသင်း ဗဟိုကော်မတီမှ ပူးပေါင်းပါဝင် ဆင်ယင်ကျင်းပသော "(၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနား" အား စတင်ကျင်းပခဲ့ကြသည်။

အဆိုပါ အခမ်းအနားကျင်းပရာတွင် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့သို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

အထူးကဏ္ဍ [ခ] သို့ »»

# စစ်တွေမြို့၌ ခမီတိုင်းရင်းသားစာပေ ဆရာဖြစ်သင်တန်းဆင်း

**စစ်တွေ ဇန်နဝါရီ ၁၁**

ခမီတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းက ကြီးမှူးဖွင့်လှစ်သည့် ဒုတိယအကြိမ် ခမီတိုင်းရင်းသားစာပေ ဆရာဖြစ်သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်ဝါရီ ၉ ရက်က စစ်တွေမြို့ရှိ ခေမာမဏ္ဍိုင်ကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲသို့ ခမီရဟန်းသံဃာတော်များ၊ ရခိုင်ပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးဦးဘသိန်း၊ ခမီတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အသီးသီးမှ ခမီတိုင်းရင်းသား တိုင်းရင်းသူ၊ ခမီစာပေ ဆရာဖြစ်သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ခမီစာပေဆရာဖြစ်သင်တန်းကို ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၇ ရက်အထိ ပို့ချခဲ့ကြကာ ဇန်နဝါရီ ၈ ရက်တွင် အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခဲ့ပြီး ထူးချွန်ဆုရရှိ ဆရာ/ဆရာမတို့အား သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်နယ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**







အထူးကဏ္ဍ [ က ] မှ »»
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့လာသော သဝဏ်လွှာကို ကချင်ပြည်နယ်အစိုးရအဖွဲ့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဖတ်ကြားခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က (၇၁) နှစ်မြောက် ကချင်ပြည်နယ်နေ့နှင့် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများအားလုံးအတွက် နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ်နှစ်ခြင်းခရစ်ယာန်အသင်းတော်များမှ သိက္ခာတော်ရဆရာတော်တစ်ပါးက ယနေ့ကျင်းပသော (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အတွက် ကောင်းချီးမင်္ဂလာ ဆုတောင်းပေးပြီး အခမ်းအနားပထမပိုင်းကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောအကစုပေါင်းကပွဲကို ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသည့် ကချင်ပြည်နယ်တိုင်းရင်းသားများနှင့်အတူ မနောအကကို တပျော်တပါး စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။

ကချင်ပြည်နယ်အတွင်းရှိ ကချင်တိုင်းရင်းသားလူမျိုးစုပေါင်းစုံ၊ ရှမ်းတိုင်းရင်းသားလူမျိုးစုပေါင်းစုံ၊ ဗမာတိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသားလူမျိုးများအားလုံး စုပေါင်းပါဝင် ဆင်နွှဲနိုင်ခဲ့ကြသော ကချင်ပြည်နယ်နေ့အခမ်းအနားနှင့် ကချင်ရိုးရာမနောကပွဲမှသည် "ယနေ့ကြွရောက်လာသည့် လူကြီးမင်းများနှင့် ညီအစ်ကို မောင်နှမများအားလုံးကို ကချင်ဘာသာအားဖြင့် (Dai ni na du sa ai Nu Wa hpu nau myit su ni yawng hpe)"ဟူသော ကချင်ရိုးရာမနောအကတေးသံသာဖြင့် ဖျော်ဖြေပြီး ကချင်ပြည်နယ်ရှိ ကချင်တိုင်းရင်းသားလူမျိုးများသာမက တစ်မြေတည်းနေတစ်ရေတည်းသောက် ပြည်ထောင်စုတိုင်းရင်းသားသွေးချင်းညီအစ်ကိုများ အားလုံးအတွက် စည်းလုံးခြင်းအင်အားအသွင်သဏ္ဌာန်ကို ဖော်ဆောင်စေသည့် ပွဲတစ်ခုဟု ဆိုနိုင်ပါပေသည်။

ထို့ကြောင့် ကချင်ပြည်နယ်၌ ဖူးပွင့်ဝေဆာလျက်ရှိသော ပန်းပေါင်းစုံလင်ကြသလို အရောင်အဆင်းမတူ တစ်မူကွဲပြားခြားနားကြသော်လည်း တစ်နယ်အတွင်း အလှကိုယ်စီဖြင့် ပွင့်လန်းလျက်ရှိကြကာ ကချင်ပြည်နယ်၏အလှအား အတူတကွ ထာဝရဖော်ဆောင် ပေးလျက်ရှိပါကြောင်း (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့သို့ စာရေးသူ အလည်တစ်ခေါက်ရောက်ရှိလေ့လာခဲ့ရာမှ တစေ့တစောင်းရေးသားဖော်ပြလိုက်ရပါသည်။ ॥

## ရောင်စုံပန်းပွင့်များ

✲ မြန်ပြည်မြောက်ဖျား တောင်တန်းပေါ်
"ကချင်"မျိုးတို့ ဇာတိခေါ်
လွိုင်ကော်မြို့မှာ သူတို့မွေး
"ကယား"ပြည်နယ် တိုင်းရင်းသွေး။
✲ "ကရင်"လူမျိုး ကျက်သရေဆောင်
ဖားစည်ဒုံးယိမ်း ဇွဲကပင်တောင်
ရိုးရာခေါင်ရည် လက်ဆောင်ပါး
ပြည်ထောင်စု "ချင်း"တိုင်းရင်းသား။
✲ မြန်ပြည်လယ်ပိုင်း ဒေသအစုံ
"ဗမာ"တွေလည်း နေကြတစ်ပုံ
ဟင်္သာရုပ်ပုံ သင်္ကေတ
"မွန်"တို့ဌာနီ ရိုးရာအက။
✲ အနောက်တံခါး "ရခိုင်"ပြေ(ပြည်)
ဦးဥတ္တမ မွေးရပ်မြေ
"ရှမ်း"ရိုးရာမွေ ဓားသိုင်းအက
ထင်ရှူးချယ်ရီ တောတန်းအစ။
✲ ပြည်ထောင်စုရဲ့ အဓိပ္ပာယ်
ပေါင်းစည်းခြင်းလို့ ဖွင့်ဆိုမယ်
(8)ခုမျိုးနွယ် မြန်ပြည်စခန်း
ရတနာမည်သော ရောင်စုံပန်း။

**သွန်းမိုးစက်(ပခုက္ကူ)**

## ပြည်ထောင်စု၏ ပန်းကလေးများ

✲ ကချင်သားလေး ခွန်ဂျားဝါ
စာသင်ပေးတဲ့ ကျောင်းဆရာ။
ကျင်လွမ်းမြာမှာ သူနာပြု
ကယားသူလေး အထူးကု။
✲ ပြုစုကောင်းတဲ့ စောနန်းသီ
ကရင်သွေးရဲ့ ကြက်ခြေနီ။
ချင်းပြည်နယ်က ကျင်ခေါင်မွှေး
ဆောက်လုပ်ရေးမှာ ထူးချွန်သေး။
✲ စစ်သားကလေး မောင်ထွန်းသာ
ဗမာ့သားကောင်း ပီသရှာ။
မွန်တို့မြေမှာ တာဝန်ထမ်း
မွန်စစ်သားလေး ဗညားကျမ်း။
✲ ရခိုင်ပန်းလေး မသုမေ
အဖြူ စိမ်းဝတ် စာသင်နေ။
ရှမ်းပျိုမေလေး စောခင်မြ
အင်ဂျင်နီယာ ကျွမ်းကျင်လှ။
✲ မြန်မာပြည်က ပန်းလေးတွေ
ဖူးတံဝင့်လို့ ချီကာနေ။
ပြည်ထောင်စုမြေ ပွင့်သည့်ပန်း
ဖိုးထိုက်မွှေးကြိုင်လန်း။

**ကန်ညီနောင်ရွှေပျိုင်း(ငွေလှဲ့ကန်)**



(၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ ကျင်းပရာ သမိုင်းမှတ်တိုင်ကို ဂျိန်ဖော့၊ လီဆူ၊ ရဝမ်၊ လာချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါး၊ နာဂတို့အပြင် တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံတို့က မနောအကကို စုပေါင်းပါဝင်ဆင်နွှဲနေကြသည်ကို တွေ့ရစဉ်။

ဂျိန်း(မနောမြေ)

## ညီနောင်သွေးရင်းတို့သွေးချင်း

✲ လမ်းသာမလှမ်း
ခရောင်းလမ်းရွေး၊ မိုက်စိတ်မွေးသော်
ရင်လေးဖွယ်ရာ မကြုံစေချင်။
✲ ပြေပြေပြစ်ပြစ်
ချစ်ခင်စကား၊ နှုတ်ချိုပျားဖြင့်
မခြားကြည်ဖြူ၊ ကိုယ်စိတ်တူစွာ
ပေးယူမျှတ၊ ဆန္ဒတူညီ
ခွင့်တူညီလျက်၊ ပြည်ထောင်စုဖွား
ညီနောင်သားတို့၊ နွားကွဲကျားကိုက်
သူရန်တိုက်လည်း၊ မိုက်စိတ်သိမ်း၍
ချင့်မြော်ထိန်းကာ
ငြိမ်းချမ်းပန်းတွေ လျှမ်းလျှမ်းဝေပါစေ။

**အောင်လံမြေ-နေညီညို**

## ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို **mirrormyosathit@gmail.com** သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]



»» အထူးကဏ္ဍ [ ယ ] မှ

မူလရုပ်တုစံကျောင်းဓမ္မာရုံသို့ ရောက်ရှိလာခဲ့ရာ အများပြည်သူတို့က ပင့်ရုပ်တုတော်အား ကြိုဆိုဖူးမြော်ကန်တော့ ကုသိုလ်သဒ္ဓါပွားများနိုင်ရန် ရွှေမိုးတောင်စေတီကုန်း၌ အဆိုပါကြေးရုပ်တုအား စံကျောင်းတော်တည်ထားရှိမည့်နေရာသို့ ကားဖြင့် ပင့်ဆောင်တော်မူခဲ့ကြသည်။

**တရားတော်နာယူ**

ယင်းနောက် လိုက်ပါပို့ဆောင်ခဲ့ကြသော ဆရာတော်များ၊ စေတနာရှင် အလှူရှင်မိသားစုဝင်များနှင့် ဓမ္မမိတ်ဆွေများက ကြိုဆိုခဲ့ကြသည်။ ကချင်ပြည်နယ် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ဇနီး၊ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံရှမ်းတိုင်းရင်းသားများနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့က ရွှေမိုးတောင်စေတီဓမ္မာရုံ၌ မြတ်စွာဘုရားအမှူးပြုသော သံဃာတော်ကြီးများထံမှ ငါးပါးသီလခံယူကာ တရားတော်နာယူခဲ့ကြသည်။

ယနေ့လှူဒါန်းပင့်ဆောင်လာခဲ့ကြသော နိုင်ငံတော်သြဝါဒါစရိယ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဦးစီးပဓာနနာယက ကချင်ပြည်နယ် အဓိပတိဆရာတော် ဘဒ္ဒန္တသီလဝံသ၏ အထိမ်းအမှတ် ကြေးရုပ်တုတော်အား ယခုကဲ့သို့ လှူဒါန်းပူဇော်ပင့်ဆောင်လာခဲ့ခြင်းမှာ ကချင်ပြည်နယ်၌သာမက နိုင်ငံတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားတိုးတက်လာစေရေးနှင့် အများပြည်သူလူမျိုးမရွေး ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ကြည်ညိုပူဇော်ကန်တော့နိုင်ကြစေရန် ရည်ရွယ်၍ လှူဒါန်းပင့်ဆောင် လာခဲ့ကြခြင်းဖြစ်ကြောင်းနှင့် ပင့်ဆောင်ပူဇော်ပွဲသို့ သွားရောက်ကွင်းဆင်းလေ့လာ ရိုက်ကူးခွင့်ရရှိခဲ့သည်မှ တစေ့တစောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# စက်တောကုန်းရိုးကြီးကျေးရွာတွင် ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိ

**ဗန်းမောက် ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နှင့် သုံးမိုင်အကွာ ကတူးတိုင်းရင်းသားများနေထိုင်သော စက်တောကုန်းရိုးကြီးကျေးရွာ၌ ရှေးဘုရင်များလက်ထက်က ရှေးဟောင်းပစ္စည်းများကို ပြသထားကြောင်း သိရသည်။

၁၂၃၆ ခုနှစ် မင်းတုန်းမင်းကြီး လှူဒါန်းပူဇော်ခဲ့သော မြသိန်းတန်စေတီအပြင် ရှေးဟောင်းဆင်းတုတော်များ၊ မင်းတုန်းမင်းကြီး၏ စကြာဒေဝီမိဖုရားခေါင်လှူဒါန်းထားသော ကျောက်စီမာလိကာတန်ဆာနှင့် အဆောင်အယောင်ပစ္စည်းများ၊ ထီးဖြူတော်နှစ်လက်၊ ထီးအရိုးတစ်လက်၊ ဆင်စွယ်ဗီရိုနှစ်လုံး၊ တစ်ကြောင်းစာချွန်တော်များ၊ ရွှေရေးစာတိုက်သေတ္တာ၊ ပုရပိုက်ထည့်သော သေတ္တာ၊ သံဃာတော်များအတွက် အကာအရံပစ္စည်း၊ရွှေဟင်္သာရုပ်တု နှစ်ခု၊ မင်းတုန်းမင်းကြီးလှူဒါန်းသည့် ကြေွကွမ်းထွေးခံ နှစ်လုံးနှင့် အခြားပစ္စည်းများကို ပြသထားလျက်ရှိသည်ကို တွေ့မြင်ရသည်။






"၁၂၁၁ ခုနှစ် ဇလုံတောင်တော်ရဲ့ ပထမသာသနာပြုပုဂ္ဂိုလ် ဦးသောဘိတ (လူအမည် ဦးသာအေး) လှူဒါန်းထားတဲ့ ငှက်မြတ်နားတော် နှစ်ဆူ၊ ထီးတော် တစ်ဆူလည်းပါဝင်ပြသသွားမှာ ဖြစ်ပါတယ်။ ဗန်းမောက်မြို့ စက်တောကုန်းရိုးကြီးကျေးရွာမှာ အစဉ်အဆက်က ရွှေမှူးများ ခန့်အပ်ခဲ့တဲ့ အတိတ်ကာလ ရှင်ဘုရင်အဆက်ဆက်မှာလည်း ဗုဒ္ဓဘာသာ သာသနာတော်ပြန့်ပွားရေးအတွက် သက်ဆိုင်ရာ သံဃာ့ဂိုဏ်းချုပ်ဆရာတော်များအား ဆက်သခဲ့သည့် တစ်ကြောင်း စာချွန်တော်များ၊ ပေစာပုရပိုက်များနှင့် အခြားပစ္စည်းများကို လှူဒါန်းခဲ့ခြင်းဖြစ်မယ်လို့ ယူဆရပါတယ်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၀ရက်က စက်တောကုန်းရိုးကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းမှာ ပြသထားခဲ့ပါတယ်"ဟု ဒေသခံ ဦးမောင်သောင်းက ပြောပြသည်။

စက်တောကုန်းရိုးကြီးကျေးရွာ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ရှေးဆရာတော်ကြီးများဖြစ်ကြသည့် ဦးဂန္ဓမာ၊ ဒုတိယဆရာတော် ဦးဂန္ဓမာတို့ သီတင်းသုံးတော်မူခဲ့ကြပြီး ယခုကျောင်းတိုက် အနောက်ဘက် နှစ်ဖာလုံအကွာအတွင်း၌ ဆရာတော်ကြီးနှစ်ပါး၏ အရိုးစေတီတော်များ တည်ထားကိုးကွယ်ထားကြောင်း သိရသည်။

ယခုအခါတွင် အဆိုပါကျောင်းတွင် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍာဝံသ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)ကဦးဆောင်၍ သံဃာတော်များ သီတင်းသုံးလျက်ရှိပြီး ဘာသာ သာသနာ ထွန်းကားလာစေရန်အတွက် ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျောင်းဝင်းအတွင်း အကျယ်ပေ ၃၀၊ အလျားပေ ၃၀ ရှိသော ပြတိုက်တစ်ဆောင်တည်ဆောက်နိုင်ရန် ရပ်နီးရပ်ဝေးရှိ စေတနာရှင်၊ အလှူရှင်များအနေဖြင့် လာရောက်ကြည့်ရှုလေ့လာပြီး ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း၊ ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ယင်းကျောင်းတော်သို့ လာရောက်လှူဒါန်းနိုင်ပြီး ဦးမောင်သောင်း(ကျောင်းအကျိုး တော်ဆောင်) ဖုန်း ၀၉-၈၉၉၆၉၉၂၉၊ ဦးအောင်ဝင်းတင်(ကျေးရွာ အုပ်စု ဥက္ကဋ္ဌ) ဖုန်း ၀၉-၄၅၈၉၃၆၂၇၁၊ ဦးညွန့်မောင်(ဂေါပကဥက္ကဋ္ဌ) ဖုန်း ၀၉-၄၄၂၁၆၀၂၀၂၊ ဦးစိန်ဝင်း(ဂေါပက ဒု-ဥက္ကဋ္ဌ)ဖုန်း ၀၉-၄၂၀၉၉၇၁၃၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကျော်စွာ**



# မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်

## ဦးစီးပဓာနနာယကဆရာတော်ကြီး၏ ကြေးရုပ်တုလှူဒါန်းပင့်ဆောင်ပူဇော်ပွဲကျင်းပ

စိုင်းဇော်လတ်(လင်းခေး)




မိုးကောင်းကင်တစ်ခွင်နှင့် ပတ်ဝန်းကျင်တွင် တိမ်မြူကင်းစင်လျက်ရှိနေသော်ငြား စိမ်းလန်းသောကျွန်းတောသစ်ပင်တောတောင် သဘာဝများနှင့်အတူ ကချင်ပြည်နယ်၏သဘာဝရာသီဥတုက အေးစိမ့်စိမ့်ခံစားရရှိနေပေသည်။ ကချင်ပြည်နယ်ရှိ တိုင်းလိုင်၊ တိုင်းလေ၊ မိုင်းသာ(တိုင်းဆာ)၊ တိုင်းခမ်းသီ လူမျိုးစုနှင့် တိုင်းလုံ ရှမ်းတိုင်းရင်းသားလူမျိုးစုတို့၏ ရှမ်းရိုးရာဝတ်စုံ၊ လွယ်အိတ်၊ ခေါင်းပေါင်း ရောင်စုံဝတ်ဆင်ထားရှိမှုက ဆေးရောင်စုံခြယ်ပန်းချီကားတစ်ချပ်သို့နှယ်။

ရှမ်းအိုးစည် ဗုံရှည်၊ ဗုံတို၊ ပတ်မကြီးတီးသံ၊ လင်းကွင်း၊ မောင်းသံတစ်ညံညံဖြင့် တီးမှုတသီဆိုကနေကြဟန်တို့သည် ၎င်းတို့ ရိုးရာယဉ်ကျေးမှုဆိုင်ရာပွဲတစ်ပွဲအား ကျင်းပလျက်ရှိနေသည်မှာ အသေအချာပင်ဖြစ်ပေလိမ့်မည်။

ထိုမြင်ကွင်းကား အဂ္ဂမဟာပဏ္ဍိတ၊ အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက နိုင်ငံတော်သြဝါဒါစရိယ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၏ ဦးစီးပဓာနနာယက ကချင်ပြည်နယ်အဓိပတိကျေးဇူးရှင် ဆရာတော် ဘဒ္ဒန္တသီလဝံသ မထေရ်မြတ်၏ ကြေးဆင်းတုတော် ပင့်ဆောင်ပူဇော်လာခြင်းအတွက် ကြိုဆိုပွဲကို ဇန်နဝါရီ ၆ရက် မွန်းလွဲ ၁ နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့အဝင်မုခ်ဦးရှေ့၌ လှိုက်လှဲစွာ စုပေါင်းကြိုဆိုခဲ့ကြသည်။

အဆိုပါ ဆရာတော်မထေရ်မြတ် ဘဒ္ဒန္တသီလဝံသ၏ ကြေးရုပ်တုတော်ကို မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ ဆရာတော်ကြီးများအမှူးပြုသော သံဃာတော်၊ ဒါယကာများ ဦးဆောင်ဦးရွက်ပြု၍ ဇန်နဝါရီအလှူရှင် မိသားစုဝင်များနှင့် ရှမ်းတိုင်းရင်းသားလူမျိုးစု ဓမ္မမိတ်ဆွေများ လိုက်ပါကာ မော်တော်ယာဉ်များဖြင့် စုပေါင်းပင့်ဆောင်လာခဲ့ကြရာ ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ကြိုဆိုပင့်ဆောင်ခဲ့ကြရာတွင် ကချင်ပြည်နယ် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းနှင့်ဇနီး၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ရှမ်းတိုင်းရင်းသားလူမျိုးစု ငါးမျိုးမှ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြစ်ကြီးနား၊ စီတာပူ၊ မန်ခရိန်၊ ပမ္မတီး၊ ဝိုင်းမော်၊ ခတ်ချို ရပ်ကွက်၊ ကျေးရွာများမှ ရပ်မိ ရပ်ဖများ၊ ကချင်ပြည်နယ် ရှမ်းလူမျိုးစု အသီးသီးအလိုက် ၎င်းတို့လူမျိုးစုရိုးရာယဉ်ကျေးမှုဝတ်စုံ၊ အိုးစည်ဗုံမောင်းများတီးမှုတ်ကာ မြစ်ကြီးနားမြို့အဝင်မုခ်ဦးတွင် သွားရောက်စုပေါင်းကြိုဆိုခဲ့ကြသည်။

အဆိုပါမုခ်ဦးမှတစ်ဆင့် ဆရာတော်၏ကြေးရုပ်တုတော်အား မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကူးတံတား (ဗလမင်းထင်တံတား)အနီးရှိ ရွှေမိုးတောင်စေတီတော်ကုန်းကျောင်းတိုက်သို့ ပမ္မတီး-တပ်ကုန်း-မြစ်ကြီးနားသွားမော်တော်ကားလမ်းအတိုင်း ဆက်လက်ပင့်ဆောင်လာခဲ့ကြသည်။ ထို့နောက် ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၃ နာရီခွဲခန့်တွင် ဝန်းသိုကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး၏

အထူးကဏ္ဍ [၇] သို့ »»

## ရခိုင်ရိုးရာ အစားအစာ မုန့်တီ





လူအများစု နေ့စဉ်စားသုံးကြတဲ့ အစားအစာတွေထဲမှာ မုန့်တီလည်း တစ်ခုအပါအဝင်ဖြစ်တယ်။ ရခိုင်မုန့်တီဆိုင်ကို မြန်မာနိုင်ငံရဲ့ နေရာအနှံ့မှာတွေ့ရပြီး ရခိုင်ပြည်နယ်မှာ ရခိုင်ရိုးရာအစားအစာအဖြစ်စားသုံးနေကြပါတယ်။ မုန့်တီတစ်ခွက်ကောင်းကောင်းသောက်ရဖို့ မုန့်တီဖတ်ဟာ အရေးကြီးပြီး စက်လုပ်မုန့်တီ၊ လက်လုပ်မုန့်တီဖတ်ဆိုပြီး နှစ်မျိုးရှိတယ်။

စားသုံးနေသူများအနေနဲ့ ရခိုင်မုန့်တီဟင်းရည်ချိုတစ်ခွက် ကောင်းကောင်းသောက်ရဖို့ ငါးပိကောင်းဖို့နဲ့ ငါးကောင်းကောင်းရဖို့လည်း အဓိက လိုအပ်ပါတယ်။ ဟင်းချိုချက်ရာမှာ ငါးရွှေငါးအမျိုးအစားအပြင် ငါးလိပ်ကျောက်၊ ပုစွန်တို့ကိုလည်း အသုံးပြုနိုင်ပါသေးတယ်။ ရခိုင်ကျေးလက်ဒေသတွေမှာ ရေသေရက် ငါးရှာမရတဲ့အခါ ကြက်သားဖြင့်ချက်ကြသလို အများအားဖြင့်တော့ ရခိုင်မုန့်တီဟင်းရည်အတွက် ငါးရွှေငါးနဲ့သာ ချက်တတ်ကြပါတယ်။

ရခိုင်မုန့်တီချက်ရန် လိုအပ်သောပစ္စည်းများ

၁။ ငါးရွှေ (သို့မဟုတ်) ငါးလိပ်ကျောက်၊ ပုစွန်
၂။ ငါးပိ
၃။ ငရုတ်သီးစိမ်း
၄။ ကြက်သွန်ဖြူ/ ကြက်သွန်နီ
၅။ ငရုပ်ကောင်းစေ့အမည်း
၆။ မန်ကျည်းသီး
၇။ နံနံပင်
၈။ ဆား တို့ လိုအပ်ပါတယ်။

မုန့်တီချက်ရာမှာ မီးဖိုနှစ်ခု တစ်ပြိုင်တည်းရှိနေပါက ပိုကောင်းသည်။ မုန့်တီချက်မည့် ငါးကိုဆေးကြောသန့်စင်ပြီး နူးအောင်ပြုတ်ပေးရပါမယ်။ နောက်မီးဖိုတစ်ခုမှာ ငါးပိကို ဆူပွက်အောင်ကြိုပြီး အနည်ထိုင်သည်အထိ အအေးခံထားရပါမယ်။ ငါးပြုတ်ပြီးလျှင် ငါးအသားကို ဆယ်ပြီးအအေးခံကာ အရိုးနွှင်ထားပြီး ငါးပြုတ်ရည်ကို ဟင်းချိုချက်တဲ့အခါ ထည့်ဖို့အလို့ငှာ မလွှင့်ပစ်မိဖို့ သတိပြုကြစေလိုပါတယ်။ ငါးပိကြိုထားတဲ့အိုးမှ အရည်ကြည်ကိုသာထည့်ပြီး ငါးပိအနှစ်ရည်ကို မထည့်သင့်ပါ။ ပြီးလျှင် ငရုတ်သီးစိမ်းကို ပြုတ်ရပါမယ်။ ငရုတ်သီးကို ပြုတ်ခြင်းသည် ဗိုက်မနာအောင်ကာကွယ်ပေးတတ်လို့ပါ။

မုန့်တီဟင်းရည်ကြိုမယ့် အိုးထဲမှာ ငါးပိရည်ကြည်၊ ငါးပြုတ်ထားသည့်အရည်၊ ငါးအသားနွှင်ထားတာတွေနဲ့ ရေအနည်းငယ်ကိုပေါင်းထည့်ကာ ရေဆူပွက်လာသည်အထိ ကြိုပေးရမှာဖြစ်သလို ပြုတ်ထားတဲ့ ငရုတ်သီးကိုထောင်းပြီး အာပူချက်အဖြစ် ငရုတ်သီးအနှစ်ကို အသုံးပြုကြခြင်းဖြစ်ပါတယ်။

ဟင်းရည်အိုးဆူချိန်ကို ကြာကြာထားပေးရပါမယ်။ ဆူပွက်ပြီးအနည်းငယ်ကြာချိန် ကြက်သွန်ဖြူနဲ့ ငရုတ်ကောင်းစေ့အမည်း ရောထောင်းထားတာကို ဟင်းရည်အိုးထဲမှာ ထည့်ပေးရပါတယ်။

ဆားနဲ့ ဟင်းချိုအရသာမှုန့်ကို လိုသလောက်ထည့်ကာ မုန့်ဖတ်ထည့်ပြီးလျှင် ရခိုင်မုန့်တီဟင်းရည်ချိုတစ်ခွက် စားသုံး၍ရနိုင်ပြီဖြစ်ကြောင်းပါဗျာ။ ဟင်းချိုမှုန့်ကို မထည့်လျှင်လည်းရပါတယ်။

ရခိုင်မုန့်တီ အသုပ်နဲ့အရည် နှစ်မျိုးစလုံး စားသောက်နိုင်ဖို့ ကြက်သွန်နီကို ပါးပါးလှီးပြီး အချိန်အနည်းငယ် နေပူလှန်းထားဖို့ လိုအပ်ပါတယ်။ နေပူလှန်းထားတဲ့ကြက်သွန်နီကို နနွင်းဖြင့် ဆီချက်သတ်ထားရသလို မန်ကျည်းသီးအနှစ်ကိုဖျော်ထားဖို့ လိုအပ်ပါတယ်။ သံပရာသီးကြိုက်သူများအတွက် သံပရာသီး စိတ်ထားရပါမယ်။ တချို့ ငရုတ်သီးအကျက်မှုန့်နဲ့လည်း ရောသုပ်စားတတ်ကြတယ်။ နံနံပင်ကြိုက်သူများအတွက် နံနံပင်ထည့်လျှင် အနံ့အရသာပိုကောင်းသလို ကိုယ်ကြိုက်ရာ ပဲကြော်၊ ငါးဆုပ်ကြော်၊ ဝက်ဆီဖတ်တစ်မျိုးမျိုးနဲ့ အထက်ကလုပ်နည်းများအတိုင်း လုပ်ထားပြီးပြီဆိုလျှင် ရခိုင်မုန့်တီအရည်၊ အသုပ်နှစ်မျိုးစလုံးကို စားသုံး၍ရနိုင်ပါပြီ။ **အောင်ကြည်မိုး(စစ်တွေ)**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးနန္ဒသည် ၄-၁-၂၀၁၉ ရက်နေ့တွင် နိုင်ငံတော်အစိုးရမှချီးမြှင့်သော **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့ကို ထိုက်ထိုက်တန်တန် ထပ်ဆင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါသည်။ နောင်နှစ်ပေါင်းများစွာတိုင် တိုင်းကျိုး၊ ပြည်ကျိုး၊ ဟိန္ဒူဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်
အလုပ်အမှုဆောင်အဖွဲ့ဝင်များ

## သံဃာတော်များအား ဆွမ်းကပ်ခြင်းနှင့် သက်ကြီးဝန်ထမ်းများအား ဂါရဝပြုပွဲ

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ထမ်းဟောင်းများမှ သံဃာတော်ဆွမ်းကပ်ခြင်းနှင့် သက်ကြီးဝန်ထမ်းဟောင်းများအား တတိယအကြိမ် ဂါရဝပြုပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ ဝန်ထမ်းဟောင်းများမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့စွဲ – ၂၆-၁-၂၀၁၉ (စနေနေ့)
အချိန် – ၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ
နေရာ – ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဓမ္မာရုံ၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(ဖိတ်စာသီးခြားမပို့ပါ။)

## တရုတ် ENGLISH Conversation Practice

စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။ Sayar.Yang

ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

## ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) (၆၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး (၂၀၁၈)နှင့် ဂုဏ်ပြုဆုများချီးမြှင့်ပွဲ ကျင်းပမည်

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)၏ (၆၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး (၂၀၁၈) နှင့် ပါမောက္ခဆရာကြီး ဦးဝီလျံပေါ် အမှတ်တရဆုအပါအဝင် အခြားဂုဏ်ပြုဆုများချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်၊ (စနေနေ့)၊ နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ Chatrium Hotel (Grand Ballroom) ၌ ကျင်းပမည် ဖြစ်ပါ၍ အသင်းသူ/အသင်းသားများနှင့် B.Com, B.Act,BBA ဘွဲ့ရများ၊ ညီနောင်အသင်းသူ/အသင်းသားများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဦးမိုးကျော် (အတွင်းရေးမှူး) ဖုန်း ၀၉-၅၁၅၄၅၇၄၊ ဦးမြင့်စိုး (တွဲဖက်အတွင်းရေးမှူး) ဖုန်း ၀၉-၅၀၁၈၆၉၈၊ ဦးကျော်အောင် (ပြန်ကြားရေးမှူး) ဖုန်း ၀၉-၅၀၂၆၄၅၀၊ ၀၉-၉၆၅၀၂၆၄၅၀၊ ဦးကျော်ထွန်းအောင် (တွဲဖက်ပြန်ကြားရေးမှူး) ဖုန်း ၀၉-၅၀၈၁၃၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)**

## ဆရာ ဦးရည်ဆန်းမွန်

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွက်
M.A (English), Dip ELTM
၉ တန်း၊ ၁၀ တန်း HOME TABLE ENGLISH
အင်္ဂလိပ်စာ အိမ်ဝိုင်းသီးသန့်
လက်ခံပြီ
09-420143796, 09-5084486, 09-450100373

# အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် **ပဏ္ဍိကျော်ထင် ဒေါက်တာကျော်ဝင်း** ဥက္ကဋ္ဌ (ရွှေသံလွင်လုပ်ငန်းစုကုမ္ပဏီလီမိတက်) ၊ မြန်မာနိုင်ငံလိုင်စင်ရကုန်ထရိုက်တာများအသင်းချုပ် (MLCA) ၊ မြန်မာလိုင်စင်ရကုန်ထရိုက်တာများအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် (MLCP) အား **အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့** နှင့် ဥက္ကဋ္ဌ ဦးကျော်ဝင်း၏ စံပြမိခင်ကြီးဖြစ်သူ**ဒေါ်သန်းစိန်(ခ) ဒေါ်နီ**(ရွှေသံလွင်လုပ်ငန်းစုကုမ္ပဏီလီမိတက်) နာယကကြီးအား**မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့** တို့ကို နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ၊ နောင်လာမည့် အနာဂတ်တွင်လည်းကိုယ်စိတ်နှစ်ဖြာသက်ရှည်ကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံနှင့်လူမျိုးအကျိုး၊ ဘာသာသာသနာအကျိုးတို့ကိုဆတက်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်းစိတ်ရောကိုယ်ပါ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁။ Khin Maung Tun & Brothers Co.,Ltd
၂။ Yangon Standard Construction Co.,Ltd
၃။ Five Star Group Electrical Co., Ltd
၄။ Home Master Group Co.,Ltd
၅။ New Star Electrical Co.,Ltd
၆။ MLCA အသင်းချုပ် - ဗဟိုအမှုဆောင်ကော်မတီဝင်

ဦးခင်မောင်ထွန်း- ဥက္ကဋ္ဌ
ဦးကျော်မြင့် - မန်နေးဂျင်းဒါရိုက်တာ

# အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် **ပဏ္ဍိကျော်ထင် ဒေါက်တာကျော်ဝင်း** ဥက္ကဋ္ဌ (ရွှေသံလွင်လုပ်ငန်းစုကုမ္ပဏီလီမိတက်) ၊ မြန်မာနိုင်ငံလိုင်စင်ရကုန်ထရိုက်တာများအသင်းချုပ် (MLCA) ၊ မြန်မာလိုင်စင်ရကုန်ထရိုက်တာများအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် (MLCP) အား **အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့** နှင့် ဥက္ကဋ္ဌ ဦးကျော်ဝင်း၏ စံပြမိခင်ကြီးဖြစ်သူ**ဒေါ်သန်းစိန်(ခ) ဒေါ်နီ**(ရွှေသံလွင်လုပ်ငန်းစုကုမ္ပဏီလီမိတက်) နာယကကြီးအား**မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့** တို့ကို နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ၊ နောင်လာမည့် အနာဂတ်တွင်လည်းကိုယ်စိတ်နှစ်ဖြာသက်ရှည်ကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံနှင့်လူမျိုးအကျိုး၊ ဘာသာသာသနာအကျိုးတို့ကိုဆတက်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း စိတ်ရောကိုယ်ပါ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁။ Ko Ko Aung - Chairman -World King Group International Public Co.,Ltd (The Republic of the Union of Myanmar)
၂။ ဦးကိုကိုအောင် - ဥက္ကဋ္ဌ ၊ ကမ္ဘာ့ဘုရင်အပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းစုကုမ္ပဏီလီမိတက်
၃။ ဦးကိုကိုအောင် - အတွင်းရေးမှူး ၊ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ မြန်မာနိုင်ငံလိုင်စင်ရကုန်ထရိုက်တာများအသင်းချုပ် (M.L.C.A)
၄။ ဦးကိုကိုအောင် - အမှုဆောင်ဒါရိုက်တာ ၊ မြန်မာလိုင်စင်ရကုန်ထရိုက်တာများအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် (M.L.C.P – TMC)

# လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အချိန်အခါသမယတွင် နိုင်ငံတော်သမ္မတမှ ထိုက်ထိုက်တန်တန်ပေးအပ်ချီးမြှင့်ပါသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များမှ **“သုဓမ္မသိင်္ဂီဘွဲ့”** တံဆိပ်အား ပေးအပ်ချီးမြှင့်ခြင်းခံရသည့် ချစ်ဇနီး **ဒေါ်ဆွေလပြည့်စုံး** (Director Su Su San Co.,Ltdနှင့် စုစုစံအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး-စော်ဘွားကြီးကုန်း)အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေသည့် သာသနာပြုပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ဘဝနှင့် ဆတက်ထမ်းပိုးလှူဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးဂုဏ်ယူဝမ်းမြောက်စွာဖြင့်ဂုဏ်ပြုအပ်ပါသည်။

**ချစ်ခင်ပွန်း ဦးကျော်ဇေယျာဝင်း (Managing Director)**
**(Su Su San Co.,Ltd နှင့် စုစုစံအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး-စော်ဘွားကြီးကုန်း)**
**ချစ်သမီးကြီး မနှင်းအဥ္စလီ**
**ချစ်သမီးငယ် မမြတ်သဒ္ဒါမောင်**
**(Su Su San Co.,Ltd. ဝန်ထမ်းများ)**

# လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဒေါက်တာဘဒ္ဒန္တကုဏ္ဍဓဇလအား ဦးထိပ်ထားလျက် **“မေတ္တာပြည့်ဝသာသနာပြုအဖွဲ့.”**မှ အောက်ဖော်ပြပါ အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သာသနာအကျိုးအတွက် ဆတက်တိုး၍သယ်ပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်ဝမ်းမြောက်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၁။ **“မဟာသဒ္ဓမ္မဇောတိကဓဇ”** ဒေါက်တာလှဝင်းအောင်
(ဘစိုးဥ ကျောက်မျက်ရတနာရောင်းဝယ်ရေး)

၂။ **“အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ”** ဦးတင်စိန်(ခ)ဦးနီနီ
(အောင်သစ်လွင် ကုန်စည်ပို့ဆောင်ရေး)

၃။ **“သီရိသုဓမ္မမဏိဇောတဓရ”** ဦးသိန်းဟန်
(Tokyo Pipe & Excel Treasure Tower)

၄။ **“သီရိသုဓမ္မမဏိဇောတဓရ”** ဦးမျိုးဆက်
(စိမ်းလန်းမြေ)

၅။ **“သီရိသုဓမ္မသိင်္ဂီ”** ဒေါ်သက်သက်နိုင်
(Asia Express Co.,Ltd)

၆။ **“သီဟသုဓမ္မမဏိဇောတဓရ”** ဦးအောင်သန်းစိန်
(အိသစ္စာ အထွေထွေအကျိုးဆောင်ကုမ္ပဏီ)

၇။ **“သီဟသုဓမ္မမဏိဇောတဓရ”** ဦးလှမြင့်
(တော်ဝင်ထွန်း ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း)

**“မေတ္တာပြည့်ဝသာသနာပြုအဖွဲ့.”**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ **ဦးနန္ဒအား** (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယတွင် **“အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ”** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ရှေ့အနာဂတ်တွင်လည်း ဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာသက်ရှည်၊ ကျန်းမာချမ်းသာစွာဖြင့်ချစ်သောမိသားစုနှင့်အတူ နိုင်ငံနှင့်လူမျိုးဘာသာ၊ သာသနာအကျိုး၊ အမျိုးမျိုးတို့ကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဆစ်(ခ်)သာသနာရေးကောင်စီနှင့်**
**ဆစ်(ခ်) မိသားစုများ**

# ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ရန်ကုန်၏ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀-၂-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၁၉-၂-၂၀၁၉ရက်(အင်္ဂါနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါသင်တန်းများ၏ ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဤတက္ကသိုလ်တွင်လျှောက်ထားရမည်။

၁။ ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)သင်တန်း(၁/၂၀၁၆)ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများ။
၂။ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့သင်တန်း(၁/၂၀၁၈)ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။
၃။ ဆေးပညာမဟာသိပ္ပံ(ဆေးရုံအုပ်ချုပ်မှုနှင့်ကျန်းမာရေးစီမံခန့်ခွဲမှုပညာ) သင်တန်း(၁/၂၀၁၈)ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများ။
၄။ ဆေးပညာသင်ကြားရေးဒီပလိုမာသင်တန်း(၃/၂၀၁၈)ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများ။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး(၁၅၀၀/-)ကျပ်နှင့်အဝေးရောက်ဘွဲ့ယူလိုသူများသည် အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး(၁၀၀၀)ကျပ်ကိုပေးသွင်းရမည်။ သတ်မှတ်ထားသောလျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် လွန်ခဲ့သည့်သုံးလအတွင်း ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ်ရောင်စုံဓာတ်ပုံ(၅)ပုံနှင့်အတူ ၄-၂-၂၀၁၉ရက်နောက်ဆုံးထား၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မော်ကွန်းထိန်းထံ လျှောက်ထားနိုင်သည်။ ဘွဲ့တက်ရောက်ယူ မည့်သူများသည် အစမ်းလေ့ကျင့်ခြင်းကို မပျက်မကွက်တက်ရောက်ရမည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မော်ကွန်းထိန်းရုံးခန်း၊ (ဖုန်း-၀၁-၃၉၅၃၆၇) စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာနစု (ဖုန်း-၀၁-၃၉၅၂၁၃၊ ၃၉၅၂၁၄၊ လိုင်းခွဲ-၁၅)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **အမိန့်အရ-**

**လှလှရီ**
**မော်ကွန်းထိန်း**
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်။**

# ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာအဆင့်မြင့်ဈေးအနီး၊ သီရိကျော်စွာလမ်း၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက်တွင် ဦးအောင်မိုးဇော်[၉/ညဥန(နိုင်)၀၀၅၅၃၅]သည် ၎င်းအမည်ပေါက်ပိုင်ဆိုင်သည့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ အမှတ်(၃)ရပ်ကွက်၊ မြေကွက်အမှတ်(၈၀)၏ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများအား အာမခံအဖြစ်တင်သွင်း၍ ငွေချေးယူခဲ့ပါသည်။

ဦးအောင်မိုးဇော်သည် ၂၃-၇-၂၀၁၈ရက်တွင် ကွယ်လွန်သဖြင့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ အမှတ်(၃)ရပ်ကွက်၊ မြေကွက်အမှတ်(၈၀)နေ (ဘ)ဦးကျော်လှိုင်၏သမီး ဒေါ်ချိုမာလွင်[၉/ညဥန(နိုင်)၀၀၁၈၁၀]မှ ချေးငွေအရင်းအတိုးများကို ၂၇-၁၂-၂၀၁၈ရက်တွင် ပြေကျေစွာပေးဆပ်ပြီး ဦးအောင်မိုးဇော်၏ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသူ ဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်နှင့် ဦးအောင်မိုးဇော်သေဆုံးကွယ်လွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ သင်္ချိုင်းသင်္ဂြိုဟ်ခွင့်လက်မှတ်တို့ကို တင်ပြပြီး ဦးအောင်မိုးဇော် ဘဏ်မှငွေချေးစဉ်က ဘဏ်သို့အပ်နှံထားသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများ ပြန်လည်ထုတ်ယူရန်လျှောက်ထားလာရာ ကန့်ကွက်လိုသူသည် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်တို့၏ ဘဏ်သို့ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဟန်(စဉ်-၃၅၀၈/၈၅) တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၄/၈၅၊ စိုက်ပျိုးသိပ္ပံကျောင်းလမ်း၊ မစိုးရိမ်အရှေ့ရပ်ကွက်၊**
**ပျဉ်းမနားမြို့။ ဖုန်း-၀၉-၂၁၇၃၆၄၉၊ ၀၉-၄၂၈၃၀၀၆၃၆**

ရတနာ သစ်တော ပြည့်သွေးကြော သစ်တော ရတနာ ထိန်းသိမ်းပါ

